
www.burmeseclassic.com

သိမ့်ထိုက်စာပေ

# တင်မြင့်ဦး

## ချစ်သေတ္တာကြီးချာချာလည်

BURMESE CLASSIC .com



Cover : Mg Kyaw Oo

www.burmeseclassic.com

www.burmeseclassic.com

# ချစ်သေတ္တာကြီးချာချာလည်

တင်မြင့်ဦး

www.burmeseclassic.com

www.burmeseclassic.com

# ချစ်သေတ္တာကြီးချာချာလည်

## တင်မြင့်ဦး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၅၆၄၀၄၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၉၉၀၉၀၈

ထုတ်ဝေသူ
ဦးသစ်လွင် (ကံ့ကော်မြိုင်စာပေ)
အမှတ် (၁၁၃)၊ ရွှေပြည်သာလမ်း။
(၆) ရပ်ကွက်၊ သာကေတ။

အတွင်းပုံနှိပ်သူ
ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၂၂၅)၊ (၃၂) လမ်း၊ ပန်းဘဲတန်း။

အဖုံးပုံနှိပ်သူ
ဦးတိုးဝင်း (နေလရောင်ပုံနှိပ်တိုက်)
အမှတ် (၉၆/ခ)၊ (၁၁) လမ်း၊ လမ်းမတော်။
ပထမအကြိမ်
၂၀၀၈ – ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ – (၅၀၀)၊ တန်ဖိုး – (၁၀၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ရခိုင်ရိုးမတောင်ခြေရှိ ရွာကြီးတစ်ရွာတွင်လို့ပဲ ဒါန်းပျိုးရတော့မှာပေါ့။ ဘာ့ကြောင့်ဆိုတော့ ဒီရွာရဲ့နာမည်က ်မျိုးရှိတယ်ဗျ။

ခုလက်ရှိအခြေအနေမှာ ခေါ်ကြတာက ကျိန္တလီတဲ့ ...။ အဲ... ဆို အရင်တုန်းက ဘယ်လိုခေါ်လဲမေးပြန်တော့ ပြောရခက်တယ်။ ာတည်စကတည်းက ဒီလိုခေါ်တယ်လို့ ထင်ကြတာပဲ။ ဒါက ထင်ဆိုတော့ အမှန်လို့ သတ်မှတ်ထားလို့မရဘူး။

ဘာကြောင့်လဲဆိုတော့ ပြောပြမယ်။ စိတ်ရှည်ရှည်ထားပြီး းထောင်ကြည့်။ ဒီရွာမှာမွေးပြီး မြို့မှာအိမ်ထောင်ကျတဲ့ လူပြန် ာ် ကိုရင်ကြီးက စလိုက်တာ။ သူက မြို့ကထုတ်တဲ့ ဘုတ်အုပ် ွေမှာလည်း စာသွားလေးတွေရေးနေကျဆိုတော့ ခိုင်လုံတယ်. ပြောရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com


သူကပြောတာလေ…။ ဒီရွာရဲ့ဘေးမှာ ချောင်းကြီး တစ်ချောင်းရှိတယ်။ ဟိုးရွာရယ်လို့ မတည်ခင်က ဒီချောင်းကို ကိန္နရီ ကိန္နရာတွေ လာပြီးမြူးတူးပျော်ပါး ရေဆော့ကစားကြတယ်တဲ့။ ဒါကြောင့် ရွာတည်တဲ့အခါ အဲဒီကိန္နရီ ကိန္နရာကို အစွဲပြုလို့ ကိန္နရီရွာ လို့ ခေါ်ဆိုပဲ။ အင်း … ဘာလို့ ကိန္နရာကိုပယ်ပြီး ကိန္နရီလို့ တင်မှည့် ခေါ်တာလည်းတော့ ပြောတတ်ပါဘူး။

လူပြန်တော်ကိုရင်ကြီးဆီသွားပြီး ဘယ်သူမှ ရှာရှာဖွေဖွေ မေးမနေပါဘူး။ နောက် ဘာအဓိပ္ပာယ်မှန်းမသိတဲ့ ကျိန္တလီထက် စာရင် ကိန္နရီကပဲ ဟုတ်တုတ်တုတ် …။ အဲ ခက်တာက ကိုရင်ကြီး တင်ပြတဲ့ ကိန္နရီရွာလို့ခေါ်ဖို့ကျတော့လည်း မဖြစ်ပြန်ဘူး။

နော့ … စကားပြောတတ်စကလေးကနေ သချိုင်းထဲ မီးတုတ်ဆွဲပြီးဝင်နေတဲ့အရွယ်ထိ ဒီရွာကို ကျိန္တလီလို့ပဲ နှုတ်ကျိုး နေပြီလေ။

ဒီတော့ လူပြန်တော်ကိုရင်ကြီးရဲ့ သုသေသနပြုဖော်ထုတ် ချက်ကိုလည်း လေးစားတယ်၊ ရွာနာမည်ကိုလည်း မပြုပြင်နိုင်တော့ ရွာကြီးတစ်ရွာလို့ပဲ တင်စားပြောချင်တော့တာ။

' အဲဒီ ရခိုင်ရိုးမတောင်ခြေရှိ ရွာကြီးတစ်ရွာမှာပေါ့ …။

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဦးဖေကိုဆိုရင် ဒီရွာကြီးမှာတင်မဟုတ်ဘူး၊ မနီးမဝေး ပတ်ဝန်းကျင် ရွာငယ်ဇနပုဒ်တွေကပါ သိတယ်။ မသိခံနိုင်ရိုးလား။ ဒီရွာကြီးရဲ့ လက်(၁၀)ချောင်းချိုးလို့တောင်မပြည့်တဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းစာရင်းထဲမှာ ဦးဖေကို ပါတယ်လေ။

လူစွမ်းလူစ ဘာရှိလို့လဲမမေးနဲ့။ အပြင်ပန်းအမြင်ကတော့ သာမန်(၅၀)ကျော် လူကြီးတစ်ယောက်ပါပဲ။ ဒါပေမဲ့ အပ်ကနေ ထယ်ထွန်စက်အထိ ဝယ်လို့ရတယ်လို့ သတင်းမွှေးတဲ့ ကုန်စုံဆိုင် နှစ်ဆိုင်မှာ တစ်ဆိုင်ဟာ ဦးဖေကိုဆိုင်ပဲ။

ကုန်စုံဆိုင်တစ်ခုတည်းကိုကြည့်ပြီး ဘာအံ့သြဘနန်း ဖြစ်စရာရှိလဲဆို ပြောပြမယ်။ တကယ်တော့ တိုလီမိုလီရောင်းတဲ့ ကုန်စုံဆိုင်ဆိုတာ ဘာပြောလောက်စရာရှိမှာလဲ။ အဲ ... ဦးဖေကို့ ကုန်စုံဆိုင်က တိုလီမိုလီလောက် မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီရွာရဲ့ ထွက်ကုန်သီးနှံတွေ၊ ငါးပိ၊ ငါးခြောက်တွေကို မြို့နဲ့ ဆက်သွယ်ပေးတဲ့ ရေသောက်မြစ်လို့ ပြောမယ်ဆိုရတယ်။

နောက် မြို့ပြယဉ်ကျေးမှုတွေ ဒီရွာကို လွယ်လွယ်ကူကူ ဝင်နိုင်တဲ့ တံခါးပေါက်ထဲမှာ ဦးဖေကိုဆိုင်ပါတယ်။ ဥပမာ ... မထင် မှတ်ဘဲ ဦးဖေကို မြို့ကဘောထုပ်ထည်တွေ ဝယ်ချလာ့သလိုမျိုးပေါ့။

ဒါတွေတင်ပဲလား မဟုတ်ဘူး။ အဓိကသော့ချက် ရှိသေး တယ်။ ဦးဖေကိုမှာ ခေတ်အမြင်၊ ခေတ်အတွေးရှိသလို အထွေထွေ ဗဟုသုတ ပေါကြွယ်ဝတာပဲ။

ခင်ဗျား စမ်းချင်သလိုစမ်း မောင်ဘကြမ်းဆိုတာ ကြားဖူး လား။ သေချာခွေမျိုးလိုက်စစ်မယ်ဆိုရင် အဲဒီမောင်ဘကြမ်းဆိုတာ ဦးဖေကိုရဲ့ နှစ်ဝမ်းကွဲတပည့်လောက်ပဲရှိမှာ။

ခေတ်ဟောင်းပစ္စည်းနဲ့ပတ်သက်လို့ အိုးခြမ်းပဲ့ကနေ ကိုးရိုး ကားရားအရုပ်ထိ တစ်ခုခုများရရင် ဦးဖေကို့ကိုပဲ လာမေးကြရတာ။ အတိအကျကြီးမဟုတ်တောင် ရာဇဝင်အူပေါက် ဇာတ်လမ်းဆင်ပြီး တုတ်ထိုးအိုးပေါက် ပြောတတ်တဲ့လူလို့ ဦးဖေကိုပဲရှိတယ်။

အဲ ... ခေတ်ဟောင်းတင်မဟုတ်ဘူး။ ဒီနေ့ခေတ်အနေနဲ့ လည်း လပေါ်လူရောက်နိုင်ပြီလို့ အချက်ကျကျ ဦးဖေကိုပဲ ရှင်းပြ တတ်တာ။ လူမရှိပေမယ့် ခလုတ်ဖွင့်ရင် စကားပြောတတ်တဲ့ ရေဒီယို ဆိုတာလည်း ဦးဖေကိုမှာရှိတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



အဲလိုအကြောင်းတရားတွေ စုပေါင်းပြီးတော့ ဒီရွာကြီးမှာ ဦးဖေကိုဟာ မရှိမဖြစ် ဖေကိုဖြစ်နေတာပေါ့။ ဒါကြောင့် လူများများ ဆုံပြီဆိုရင် ဦးဖေကိုက လက်မလေးထောင်ထောင်ပြီး "အီဖေကို့ကို ဘာမကြောနဲ့" လို့ ပြောတတ်တာ။ ဟုတ်တယ်… သူ့ကိုယ်သူတော့ ဖေကိုလို့ ဘယ်တော့မှမပြောဘူး။ "အီဖေကို" …တဲ့။

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဝေါင်းခနဲ ... ဝေါင်းခနဲ ရူးရူးဝါးဝါး ထိုးဟောင်လိုက်တဲ့ ငနီ့အသံကိုကြားတော့ ဦးဖေကို ခေါင်းဆတ်ခနဲထောင်သွားတယ်။ သူမွေးထားတဲ့ခွေးမဟုတ်လား။ လူပ်ရှားမှုလောက်မပြောနဲ့၊ ဟောင်တဲ့ အသံကိုကြားရုံနဲ့တင် အဖြစ်အပျက်အခြေအနေကို သုံးသပ်နိုင်တယ်။

ဒီဟောင်သံလောက်ဆိုရင် ပုတ်သင်ညိုတွေ၊ ပုတတ်တွေ ဖြတ်ပြေးတာလောက်တင် မဟုတ်ဘူးဆိုတာ တွက်ဆနိုင်တယ်။ ဦးဖေကို အိမ်အပေါ်ထပ်က ငနီ့အသံထွက်လာတဲ့ဘက်ကို လှမ်းမျှော်ကြည့်တယ်။ ဘာမှ သဲသဲကွဲကွဲမမြင်ရဘူး။ အချိန်က လည်း မနက်အရုဏ်တောင် မခင်းသေးတာကိုး။

ဦးဖေကို အိမ်ပေါ်ကနေပြီးတော့ သတိလက်လွတ် မဆင်း သွားရဲဘူး။ နော့ ... ပစ္စည်းဥစ္စာနဲ့ နေတာမဟုတ်လား။ ဒီအသေတွေ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ချမ်းအေးပြီဆိုပေမယ့် သူခိုးသူဝှက်လောက်ကတော့ ရှိသေးတာအမှန်ပဲ။ သူခိုးကြီးတော့ ဓားပြတဲ့၊ သူခိုးဆိုပေမယ့် ရင်ဆိုင်တွေ့ရင် အသက်ကိုအန္တရာယ်မပြုပါဘူးလို့ ဘယ်နေရာမှာမှ အာမခံထားတာမရှိဘူး။

အိမ်ရှေ့ဘက်ကိုမမြင်ရတော့ ဦးဖေကို အိမ်အောက်ဘက်ကို အသာနားစွင့်လိုက်ပြန်တယ်။ အိမ်အောက်ထပ် ကုန်စုံဆိုင်ရှေ့ ကွပ်ပျစ်မှာက သူ့ညာလက်ရုံး ညီကြီး အိပ်တာကိုး။

ညီကြီးက 'ခြင်း' သုံးခြင်းနဲ့ ပြည့်စုံတယ်။ ရိုးသားခြင်း၊ ကြိုးစားခြင်းတွေတော့ မဟုတ်ဘူး။ အသောက်မက်ခြင်း၊ အစားကြီးခြင်း၊ အအိပ်မက်ခြင်း ဆိုတာပဲ။ ဒီတော့ ငနိဘယ်လောက်ပဲဟောင်ဟောင် သူကတော့ အဟောက်တောင် မပျက်ဘူး။ အိပ်မက်ကောင်းစဉ် မိုးမလင်းချင်ဖြစ်နေတုန်း။

ဦးဖေကိုက ခလောက်တောက် ... ခလောက်တောက်ဆိုတဲ့ ဟောက်သံကြားတော့ အခြေအနေကို သုံးသပ်မိတယ်။ ခုတင်ခြေရင်းမှာရှိတဲ့ သောက်ရေအိုးထဲက ရေတစ်ခွက်ပြည့်ပြည့်ခပ်တယ်။ ပြီး ... ပြတင်းတံခါးကို အသာဟပြီး သွန်ချလိုက်တာ ကြည့်စရာတောင် မလိုဘူး။ ညီကြီးမျက်နှာ ကွက်တိပဲ။ အကြိမ်အရေအတွက်က များပြီဆိုတော့ လက်ဆလည်း မှန်ပြီပေါ့။

ညီကြီးက ဝုန်းခနဲ ထထိုင်တယ်။ နောက် မျက်နှာပေါ်က



www.burmeseclassic.com

www.burmeseclassic.com



အေးစက်စက်အထိအတွေ့ကိုရတော့မှ သူ့ဆရာရဲ့ အချက်ပေး နှုးချက်မှန်း သတိဝင်လာတယ်။ သူလည်း အေးချက်ကများပြ ဆိုတော့ အထာပေါက်ပြီပေါ့။

ငနီကတော့ သူ့ဝတ္တရားအတိုင်း ခြံတံခါးမကြီးဘက်ကို စူးစူးဝါးဝါး ထိုးဟောင်ကောင်းတုန်းပဲ။ ညီကြီး ဘေးမှာအသင့် ဆောင်ထားတဲ့ ပျဉ်းမသားတုတ်ကို ကောက်ယူလိုက်တယ်။ ဒီ ပျဉ်းမသားတုတ်က သူ့လက်စွဲပဲ။ အရှည်ကလည်း အနေတော် ထိပ်မှာ သံချွန်လည်းတပ်ထားဆိုတော့ တော်တော်တန်တန် ခါးတွေ၊ လုံ့တွေလောက်ကို အားကိုးရတာ။

တကယ်တော့ … ညီကြီးလည်း ခြံတံခါးမကြီးနား ကပ်ပြီး ကြည့်ရဲတာမဟုတ်ဘူး။ ငနီနောက်က မှေးရင်းလိုက်သွားတာ။ ငနီက အဖော်တိုးလာပြီဆိုတော့ ရှေ့ကိုတိုးတိုးဟောင်တယ်။

သိပ်မလိုတော့ဘူး။ ညီကြီးနဲ့ ခြံတံခါးဆိုတာ ၄–တောင် လောက်ပဲ ဝေးတော့တယ်။ ခြံအပြင်ဘက်မှာ ကားယားကြီးရပ်နေ တဲ့ မည်းမည်းရှည်ရှည်ကြီးကိုမြင်တော့ ညီကြီးခမျာ လန့်တောင် အော်လုလုဖြစ်သွားတယ်။ အသေအချာပြန်ကြည့်မှ အရပ်မြင့်မြင့် ဗလတောင့်တောင့် လူကြီးတစ်ယောက်မှန်း သိလိုက်တယ်။

လူအစစ်အမှန်ဆိုရင်တော့ ညီကြီးမကြောက်ပါဘူး။ သူ့ရှ နဲ့ ပျဉ်းမသားတုတ်ကို မကြောက်ဘူးဆိုတောင် ဦးဖေကိုရဲ့အရိပ်အဝါ ကိုတော့ ဒီပတ်ဝန်းကျင်ကလူမှန်ရင် ဟန့်ကြတာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com


"ဟိတ် ... အချိန်မတော်ကြီး ဘယ်ကောင်လဲကွ ..."

"အောင်မာ ... ကွပ်ပျစ်မှာ စန့်စန့်ကြီးအိပ်နေတဲ့ကောင်က ငါလက်တစ်ချက်ယမ်းလိုက်ရင် မင်းမြားချက်သင့်လို့ သေတာကြာ ပေါ့ ..."

တစ်ဖက်လူစကားကိုကြားတော့ ညီကြီး နဖူးကနေ ချွေးစေးတွေ စိမ့်ခနဲ ထွက်လာတယ်။ အဟုတ်လေ ... သူအိပ်တဲ့ ကွပ်ပျစ်မှာက ဘေးပတ်ပတ်လည် ဘာအကာအကွယ်မှ ရှိတာ မဟုတ်ဘူး။ ဒါပေမဲ့ ဟန်ကိုယ့်ဖို့တဲ့ ...။

"အေး ... မင်းဟာမင်း လက်တစ်ချက်ပဲယမ်းယမ်း၊ ခြေ တစ်ဖက်ပဲခါခါ ဒီအိမ်ရှေ့ရောက်လာပြီဆိုရင်တော့ ငါမေးတာကို ဖြေနိုင်မှ ဝင်ခွင့်ရမယ်"

"အိမ်း ... မေးတော့လည်း ဖြေရတာပေါ့၊ မင်းအရင်သိထား ဖို့က မင်းတို့အိမ်ခြံထဲကို ငါဝင်ဖို့ အခက်အခဲကြီးဖြစ်နေလွန်းလို့ ဖြေတာမဟုတ်ဘူးနော်၊ တောအထပ်ထပ်၊ တောင်အသွယ်သွယ်ကို ကျော်လာခဲ့တဲ့ကောင်ကွ၊ မင်းခြံစည်းရိုးလောက်တော့ မီးတောင် မမြှုကိ်ဘူး၊ ဂျတ် ... ဂျတ် ... ဂျတ် ... အစိမ်းပဲ"

"ဒါဆို ... ခင် ... ခင်ဗျားက ..."

"အိမ်း ... မှတ်ထား၊ ငါက မုဆိုးကြီး ဟိမဝန္တာတောင်လုံ ဆိုတာပဲ"


www.burmeseclassic.com

www.burmeseclassic.com


"ဟင် ..."

ညီကြီးဆိုတာ ပါးစပ်ဟပြီး ကြက်သေ,သေသွားတယ်။ ဒီကိုယ်ခန္ဓာကြီးနဲ့ ရင်ဆိုင်နေရတာတောင် တွန့်ဆုတ်ဆုတ် ဖြစ်နေတာ၊ မုဆိုးဆိုတော့ ပိုဆိုးပေါ့။

ဇကြီးအမူအရာကိုကြည့်ရင်း မုဆိုးကြီးဟိမဝန္တာတောင်လုံး ဘယ်လိုအဓိပ္ပာယ်ရသွားတယ်တော့ မသိဘူး၊ အူလိုက်သည်းလိုက်ကို ရယ်တော့တာပဲ။ တော်တော်ကြီးကြာအောင်ရယ်ပြီးမှ ...

"ဟင်း ... ဟင်း ... လူကိုယ်တိုင်ကြုံတော့ တုန်လှုပ်သွားပြီပေါ့၊ ဟင်း ... ဟင်း ..."

"ဟို ... ဟို ... နာမည်လည်း ခုမှကြားဖူးတာပါ ..."

"ဘာ ..."

မျက်နှာကို အပေါ်ရေကြောတင်းပြီး ထအော်လိုက်တဲ့ ဟိမဝန္တာတောင်လုံးရဲ့ ဘာသံကြီးကို ညီကြီးမပြောနဲ့ အိမ်အပေါ်ထပ်က ချောင်းနားထောင်နေတဲ့ ဦးဖေကိုတောင် ဆံပင်မွေးထောင်သွားတယ်။

တကယ်တော့ မုဆိုးကြီးတောင်လုံးက လူခြေတိတ်ချိန်မို့ ကျိတ်အော်လိုက်တာ။ စိတ်ရှိလက်ရှိသာ လေလုံးနဲ့ပိတ်တွယ်လိုက်ရင် တော်တော်တန်တန်ထရံတောင် ကွာကျသွားနိုင်တယ်။

"ဟိတ် ... ဘာဖြစ်နေတာလဲကွ ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေကို ဆတ်ငြိမ်နေလို့မဖြစ်တော့ဘူးဆိုတဲ့အတွေးနဲ့ ခေါ်ပြော,ပြောရင်း အသံပြုလိုက်တယ်။

"ဆရာ ... ဒီမှာ လူတစ်ယောက်လာပြီး အနှောင့်အယှက်ပေးနေလို့ ..."

ညီကြီး သူ့ဘက်က ကာဖြေလေး ဖြေလိုက်တယ်။ ဦးဖေကိုက အပေးအကမ်းရက်ရောသလောက် အပြစ်ပေးစရာရှိရင်လည်း လက်သံပြောင်မြောက်တာ ညာလက်ရုံးပီပီ သိထားတာကိုး။

"ဗျို့ ... ဦးအိဖေကို လာပါဦးဗျ၊ ကျုပ်က ခင်ဗျားအတွက် ရွှေညည့်သည် ငွေညည့်သည်ပါ"

တကယ်တော့ ဟိမဝန္တာတောင်လုံး ခေါ်စရာတောင် မလိုပါဘူး။ ဦးဖေကိုက အိမ်အောက်တောင် ရောက်လာပြီ။

"အေး ... မင်းအပြောကိုတော့ ငါတော်တော်စိတ်ဝင်စားသွားပြီ ..."

ဦးဖေကိုဆိုတာ လူပေါင်းစုံနဲ့ အဆင်ပြေအောင် ဆက်ဆံတတ်ခဲ့တဲ့လူပဲ။ အခြေအနေနဲ့ အချိန်အခါကိုလည်း သုံးသပ်တတ်တယ်။ ဒီအချိန်၊ ဒီလူမျိုးရောက်လာတာ သူ့အတွက် အကျိုးတစ်စုံတစ်ရာ မရှိဘဲနေမှာမဟုတ်ဘူးလို့ တွက်ပြီးသား။ နောက် သူနဲ့ သိကျွမ်းတဲ့လူက ဦးအိဖေကိုလို့ ခေါ်တာလည်းပါတယ်။ သူ့ကိုဦးအိဖေကိုလို့ခေါ်လိုက်ရင် ဘဝင်နှလုံးကို သိမ်းကျုံး ပွေ့ပိုက်လိုက်သလို ကြည်နူးသွားတာ။

သိမ့်ထိုက်စာပေ

www.burmeseclassic.com


"ကျုပ်ပြောမယ့်အကြောင်းကိုကြားရင် ဒါထက် နှစ်ဆ ... နှစ်ဆ ပိုသဘောကျသွားမယ်၊ အဟား ... ဟား ... ဟား"

"ဟော ... ပြော ... ပြောစမ်းပါဦးဟ"

ဦးဖေကိုမျက်လုံးတွေ တဖျတ်ဖျတ်တောက်ပြီး ခြံစည်းရိုးနား ကပ်လာတယ်။ ညီကြီးကတော့ မျက်မှောင်ကုတ်လို့ ဟိမဝန္တာတောင်လုံးကို မသင်္ကာကြည့် ကြည့်နေတုန်းပဲ။ ခြေလှမ်းကိုလည်း ရှေ့တစ်လှမ်းမှ မတိုးဘူး။ ဟိမဝန္တာတောင်လုံး အန္တရာယ်တစ်စုံတစ်ခုလုပ်လိုက်တာနဲ့ သူပြေးလို့လွတ်အောင် ခြေနတ်ဖို့ပြင်ထားတာ။

"ဒီလိုပြောလို့ ဘယ်ဖြစ်မှာလဲ၊ ကျုပ်စကားက လမ်းပေါ်က မတ်တတ်ရပ်ပြောရလောက်အောင် တန်ဖိုးမဲ့တာမဟုတ်ဘူး၊ ခင်ဗျားနဲ့ နှစ်ကိုယ်ကြားတိုင်ပင်သင့်တဲ့ အကြီးကြီး ..."

ဦးဖေကိုပြုံးရင်း လက်ကာပြလိုက်တယ်။ ချက်ဆို နားကွက်က မီးတောက်ပြီဆိုတဲ့သဘော။ ဦးဖေကိုက ညီကြီးဘက်ကို လှည့်ကြည့်တယ်။ ညီကြီးကလည်း ဆရာ့အကြောနပ်ပြီးသား၊ ညာလက်ရုံးလေ။ ငနီကို လေချွန်ပြီး ပြန်ခေါ်သွားတယ်။

ဦးဖေကို ခါးကြားမှာ အသင့်ပါလာတဲ့သော့နဲ့ ခြံတံခါးကို ဖွင့်တယ်။ ဟိမဝန္တာတောင်လုံးပုံကိုကြည့်တာနဲ့ သူ့ကို အန္တရာယ်ပြုမယ့်လူ မဟုတ်ဘူးဆိုတာ သိပြီးသားပဲ။ အန္တရာယ်ပြုချင်တယ် ဆိုရင်လည်း ဒီလောက်အချိုသပ်နေစရာမလိုဘူးလေ။


www.burmeseclassic.com

www.burmeseclassic.com


သူ့ခွန်အားဗလနဲ့ ဒူးလေးနဲ့ဆိုရင် ငနီနဲ့ ညီကြီးဆိုတ
မိနစ်ပိုင်းလောက်မှာတင် အသက်ပျောက်သွားနိုင်တယ်။

ဦးဖေကိုက ဟိမဝန္တာတောင်လုံးကို သူ့အိမ်ကြီးနောက်ဘ
မှာရှိတဲ့ ဂိုဒေါင်ထဲကို ခေါ်သွားတယ်။ ဒီဂိုဒေါင်က တိုလီမုတ်စပစ္စည်
တွေ ထည့်တာဆိုပေမယ့် အဓိကကတော့ ဦးဖေကိုရဲ့ စိမ်ခန့်ခွဲ
စခန်းပဲ။

"ကဲ ... ဟိမဝန္တာကြီး၊ မင်းရဲ့ တန်ဖိုးရှိတဲ့သတင်းအချ
အလက်ကို စိတ်ချလက်ချပြောလို့ရပြီ"

ဟိမဝန္တာတောင်လုံးက ပတ်ဝန်းကျင်ကို ထပ်အကဲခ
လိုက်တယ်။ တကယ်စိတ်ချရတယ်လို့ ယုံကြည်တော့မှ ...

"ကျုပ် ... သံသေတ္တာကြီးတစ်လုံး တွေ့ထားတယ်ဗျ ..."

"ဟား ... ဟား ... ဘာများလဲလို့ကွာ၊ ငါ့ဆိုင်မှာဆိုရ
သံသေတ္တာတင်မဟုတ်ဘူး၊ သွပ်သေတ္တာကော ကျွန်းသေတ္တာကေ
ရှိနေတာပဲ၊ မင်း ဘာသေတ္တာလိုချင်လို့လဲ ..."

"ခွီး ... ခင်ဗျားက အီဖေကို အီဖေကိုနဲ့ နာမည်ကြ
သလောက် တော်တော်ချာတာပဲ၊ ကျုပ်က ခင်ဗျားဆိုင်က အစ
ပလုတ် သံသေတ္တာကို စကားထဲထည့်ပြောနေမလား"

"ဟေ ... ဒါဆို မင်းပြောတဲ့သေတ္တာက ငါ့ဂိုဒေါင်လော
တောင် ကြီးလို့လား၊ ဒီလောက်ကြီးတဲ့သေတ္တာဆိုရင် ပိုတော
အသုံးမဝင်သေးဘူး"


www.burmeseclassic.com

www.burmeseclassic.com



"အာ ... ပြောလေပြောလေ ဝေးလေဖြစ်နေပြီ၊ ကျုပ်ပြောတဲ့ သံသေတ္တာက ဒီနေ့ခေတ်ပုံစံမဟုတ်ဘူး၊ ရှေးခေတ် သေတ္တာပုံစံမျိုးဗျ ... ရှိနေတဲ့နေရာကလည်း ရခိုင်ရိုးမတောကြီးထဲမှာ ..."

"ဟေ ..."

ဦးဖေကို မျက်လုံးပြူးပြူး ဆောင့်သွားတယ်။ သူ့စကားကြောင့် တအံ့တသြဖြစ်သွားတဲ့ ဦးဖေကိုအမူအရာကိုမြင်တော့မှ ဟိမဝန္တာတောင်လုံး သဘောကျသလို တဟင်းဟင်းရယ်ပြီး ...

"တွေ့တဲ့နေရာပြောရင် ခင်ဗျားပိုအံ့သြသွားမယ် ... လေယာဉ်ပျက်ကြီးတစ်ခုထဲမှာ တွေ့ထားတာ"

ဦးဖေကိုဆိုတာ "ဟေ" လို့ ထပ်တဖို့တောင် သတိမရနိုင်အောင် ပိုအံ့သြမင်သက်သွားတယ်။ သူစိတ်ချလုံခြုံပါတယ်ဆိုတဲ့ ဂိုဒေါင်ကိုတောင် သူကိုယ်တိုင် စိတ်မချနိုင်တော့သလိုမျိုး လှည့်ပတ်ပြန်ကြည့်တယ်။ ဟိမဝန္တာပြောပုံအတိုင်းဆို ခုကိစ္စဟာ လျှို့ဝှက်ချက်မှ ထိပ်တန်းလျှို့ဝှက်ချက် ဖြစ်သွားပြီ။

"မင်း ... မင်းဟာက ... သေ ... သေချာလို့လား ..."

"ကျွတ် ... မသေချာပဲနဲ့ ကျုပ်က ခင်ဗျားအကြောင်း စုံစမ်းပြီး ဒီအချိန်ကြီး ခင်ဗျားဆီလာမလား၊ ကျုပ်ဟာကျုပ် တစ်ညအိပ်ပျက်ခံပြီး တောလည်ရင် ဟင်းမျိုးကြီးမရတောင် ဆတ်ဖားကြီးတစ်ကောင်တော့ အသေအချာပဲ"



www.burmeseclassic.com

www.burmeseclassic.com


"အေး ... အေးပါကွာ၊ ငါစကားပြောလော့သွားလို့
မင်းပြောသလိုသေချာရင် ဒီတစ်သက် မင်းတောလည်စရာမလိုတေ
ဘူး၊ ဖိမ်နဲ့ထိုင်တွယ်နေရုံပဲ"

"ဟာ ... ဒါတော့မဖြစ်ဘူး"

ဟိမဝန္တာတောင်လုံးရဲ့ အငြင်းစကားကြောင့် ဦးဖေ
မျက်လုံးပြူးသွားတယ်။ သံသေတ္တာဟာ သူ့စိတ်ကို ညှို့ငင်သွား
ဒီတော့ ဟိမဝန္တာကြီးရဲ့ ငြင်းပယ်စကားကို သူ့နှလုံးသားပေါ် မိုး
ကျသလို ဆတ်ဆတ်ခါသွားတာပေါ့။

"ဘာ ... ဘာဖြစ်လို့လဲ ... ပြော ... ပြောပါဦး ဟိမဝန္တာ
ရာ ..."

"ကျုပ်က တောပစ်တာကို အသွေးအသားထဲက
တောင်းတာဗျ၊ တောမပစ်ဘဲကို မနေနိုင်ဘူး"

"ဟင် ... ဒါဆို ..."

"ဟာ ... ကျုပ်သာပိုက်ဆံအများကြီးရရင် ဒီရခိုင်ရိုးမကြီး
ဝယ်လိုက်မယ်၊ ပြီးရင် ကမ္ဘာမှာရှိတဲ့ ထူးထူးဆန်းဆန်း တိရစ္ဆာန်
ကို ဝယ်မယ်၊ တောထဲကိုလွှတ်ထားလိုက်ပြီးတော့ တစ်
တစ်ကောင် စိတ်ကြိုက်ပစ်မှာပေါ့"

ဦးဖေကိုဆိုတာ ဟိမဝန္တာတောင်လုံးရဲ့ ကပေါက်
ကပေါက်ချာ စိတ်ကူးမှန်ကို သိရတော့မှ ဟင်းချနိုင်တယ်။ ဒီတေ


www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီကောင် ဘာလုပ်လုပ် ကိစ္စမရှိဘူး။ သူနဲ့သေတ္တာ တွေ့ပေးဖို့ မငြင်းရင်ဘဲ စိတ်အေးပြီလေ။

"ဟိုး ... ရှေးခေတ်က အိန္ဒိယမှာ ဘုရင်ခံတွေ အဲလိုလုပ်တယ်လို့ ကြားဖူး၊မှတ်ဖူးတယ်၊ မင်းကတော့ ပြောင်မြောက်အောင်ကို အကြံကြီးကြံနိုင်ပါပေ့ကွာ"

"အဟဲ ... ကျုပ်နာမည်ကိုက ဟိမဝန္တာတောင်လုံးကိုးဗျ"

"အေးကွာ ... အေး ... သိပ်ကောင်းတဲ့စိတ်ကူး၊ ရခိုင်ရိုးမကြီးကိုဝယ်၊ နောက်ထပ် နာမည်နဲ့လိုက်အောင် ဟိမဝန္တာကြီးကိုပါ ဝယ်ပစ်လိုက်ဦး ..."

"ဟုတ်ပါ့ ... ဟိမဝန္တာကြီးပါဝယ်နိုင်ရင်တော့ ဒီတစ်သက်မဟုတ်ဘူး၊ နောင်တစ်သက်ပါ ဆက်ပစ်လို့ကုန်မှာဟုတ်ဘူး"

နတ်ရှူးကို ဘုံနဲ့မြှောက်တဲ့၊ ဘုန်းကြီးရှူးနဲ့ လှေလှူးနဲ့တဲ့။ ခုလည်း ... ဦးဖေကိုနဲ့ ဟိမဝန္တာတောင်လုံးနဲ့ဆိုတာ အစပ်အဟပ်ကို တည့်လို့။



www.burmeseclassic.com

www.burmeseclassic.com

ဦးဖေကို မျက်မှောင်ကြီးကုတ်ပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတာ တော်တော်ကြာပြီ။ ဒါပေမဲ့ ဒီအမူအရာကို ကျွမ်းဝင်နေတဲ့ သူ့တပည့်တွေဆိုတာ ချောင်းဟန့်ဖို့တောင် ထားနားရှက်တောင် မခတ်ရဲဘူး။ သူတို့ဆရာစိတ်ထဲမှာ လေးနက်တဲ့ အကြောင်းအရာကြီးရှိတာကို ရိပ်မိတယ်လေ။

ဦးဖေကိုရဲ့တပည့်တွေဆိုလို့ များများစားစားတော့ မဟုတ် ပါဘူး။ ညာလက်ရုံး ညီကြီးရယ်၊ ဗလုရယ်၊ ပေါက်စရယ်ပါပဲ။ ဒါပေမဲ့ ဒီသုံးယောက်ကတင် ပုဂံရာဇဝင်ထဲက ကျန်စစ်သားရဲ့ နောက်လိုက် သုံးယောက်လောက် အားကိုးရတယ်။ အဲ ညီကြီး ကတော့ ညာလက်ရုံးပီပီ နည်းနည်းကြောက်တတ်တာတော့ ရှိတာ ပေါ့။

ဟိုနှစ်ယောက်ကတော့ တကယ့်နောက်လိုက်ပီပီ ဆရာ



www.burmeseclassic.com

www.burmeseclassic.com


ပြောရင် ပုလင်းထဲနွားထည့်ဆိုလည်း ဖမ်းထည့်မည့်ကောင်တွေပဲ။ သူတို့အတွက်တော့ ခေါင်းဆိုတာ ဂျောင်းပဲ။ ယောင်လို့တော့ စဉ်းစားတာမဟုတ်ဘူး။

ဦးဖေကိုက သူ့တပည့်သုံးယောက်ကို တစ်ချက်စောင်းကြည့်တယ်။ အားလုံး နားရွက်တောင်မခတ်ဘူးမြင်တော့မှ ...

"မင်းတို့ကို ငါအရေးကြီးကိစ္စတစ်ခု ပြောစရာရှိတယ်"

ဟိုသုံးယောက် ခေါင်းလည်းမညိတ်ဘူး၊ အင်းလည်း မခတ်ဘူး။ စိတ်ဝင်စားလွန်းလို့ မျက်လုံးတွေပဲ ရှေ့ပြူးထွက်လာတယ်။ ဟုတ်တာပေါ့ ... အရင်လုပ်ငန်းကိစ္စတွေတုန်းကဆို တစ်ယောက်ချင်းပဲ ခေါ်ပြီးတာဝန်ပေးနေကျမဟုတ်လား။ ခုတော့ သုံးယောက်ပြူးကြီး။

"ငါပြောမယ့်ကိစ္စသာ အောင်မြင်မယ်ဆိုရင် မင်းတို့တစ်သက် ... ငါ့တစ်သက် အေးနိုင်မယ် ..."

"ဆရာကြီးခိုင်းမယ်ဆိုရင် အေးအေးပူပူ တွယ်မှာပဲ..."

ဗလက အသံသြသြနဲ့ ဝင်ကတိပြုတယ်။ ဦးဖေကိုက ဗလကို တစ်ချက်လှမ်းကြည့်ပြီး ကျေကျေနပ်နပ်ပြုံးတယ်။

"အေး ... ခုကိစ္စမှာ အဓိကအချက်က ..."

ဦးဖေကို စကားကို အဆုံးထိမပြောသေးဘဲ ဒီကောင်တွေ စိတ်ဝင်စားမှုကို ထုဂ်လေ့လာနေတယ်။


www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ခိုင်းခဲ့တဲ့ကိစ္စတိုင်း ကျွန်တော်တို့ ဘယ်တုန်းက ငြင်းဘူးလို့၊ လွဲဘူးလို့လဲ ... စိတ်သာချပါ"

"အေး ... ဒီတစ်ခါကိစ္စက တန်ဖိုးလည်းကြီးသလို အကြောင်းအရာကလည်း ထိပ်တန်းလျှို့ဝှက်ချက်ပဲ ညီကြီး၊ ဒါကြောင့် မင်းတို့ကို ဒီနေရာခေါ်ရတာ ..."

"ကျွန်တော်တို့လည်း သဘောပေါက်ပါတယ်"

"ဟုတ်ပြီ ... မင်းတို့ထပ်သိထားဖို့က ငါပြောတဲ့ကိစ္စကို အပြင်လူတစ်ယောက်ယောက်ဆီ ပါးစပ်ဟပြောတဲ့လူဟာ ကိုယ့်ကိုယ်ကိုယ် သေလူလို့ သတ်မှတ်လိုက်တာပဲ"

ဟိုကောင်တွေ ဦးဖေကိုစကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်ပြီး ကျောထဲက စိမ့်ခနဲတက်သွားတယ်။ သူတို့ဆရာ ဒီလိုစကားမျိုး တစ်ကြိမ်မှ ပြောခဲ့ဖူးတာမှ မဟုတ်ဘဲ။

"မင်းတို့ အစိကစောင့်ထိန်းရမယ့်အချက်ကို သိပြီဆိုတော့ ငါဆက်ပြောမယ်၊ တို့တွေ ရခိုင်ရိုးမထဲကို ခရီးထွက်ရမယ်"

"ခင်ညာ ..."

အားလုံး ညောင်နာနာသံလေးတွေနဲ့ ယောင်အအ တလိုက်တယ်။ သူတို့ အမြဲလိုလိုခ[illegible]ရတာက မြို့တို့၊ ပင်လယ်ကမ်းနားတို့ မဟုတ်လား။ တ[illegible]သည်း ရခိုင်ရိုးမထဲမှာ သူတို့ဆရာလုပ်ငန်းနဲ့ ပတ်သက်တာ ဘာမှ [illegible]ဘူးလေ။

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ရခိုင်ရိုးမမှ တောနက်ကြီးထဲကို ခရီးထွက်ရမှာ ..."

"ဘာ ... ဘာ့လုပ်မှာလဲဆရာ ..."

ညီကြီးရဲ့ တဆတ်ဆတ်တုန်နေတဲ့ မေးခွန်းသံ အရင်ထွက်လာတယ်။

"အိမ်း ... ပြောရရင်တော့ စစ်အတွင်းက ပျက်ကျခဲ့တယ်လို့ ယူဆရတဲ့ လေယာဉ်ပျက်ကြီးတစ်ခုဆီကိုပဲ"

"ဟို ... လူရိုက်ဆိုရင် ကျွန်တော်ရိုက်ရဲပါတယ် ဆရာကြီး၊ ဒါပေမဲ့ စက်တွေဘာတွေတော့ မပြင်တတ်ပါဘူး"

ပေါက်စ,စကားကိုကြားတော့ ဦးဖေကို ထွီခနဲ တံတွေးတစ်ချက် လှမ်းထွေးတယ်။ စိတ်တော့မခုပါဘူး။ သူ့တပည့်တွေ အရည်အချင်းကို သူသိပြီးသားပဲ။

"ဟ ... အဲဒီလေယာဉ်ပျက်ကို စက်ပြင်ပြီး မင်းကြီးတော်ကို သွားခိုးရမှာလား၊ ငါတို့က အဲဒီလေယာဉ်ပျက်ဆီကိုသွားပြီး မုဆိုးဟိမဝန္တာ တွေ့တယ်ဆိုတဲ့ သံသေတ္တာကို သွားယူမှာ ..."

"ဟင် ... ဆရာကြီးကလည်း သံသေတ္တာတစ်လုံးကို ရိုးမထဲဝင်ပြီး ခက်ခက်ခဲခဲသယ်ရမှာဆိုတော့ ..."

"အင်း ... ပေါက်စ ... ပေါက်စ ... မင်း အဲဒါကြောင့် ကျွဲခန္ဓာလောက် ဇလကြီးပြီး ခေါင်းသေးသေးလေးဖြစ်နေတာ၊ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



သက်စွန့်ဆံဖျားပြေးရတဲ့အချိန်မှာတောင် သယ်သွားတဲ့သေတ္တာ ဆိုတာနဲ့တင် ငါတို့က တန်ဖိုးကို မှန်းကြည့်လို့ရပြီကွ"

"အိုး ... ဟုတ်ပြီဆရာ၊ ညာလက်ရုံးကြီး သဘောပေါက်ပြီ"

ညီကြီး ဝမ်းသာအားရ ထအော်တယ်။ ညီကြီးက ကြောက် တာ ကြောက်တတ်တာ။ စားရမည့်အပေါက်ဆိုရင်တော့ ညာလက် ရုံးပီပီပဲ အကွက် ၁၀၀၊ ၉၀ ကျော်မြင်တယ်။

"ဟော့ကောင် ... တိုးတိုးပြောစမ်း၊ ဒါ မင်းအမေ လင်ပေးစား မယ့်ကိစ္စမဟုတ်ဘူး"

ဦးဖေကို လှမ်းဟောက်လိုက်တော့ ညီကြီးရဲ့ ကားတက် သွားတဲ့ နားရွက်နှစ်ဖက် ပြန်ကုပ်ကျသွားတယ်။ ဒါပေမဲ့ မျက်လုံး တွေကတော့ လောဘကြောင့် တဖိတ်ဖိတ်တောက်ဆဲပဲ။

"ဒါ ... ဒါဆို ... ကျွန်တော်တို့ ဒီနေ့ပဲ ရိုးထဲကိုဝင်ကြ မလား ဆရာကြီး ..."

ဗလုက အားတက်သရောသံနဲ့ ဝင်မေးလိုက်တယ်။ ဦးဖေကို စဉ်းစဉ်းစားစားအမူအရာနဲ့ ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းတယ်။

"ဖြစ်သေးဘူးကွ၊ တို့က ရိုးထဲကို ခရီးရှည်ကြီးထွက်ရမှာ ... ဒီတော့ အချိန်ယူပြီး ရိက္ခာနဲ့ လက်နက်နဲ့ကိုပြင်ဆင်သွားရမယ်"

"ဟုတ်ပြီ ... ကျွန်တော်ကတော့ ဦးကျော်မြင့် ပန်းပဲမှာ ပေါက်တားအလက်(၂၀) လုပ်ခိုင်းမယ်"

သိမ်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ကိုရာဇဆီက ဒူးလေးကိုငှားမယ်၊ ဒူးလေးက အဝေးအတွက် သိပ်အသုံးဝင်တယ်"

"ဟော့ကောင်တွေ မင်းတို့ ပေါက်တတ်ကရစိတ်ကူးတွေကို ရပ်လိုက်စမ်း"

ဦးဖေကိုလှမ်းငေါက်တော့ ဗလှနဲ့ပေါက်စ တိခနဲ ပိတ်သွားတယ်။

"ပုဂံခေတ်ကစစ်ချီသွားသလို အုတ်အော်သောင်းနင်းလုပ်နေရင် တစ်ရွာလုံးကို မောင်းထုကြော်ငြာတာထက် ဆိုးသွားမှာပေါ့၊ ဒီကိစ္စတွေကို လူတွေလည်း ဂရုမစိုက်မိအောင်၊ ငါတို့ လိုအပ်တာတွေကိုလည်း အလွယ်တကူရအောင် လုပ်ရမယ်"

"ဒါ ... ဒါဆို ... ဘယ်လိုလုပ်မှာလဲ ဆရာ ..."

"ငါက မင်းတို့အထက်ဆရာပါ ညီကြီးရာ"

"ဟုတ်ပါတယ်ဆရာ ... ဆရာဟာ ဆရာပါ ..."

"အေး ... ဒါဆို ဆရာပြောတဲ့အတိုင်း လိုက်လုပ် ..."

ခေါင်းလေးခေါင်း နဖူးချင်းတိုက်သွားတယ်။ ဦးဖေကို ပြောနေတဲ့လေသံက တိုးတိုးမှ တကယ့်ကိုတိုးတိုးလေး။ နောက်ဆုံး ... စကားသံတော့ထား လေတောင် ကျယ်ကျယ် မလည်ဘူး။ ဦးဖေကိုက လျှို့ဝှက်တယ်ဆို အဲလိုမျိုး။



www.burmeseclassic.com

www.burmeseclassic.com

"ဟော ..."

ဦးပိန်တူးပါးစပ်ဆိုတာ ယင်ဝင်ဥလောက်အောင်အထိကို ဟသွားတယ်။ တစ်သက်လုံး စိတ်ချလက်ချနေလာခဲ့တဲ့နား၊ ဒီတစ်ခါတော့ မယုံမကြည်ကိုဖြစ်သွားရော။

"မဟောနဲ့အဘ ... မနေ့က မြို့ကပြန်လာတဲ့ ဗိုက်ပူကိုယ်တိုင် ပြောတာ၊ သူ့ကို ဈေးတန်းမှာ ဦးဟာဆီကိုယ်တိုင် ပြောလိုက်တာ တဲ့"

ညိုကြီးအောင်က သူ့စကားမှန်ကန်ကြောင်း သူ့ဟာသူ ထောက်ခံလိုက်တယ်။ တင်ညွှန့်ကတော့ သူ့နားနဲ့ကြားခဲ့ရတာ မဟုတ်တော့ ဝင်မပြောရဲဘူး။ နောက်ပြီး သူကိုယ်တိုင်လည်း ညိုကြီးအောင်သတင်းကို မဝံ့မရဲဘဲ။

ဦးပိန်တူးဆိုတာ ဒီရွာကြီးရဲ့ အထင်ကရကုန်စုံဆိုင်နှစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာ တစ်ဆိုင်ပိုင်ရှင်ပေါ့။ ဦးပိန်တူးက ဦးဖေကိုလောက် အတွင်းညဏ် မပြေးပေမယ့် ကုန်သည်ပွဲစားပီပီ ခေတ်အခြေအနေ၊ ပစ္စည်းအခြေ အနေကို လေ့လာရကောင်းမှန်းတော့ သိတယ်။

နောက် ... အဓိကသိတာတစ်ခုရှိသေးတယ်။ အဲဒါကတော့ ဦးဖေကိုအခြေအနေကို လေ့လာစောင့်ကြည့်နေဖို့ဆိုတာပဲ။

ဦးဖေကိုရဲ့ အကြံညဏ်စိတ်ကူးကိုသိပြီဆိုရင် သူ့ထက် တစ်ကွက်သာဖို့ ကြံစည်နိုင်ပြီလေ။ အကြံတူ နောက်လူသာစမြဲတဲ့။ နောက်ဆုံး မသာဘူးဆိုရင်တောင် ပခုံးချင်းတော့ယှဉ်နိုင်တာပေါ့။

ဦးပိန်တူးမှာလည်း လုပ်ငန်းကျယ်ကျယ်ပြန့်ပြန့်လုပ်သူပီပီ၊ ဦးဖေကိုလိုမဲ့ တပည့်တွေရှိတယ်။ ညိုကြီးအောင်နဲ့ တင်ညွန့် ဆိုတာ သူ့ရဲ့ သားတွေ၊ မြေးတွေ မဟုတ်ဘူး။ ဘယ်လက်ရုံးနဲ့ ညာလက်ရုံး တပည့်လေး။

အဲ ... ဦးဖေကိုက သူ့တပည့်တွေကို ဆရာကြီးတွေ ဆရာ တွေ ခေါ်ခိုင်းတယ်ကြားထားတော့ သူ့တပည့်နှစ်ယောက်ကို ဆရာ ကြီးမှတွေ၊ ဆရာတွေ မခေါ်ခိုင်းတော့ဘူး။

ဦးဖေကိုထက် သာလည်းသာအောင်၊ ထူးခြားမှုလည်း ဖြစ်သွားအောင် အဘလို့ ခေါ်ခိုင်းလိုက်တယ်။ နေရာတကာမှာ ဆရာ တွေ ဖောဖောသီသီဖြစ်နေတဲ့အချိန်မှာ မထူးခြားသွားဘူးလား။

"ဟုတ်ပါပြီ ... မင်းပြောတဲ့အချက်အလက်ကို မယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး၊ ပစ္စည်းကို မယုံကြည်တာ၊ အဲလောက်များမျာ
ဘာလုပ်မှာလဲ ...”

“ကျွန်တော်တို့က သူတို့ရည်မှန်းတဲ့ အဓိကသော့ချက်
မသိသေးဘူးလေ အဘ၊ ဒီတော့ ဆက်စောင့်ကြည့်ရမှာပေါ့”

“ဟ ... ဒီအတိုင်းကြီးစောင့်ကြည့်နေလို့ ဘာအကြော
ထူးမှာလဲ၊ သူတို့အကြံအစည်ကို အားလုံးသိရော ... ဟိုက ရောင်း
စားသောက်ပြီးလို့ အေးအေးဆေးဆေး အိပ်နေတော့မှာ ...”

တင်ညွန့်က ညိုကြီးအောင်စကားကို ဝင်ဖြတ်ပြောလိုက
တယ်။ ညိုကြီးအောင်နဲ့ တင်ညွန့်မှာ တင်ညွန့်က စဉ်းစားရမ
အလုပ်ကို ပိုစိတ်ဝင်စားလေ့ရှိတယ်။

“အေး ... ဒါဆို မင်းမှာ ဘယ်လိုအကြံအစည်ရှိလဲ”

ဦးပိန်တူးက တင်ညွန့်စကားကို အလေးအနက်ထားတဲ့ပုံ
မေးလိုက်တယ်။

“ဒီအတိုင်းတော့ ထိုင်စောင့်မနေချင်ဘူးအဘ၊ ကျွန်တေ
တို့လည်း သူတို့နဲ့အပြိုင် လိုက်လုပ်ရှာမယ်ဆိုရင် အနည်းဆုံးတေ
ခြေလှမ်းတူတူလှမ်းနိုင်မှာပဲ ...”

“အိမ်း ... မင်းပြောတာတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ဒီဟာ
က ပြုတ်စားလို့လည်းမရ၊ ဖုတ်စားလို့လည်းမရဆိုတော့ ဈေး
မတွေ့ရင် မလွယ်ဘူး”

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com


"အဘရယ် ... ဦးဖေကိုလို လူလည်ကြီးက ခွင်မရှိဘဲ လုပ်မှာတဲ့လား၊ ဒီပစ္စည်းတွေနဲ့ပတ်သက်လို့ အကျိုးအမြတ်ရမယ့်ဟာ ရှိကိုရှိရမယ်၊ အဲဒါကို ကျွန်တော်တို့က ကြိုတင်စုံစမ်းနိုင်ရင် ပိုကောင်းအသာစီးရဦးမယ်"

ဘင်ညွန့်ရဲ့ မစားရဝခမန်းစကားကြောင့် ဦးပိန်တူးမျက်လုံးတွေ လောဘရိပ်နဲ့ တဖိတ်ဖိတ်တောက်လာတယ်။

ဦးပိန်တူးက ဖြတ်ထိုးဉာဏ်မှာ ဦးဖေကိုထက် နည်းတယ်ဆိုနိုင်ပေမယ့် လောဘမှာတော့ ဒီရွာကြီးမှာ သူတို့နှစ်ယောက်ဟာ အမြဲတမ်း ပူးတွဲချန်ပီယံပဲ။

"ဟုတ်ပြီ ... ပိန်သဘောပေါက်ပြီ၊ ဒီတော့ ဖေကိုဆိုတဲ့ကောင် တစ်လမ်းသွားနေတဲ့အချိန်မှာ ငါတို့က နှစ်လမ်းသွားရမယ်"

"ဟင် ... ဘယ်လိုနှစ်လမ်းသွားမှာလဲ"

"ညိုကြီးအောင်ရာ ... နှစ်လမ်းဆိုမှတော့ မြို့ရောရွာပါပေါ့လကွာ ..."

"ဟုတ်ဖူးလေအဘ ... ကျွန်တော်တို့က မြို့လမ်းတွေ၊ ရွာလမ်းတွေ လိုက်လျှောက်နေလို့ ဘာအကျိုးထူးမှာလဲ"

ညိုကြီးအောင်ရဲ့ ယောင်အအစကားကိုကြားတော့ ဦးပိန်တူးဆိုတာ ရယ်လိုက်တာ မျက်ရည်တွေ ဘာတွေတောင် ဝိုင်းသွားရော။ ဒါက စိတ်ကြည်လင်နေချိန်မို့နော်၊ မဟုတ်ရင်တော့ နားရင်းကိုအနည်းဆုံး နှစ်ချက်လောက်တော့ ပြေးအုပ်လိုက်မှာ။

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေး ... မင်း ဒီလို ထူထူအအဖြစ်နေလို့ တပည့်နှစ်ယောက်မှာ ဒုတိယတပည့်ဖြစ်နေတာ၊ နှစ်လီမ်းဆိုတာက မြို့ကိုသွားပြီး ပစ္စည်းဝယ်ရုံတင်မဟုတ်ဘူး၊ ဒီက ဖေကိုတို့လှုပ်ရှားမှုကိုလည်း တစ်ပြိုင်တည်း စောင့်ကြည့်နေရမယ်လို့ ပြောတာဟ"

"အဘပြောတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က မြို့ကိုလည်းသွားရမယ်၊ ဦးဖေကိုတို့ကိုလည်း စောင့်ကြည့်ရမယ်ဆိုတော့ လွယ်ပါ့မလား"

"ဟော့ကောင် ... ဒီနေရာမှ မဟာဗျူဟာထက် နည်းဗျူဟာက ပိုအသုံးဝင်တယ်၊ ငါနဲ့မင်းက မြို့ကိုသွားပြီး တင်ညွန့်ကို ဖေကိုတို့အခြေအနေ စောင့်ကြည့်ခိုင်းရမယ်၊ ဒါဆို ပွဲပြတ်ပြီပေါ့"

"ဟုတ်ပါ့ ... ဒါကြောင့် အဘက အဘဖြစ်နေတာပေါ့ အဘရယ်၊ တော်ပါပေ့"

တင်ညွန့်က ပြုံးပြုံးကြီးပြောရင်း ဝင်ထောက်ခံလိုက်တယ်။ သူ့ကို တစ်ကိုယ်တော် ဟာဝန်ပေးခြင်းခံရမှာဆိုတော့ ဂုဏ်ယူတာပေါ့။

"အိမ်း ... မင်းတို့သဘောပေါက်ပြီဆိုတော့ ငါတို့ ပရောဂျက်ကို မနက်ဖြန် စကြတာပေါ့"

"ခင်ညာ ... ပရောဂျက်ဆိုတာကြီး ဘယ်ကပါလာပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဒါလေးတောင်မသိဘူးလား တင်ညွန့်ရ၊ မင်းတို့ခေတ်ကာလသားသမီးတွေ လည်တယ်ဆိုတာ ပိန်တူးတို့ စက်သေနေတာလောက်ပဲ ရှိပါတယ်ကွ၊ အင်္ဂလိပ်ခေတ်မှာ မွေးလာတဲ့ ပိန်တူးပါဟ ... ပရောဂျက်ဆိုတာ စီမံကိန်းကိုခေါ်တယ်ကွ၊ အေး ... မနက်ဖြန် ငါတို့စီမံကိန်းကို စလုပ်ကြမယ်"

ဟုတ်တယ်၊ ဦးပိန်တူးတို့က မရေးတတ်၊ မဖတ်တတ်ပေမယ့် အင်္ဂလိပ်စကားကို ထမင်းစား ရေသောက်လောက်တော့ သိတယ်။ အိုင်နိုး ... ယူနိုးလောက်ကတော့ လာထားပဲ။

"အဲ ... အဘက စီမံကိန်းလို့ပြောမှ ကျွန်တော် တစ်ခုသတိရတယ် ..."

"ဘာလဲ ... တို့ကိစ္စအောင်မြင်ဖို့အတွက်ဆို လိုတာမှန်သမျှ အားလုံးဖြည့်ဆည်းပေးမယ်"

"ဘာမှတော့ ကြီးကြီးမားမားမလိုသေးပါဘူး၊ အဘက ကျွန်တော်တို့လုပ်မယ့်ကိစ္စကို စီမံကိန်းလို့ပြောတော့ ကျွန်တော်က လည်း ပိုစိတ်ဝင်စားမှုရှိအောင် ဒီလိုခေါင်းစဉ်တပ်ချင်လို့ပါ"

"အေး ... ဒါ အတိတ်ကောင်း နိမိတ်ကောင်းပဲ တင်ညွန့်ရ၊ ဒီတစ်ပွဲမှာတော့ ဖေကိုဆိုတဲ့ကောင် တစ်သက်လုံးကျိုးသွားအောင် ချိုးပစ်ရမယ်၊ ပြောစမ်းပါဦး ... တို့စီမံကိန်းကို ဘယ်လိုခေါင်းစဉ် တပ်ချင်လို့လဲ"

---

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဂေါ်လီစီမံကိန်းလို့လေ ... ကောင်းဘူးလားအဘ..."

"ကောင်းကွာ ... ဂေါ်လီစီမံကိန်း ... ဂေါ်လီပရောဂျက် ... ဂေါ်လီပရောဂျက် ... အဟား ... ဟား ..."

ဦးပိန်တူးတို့ ဆရာတပည့်သုံးယောက်ရဲ့ မစားရဝခမန်း ရယ်သံဖြကြီး ကျွက်ကျွက်ဆူကို ထွက်လာတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဟာဆီက ကိုယ်ခန္ဓာဝဝကြီးနဲ့ မလိုက်အောင်ကို လက်နှစ်ဖက် အတင်းကာတယ်။

"ဟာရေး ... ဟာဆီနော် ... ရိုးရိုးသားသားပဲ ဈေးရောင်းစား နေတာပါ၊ ဒါ ... ဒါမျိုးတွေမသိပါဘူး"

"ငါကလည်း မင်းသိရကောင်းစေလို့ ပြောတာမဟုတ်ပါ ဘူး၊ အဲဒီပစ္စည်းတွေ ဒီလောက်များများဝယ်တော့ သတိထားပြီး မေးလိုက်မိသလားလို့ပါ"

"ဟား ... ဟား ... အာကိုကြီးပြောမှ ဟာဆီနော် ... သတိရ လာတယ်၊ ဟုတ်တယ် ... ဟာဆီ သေသေချာချာ မေးလိုက်ပါ တယ်"

"ဒီမြို့ကို ငါလည်း အခေါက်ခေါက် အခါခါရောက်ဖူးလို့ မင်းသိပါတယ်၊ ငါမြို့ကိုရောက်တိုင်း ကုန်သည်ကြီးဟာဆီရဲ့



www.burmeseclassic.com

www.burmeseclassic.com



တ်ဘဏ်နဲ့ ရှုးစမ်းလေ့လာအား ဘယ်လောက်တော်တယ်ဆိုတာ ကြားချင်မှအဆုံး မွေးနေတာပဲ"

"ဟာရေး ... အာကိုကြီးနော် ... ပိုလွန်းနေပြီ ..."

ဦးပိန်တူးရဲ့ မြောက်ပင့်စကားလုံးတွေအောက်မှာ ဦးဟာဆီဆီတာ သွားရဲရဲတွေပေါ်အောင်ကို တဟဲဟဲ သဘောကျနေတယ်။

"မပိုပါဘူး ဟာဆီရယ်၊ ဒီထက်တောင်လိုသေး၊ ကဲ ... ပြောစမ်းပါဦး ... ဖေကိုဆိုတဲ့ကောင် ဘယ်လိုကိစ္စကြောင့် ဖန်ဂေါ်လီတွေ ဒီလောက်များများဝယ်တာလဲ ..."

"ဟား ... ဟာဆီကို သူပြောတယ်နော် ... ရိုးထဲဝင်ပြီး ဘ်ပစ်မလို့တဲ့၊ ရှံ့နဲ့လုံးထားတဲ့ လောက်စာလုံးတွေကနော် ... ထိရင် ပြဲသွား၊ကွဲသွားတယ်တဲ့ ... သူပြောပါတယ်"

"နောက်တော့ကော ..."

"မနောက်ဘူးလေး ... အာကိုကြီး၊ သူပြောတယ်နော်၊ ဂေါ်လီနဲ့ဆို တစ်ချက်ဆို ငှက်တစ်ကောင်၊ အသေအချာပဲတဲ့"

"ဒါတော့ ... ဟုတ်လောက်မယ်အဘ၊ ကျွန်တော်တောင် ဂေါ်လီနဲ့ ငှက်ပစ်ဖူးတယ်၊ ထိလိုက်ရင် တုန်းခနဲပဲ"

ဦးပိန်တူးနဲ့ မြို့ပါလာကဲ့ ညီကြီးအောင်က ဦးဟာဆီစကား အားပါးတရ ဝင်ထောက်ခံတယ်။

"ခွေးကောင်... ဖန်ဂေါ်လီတန်ဖိုးနဲ့ ငှက်နဲ့ ဘယ်လိုနေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲလေအဘရဲ့ ... ဖန်ဂေါ်လီဝယ်ရတာ ငွေကုန်တယ် ငှက်သေက ဝယ်လူမရှိဘူး၊ ဘယ်သူ့ပစ်ပစ် ရနေတာပဲ၊ ဒါကြောင့် ... ကျွန်တော်ဖန်ဂေါ်လီဝယ်မသုံးတော့တာပေါ့၊ အဘတပည့်က လည်းပါတယ်"

"ဘာလည်းတာလဲ၊ မင်းလိုကောင်တောင် ဒါကိုတွက်တတ် ရင် ဖေကိုဆိုတဲ့ကောင်က ဆယ်ဆတွက်တတ်လိမ့်မယ်၊ နောက်ပြီး ... ဒီကောင်ကိုယ်တိုင် ရိုးထဲဝင် ငှက်ပစ်မယ်ဆိုတာ မဖြစ်နိုင်ဘူး"

"ဟား ... ဦးဖေကိုနော် ... ဟာဆီကိုမလိမ်ပါဘူး၊ သူနော် ပြောသမျှ အမြဲမှန်တယ်"

ဦးဟာဆီက သူ့မှတ်ဉာဏ်ကို အထင်သေးမှာစိုးလို့ အတင်း ဝင်ထောက်ခံတယ်။ လူကြီးက ဖန်ဂေါ်လီဝယ်တယ်ဆိုတော့ ငှက်ပစ် ဖို့ဆိုတာ အဖြစ်နိုင်ဆုံးပဲလေ။

"မဟုတ်နိုင်ဘူး ဟာဆီ ... ငှက်ပစ်ဖို့အတွက်ဆိုရင် မြို့တက် ဝယ်စရာလိုမှာလား၊ နောက် ငှက်ဆိုတာ ရိုးထဲဝင်ပစ်စရာမှမလိုဘဲ ရွာနောက်ဘက်ထွက်ပြီး တောတန်းမှာပစ်ရုံနဲ့တင် အကောင် ၃-၄၀ မလိုချင်အဆုံးပဲ၊ အခု ... ဖေကိုကိုယ်တိုင် မြို့တက်ဝယ်တာ ဆိုတော့ အကြံအစည်ကြီးကြီးမားမား ရှိရမယ်"

"ဒါဆို ... ကျွန်တော်တို့ ဘာဆက်လုပ်ကြမှာလဲအဘ..."

ညိုကြီးအောင့်က တပည့်မိပိ ဝင်မေးတယ်။ ဟုတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



– သူကမသိရင် ဆရာကိုမေးမယ်။ ဆရာခိုင်းရင်လုပ်မယ်။စဉ်းစား တွေးခေါ်မှုနဲ့ ညိုကြီးအောင်နဲ့ဆိုတာ ပြဒါးတစ်လမ်း၊ သံတစ်လမ်း ပဲ။

"ဘာလုပ်ရမှာလဲ ... ဖန်ဂေါ်လီတွေ လိုက်ဝယ်ရမှာပေါ့၊ ဒီအတိုင်း လက်ဖဝါး ခြေဖဝါးပြန်သွားရင် မြို့တက်လာတဲ့စရိတ် ဘယ်သူခံမှာလဲ၊ တို့ရွာပြန်ရောက်ရင် ဖေကို့အကြံအစည်ကို တင်ညွှန့်သိနေနိုင်လောက်ပါပြီလကွာ..."

"အာ ... အာကိုကြီးနော် ... ဖန်ဂေါ်လီဝယ်မယ်၊ တအားကို လွယ်ဘူး ..."

"ဒီမှာ ... ဟာဂျီဟာဆီ၊ ပိန်တူးရဲ့ဟက်ထရီမှာ မရနိုင်ဘူး ဆိုတာ မရှိဘူး၊ ဂေါ်လီပရောဂျက်အတွက် မင်းတို့တစ်မြို့လုံးကို မြေလှန်သင့်ရင် လှန်ရမှာပဲ ..."

ဦးဟာဆီဆိုတာ ဦးပိန်တူးပြောတဲ့ ဟက်ထရီတွေ၊ ပရော ဂျက်တွေကိုတော့ နားမလည်ဘူး။ ဒါပေမဲ့ မြေလှန်မယ်ဆိုတာတော့ နားလည်တယ်။ ဒီတော့ ဦးပိန်တူးမြေလှန်လို့ မြို့ပျက်ရင် ပြေးနိုင် အောင်ဆိုပြီး အထုပ်ပြင်ဖို့ တွေးနေတော့တာ။



www.burmeseclassic.com

www.burmeseclassic.com

တင်ညွန့် ခနိုရည်ကို ဖိမ်ဆွဲသောက်ရင်း လေးလေးနက်နက် စဉ်းစားနေတယ်။ ကလေးတွေကစားတဲ့ ဖန်ဂေါ်လီဆိုပေမယ့် သူ့အတွက်တော့ ဘဝတစ်ခုလုံးနဲ့ ပတ်သက်လောက်အောင် အရေးကြီးနေတာမဟုတ်လား။ ပထမဦးဆုံးအနေနဲ့ အဘက သူ့တစ်ကိုယ်တော် ဆောင်ရွက်ဖို့ပေးထားတဲ့ ပရောဂျက်လေ။

ခက်တာက ဦးဖေကိုတို့ဆိုင်နဲ့ အသိုက်အဝန်းထဲကို သူကိုယ်တိုင် ဝင်စုံစမ်းလေ့လာလို့မရဘူး။ အနီးအနားက ကလေးတွေလွှတ်ပြီး ဦးဖေကိုဆိုင်ကို ဖန်ဂေါ်လီဝယ်ခိုင်းတာကလည်း ဖန်ဂေါ်လီတော့ထား၊ လောက်စာလုံးတောင် ရောင်းဖို့မရှိဘူးတဲ့။

ဦးဖေကိုက ဈေးကစားချင်လို့ ဖန်ဂေါ်လီတွေကို ထုတ်မရောင်းသေးဘဲ သိမ်းထားတာလား။ ဒါလည်းမဖြစ်နိုင်ဘူး။ သူတို့ရွာမှာ ဖန်ဂေါ်လီလိုဟာမျိုးက ဘယ်လောက်ရှားရှား ဈေးကြီးပေးပြီး အလုအယက်ဝယ်လာစရာ ဘာအကြောင်းမှမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဦးဖေကိုဆိုတာ ဒီနယ်တစ်ခွင်မှာ ရာဇဝင်တွင်လောက်
အောင် လည်ပတ်မှုရှိတယ်ဆိုတာကို အားလုံးလက်ခံထားရတာပဲ
သေချာတဲ့လုပ်ကွက်မရှိဘဲတော့ ဖန်ဂေါ်လီတွေ ဒီလောက်များများ
ဝယ်ထားမှာမဟုတ်ဘူး။ သိပ်မကြာပါဘူး၊ တင်ညွန့်ရဲ့ ရိဝေဝေ
အတွေးထဲကို ဆံပင်ကောက်ကောက်၊ နှာခေါင်းချွန်ချွန်နဲ့ ပြုံးနေတဲ့
မျက်လုံးကို ပိတ်လုမတတ်မှေးထားတဲ့ မျက်နှာတစ်ခု ဝင်လာတယ်
တင်ညွန့်ဆိုတာ ဝမ်းသာလွန်းလို့ သူ့ပေါင်ကို သူဖြောင်းခနဲ
နေအောင် ရိုက်မိသွားတယ်။ ဒီကောင့်ဆီရောက်ရင် သူ့အတွေးခေါ်
နေတဲ့ ပြဿနာဆိုတာ သဲထဲရှူးရှူးပေါက်သလို အပ်ရာလောက်
တောင် မထင်နိုင်ဘူး။

ဒီတော့ ခနိရည်ဖိုးကို အမြန်ရှင်းပြီး ရွာအနောက်ပိုင်းကို
သုတ်ခြေတင်လိုက်တယ်။ စီးပွားရေးနဲ့ပတ်သက်ရင် တစ်မိနစ်ဆိုတာ
အပြောင်းအလဲ အများကြီးဖြစ်သွားနိုင်တယ်လေ။

အဲ ... တင်ညွန့်တွေးသလောက်လည်း သူတို့ရွာရဲ့
စီးပွားရေးစနစ်က မြန်ဆန်မှုမရှိသေးပါဘူး။ တင်ညွန့် အနောက်ပိုင်
က မူဆာအိမ်ရောက်တဲ့အထိ ဘာမှ ထူးခြားပုံမပြဘူးလေ။ ဒီနေ
မနက်ခင်းမှာ မူဆာဆိုတာ ဈေးဦးတောင် ပေါက်ပုံမပေါ်သေးဘူး
အိမ်ရှေ့ကွပ်ပျစ် မှာ ကွေးကွေးလေးမှိန်းနေတုန်းပဲ။

ခြေလှမ်းကျဲကြီးတွေနဲ့ဝင်လာတဲ့ တင်ညွန့်ကိုမြင်တော့



www.burmeseclassic.com

 www.burmeseclassic.com 

မူဆာက မျက်လုံးကို ဖွင့်တယ်ဆိုရုံလေး ဖွင့်ပြီးကြည့်တယ်။ အဲဒီ မှေးတဲ့မျက်လုံးကိုက မူဆာရဲ့ကိုယ်ပိုင်ဟန်ပဲ။ ဒါကြောင့် ဘိန်းစား မူဆာရယ်လို့ နာမည်ကြီးတယ်လေ။ တကယ်တော့ မူဆာက ဆေးလိပ်တောင် သောက်တာမဟုတ်ဘူး။

"အင်း ... မင်းရောက်လာမယ်ဆိုတာ ငါကြိုသိနေပါတယ် တင်ညွန့်ရ ..."

"ဟင် ..."

မူဆာစကားကိုကြားတော့ တင်ညွန့် မင်သက်အံ့သြသွားတယ်။ သူက တစ်ဖက်လူသတင်းကို မနှိုက်နိုင်သေးခင် တစ်ဖက်လူက သူတို့သတင်းကို နှိုက်သွားပြီလား။

"ဒီ ... ဒီနေ့မနက်စောစော မူဆာဆီကို ဘယ်သူရောက်သွားပြီလဲ"

အလွန်မှ တိုးတိတ်ညင်သာတဲ့အသံနဲ့ မူဆာ ပြန်ဖြေ တယ်။ ဒါကလည်း မူဆာရဲ့ ကိုယ်ပိုင်အသံပဲ။ လူကတော့ ပုဆိုးစုတ်ခြုံပြီး အိပ်နေရာက ထတောင်မထသေးဘူး။

"ဘယ် ... သူ ... မှ ... မ ... ရောက် ... သေး ... ဘူး"

"ဒါ ... ဒါဆို ... မနေ့ ... မနေ့ကကော"

တင်ညွန့် အသံတွေဘာတွေတောင် တုန်လာတယ်။ တစ်ဖက်လူဟာ သူ့ထက် ခြေလှမ်းတော်တော်သာနေတဲ့ပုံပဲ။ ကြည့်စမ်း ... ဘာဖြစ်လို့ မူဆာကို စောစောစီးစီး သတိမရတာပါလိမ့်။

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီနယ်တစ်ဝိုက်မှာတော့ မူဆာက ဦးဖေကိုရဲ့ ရေဒီယိုဆိုတာ ထက်တောင် သတင်းအချက်အလက် နှံ့စပ်သေးတာပဲ။ တကယ်တော့ သတင်းအချက်အလက်ဆိုတာက မူဆာရဲ့ အဓိကစီးပွားရေး အလုပ်လေ။

မူဆာက အလွန်နွေးထွေးလေးလံတဲ့ အမူအရာနဲ့ အိပ်နေရာက ထထိုင်တယ်။ ပြီးတော့ တင်ညွန့်ကို ဘာမှမပြောသေးဘူး။ ဘယ်နေ့ကတည်းက လက်ကျန်မှန်းမသိတဲ့ ရေနွေးကြမ်းကို မည်းညစ်ညစ်ပန်းကန်လုံးထဲ ထည့်သောက်တယ်။ သူသောက်ပြီးမှ တစ်ခွက်ထပ်ငှဲ့ပြီး တင်ညွန့်ကို ကမ်းပေးတယ်။

ဒါက မူဆာရဲ့အစဉ်အလာပဲ။ လုပ်ငန်းကိစ္စအတွက် လာတဲ့လူဟာ မူဆာငှဲ့ပေးတဲ့ရေနွေးကြမ်းကို သောက်ရတယ်။ ရေနွေးကြမ်းခွက်ကို ယူမသောက်ရင်တော့ မူဆာဆီက ဘာအချက်အလက်မှ သိဖို့မကြိုးစားနဲ့တော့။

တင်ညွန့်က မူဆာကမ်းပေးတဲ့ ရေနွေးကြမ်းခွက်ကို ကမူးရှူးထိုး ယူသောက်လိုက်တယ်။ သူ့ရင်ထဲမှာ သိချင်စိတ်တွေဆိုတာ အပျိုကြီးလင်လိုချင်သလို ကျိတ်မနိုင် ခဲမရ ရှန်းထနေပြီလေ။ ရေနွေးကြမ်းသောက်ပြီးတော့ ခွက်တောင်ပြန်မကမ်းနိုင်သေးဘူး။

"ပြော ... ပြောပါဦးကွ၊ မနေ့က ဘယ်သူရောက်သွားသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှမရောက်ပါဘူး"

မူဆာအသံက တုံးတိတိ၊ အေးစက်စက်ပဲ။

"ဟင် ... ဒါဆို ငါလာတာ မင်းသိနေတယ်ဆို ..."

"ဟုတ်တယ်လေ ... ငါက နိုးနေတာကြာပြီ၊ မင်းလာတာ ရှာကဝ[illegible]ဘ်ကတည်းက လှမ်းမြင်နေရတာကိုး"

တင်ညွန့်မျက်နှာဆိုတာ ရယ်ရခက်၊ ငိုရခက် ဖြစ်သွားတယ်။ ဘာမှတော့ မူဆာကို ဆင်ခြေထပ်မတက်ရဲပါဘူး။

"ထားပါတော့ ... အခု မင်းဆီကိုငါလာတာ သတင်းတစ်ခု သိချင်လို့"

"အေးပါ ... ငါသိပါတယ်"

ဘယ်လိုသိတာလဲ။ တင်ညွန့် ထပ်မမေးရဲတော့ဘူး။ မင်းပြောလို့သိတယ်ဆို အခက်မဟုတ်လား။

"အင်း ... သတင်းက နည်းနည်းတော့ လျှို့ဝှက်တယ် မူဆာရ ..."

တင်ညွန့်စကားကြောင့် မူဆာရဲ့ မှေးစင်းနေတဲ့မျက်လုံး မဆိုစလောက် ထပ်ပွင့်လာတယ်။

"ဟော့ကောင် ... မင်း ငါ့ဆီလာတာ သတင်းဝယ်ဖို့ လာတာ လား၊ ပညာပြိုင်ဖို့လာတာလား၊ ဘာဘာ ဘာမှမသိပါဆိုတာ မူဆာ့ ဘဝမှာမရှိဘူး၊ ငါ့ဆောင်ပုဒ်ကိုက မူဆာ ... မူဆာ အကုန်သိတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်တဲ့ဈေးနှုန်းပေးရင် အကုန်သိရမယ်၊ မင်း အင်္ဂလန်ဘုရင်မ ကြီးရဲ့ မွေးသက္ကရာဇ် သိချင်လား ... ဈေးနှုန်းက ငါးကျပ်ပဲ"

သတင်းအချက်အလက်တန်ဖိုး ၅–ကျပ်ပြောလို့ သွားမရယ်နဲ့၊ စွပ်ကျယ်အင်္ကျီတစ်ထည်မှ ၂–ကျပ်ပဲပေးရတာ။ နည်းတဲ့ ငွေကြေးပမာဏလား။

"ယုံ ... ယုံပါတယ် ငါ့ကောင်ရာ၊ အခုကိစ္စက ငါ တကယ်ကို ခေါင်းပူနေလို့ပါ"

"အေးလေ ... မင်းခေါင်းပူလို့ ငါ့ဆီရောက်လာပြီ မဟုတ်လား၊ ပြောပေါ့ ..."

"ပြောရရင်တော့ ... အဲ ... သူများကို မကောင်းကြံဖို့ ရယ်လို့တော့ မဟုတ်ပါဘူး"

"မင်း တော်တော်လျှာရှည်တဲ့ကောင်ပဲ၊ ငါက သတင်း အချက်အလက် ရောင်းစားနေတဲ့ကောင် ... တရားဟော မဗ္ဗကထိက မဟုတ်ဘူး၊ မင်းပြောစရာရှိတာ မြန်မြန်ပြော၊ အချိန်ဟာ စိန်အလား တန်ဖိုးရှိတယ်"

"ဟုတ်ပါပြီ ... ငါသိချင်တာက ဦးဖေကိုတို့ ဖန်ဂေါ်လီတွေ မြို့တက်ဝယ်တယ်ဆိုတဲ့ကိစ္စပဲ ..."

တင်ညွန့်ပြောတဲ့မေးခွန်းကိုကြားတော့ မှေးစင်းစင်း လုပ်ထားတဲ့ မူဆာ့မျက်လုံးတွေ ပိုပိတ်သွားတယ်။ ပြီးမှ တင်ညွန့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတည့်တည့်ကို လှည့်ပြီး လက်သုံးချောင်းထောင်ပြတယ်။

"မင်းဟာကဘာလဲ၊ အချက်သုံးချက်ရှိတယ်ဆိုတဲ့ သဘော လား"

"ထွမ် ... မင်းသိချင်တဲ့ သတင်းအတွက် ငွေ ၃၀ ပေးရမယ် လို့ပြောတာ၊ ငါနဲ့ဆက်သွယ်လာတာပဲကြာပြီ၊ ဒါတောင် မသိသေး ဘူးလား၊ မင်းသိချင်တဲ့သတင်းကို မပြောပြခင် ဈေးစကား အရင် ပြောမယ်၊ ငွေလက်ငင်းရှင်းရမယ် ... ဟုတ်ပြီလား"

"မဟုတ်သေးပါဘူး မူဆာရာ ... ဒီဖန်ဂေါ်လီကိစ္စက ဒီလောက်တန်ဖိုးမြင့်လို့လား၊ ငွေ ၃၀ နဲ့ ဖန်ဂေါ်လီဝယ်မယ်ဆို ရင်တောင် အလုံး(၁၀၀၀)လောက် ရလိမ့်မယ်"

"ဟ ... ဒါကတော့ မင်းသဘောပဲလေ၊ ငါက မင်းကို လာပါ,ဝယ်ပါ ပြောနေလို့လား၊ မင်းက များတယ်ထင်ရင် လာရာ လမ်းအတိုင်းသာ ပြန်ပေတော့"

"အဲ ... အဲလိုကြီးလည်းမဟုတ်ဘူးလေ၊ ငါပြောတာက မင်းဈေးနှုန်းကို နည်းနည်း ..."

"ဟော့ကောင် ... တော်တော့၊ မူဆာဆိုတဲ့ကောင်က အလကားသတင်းကို အလကားပေးတယ်၊ အေး ... ၃၀ တန်တဲ့ သတင်းကိုတော့ ၂၉-ကျပ်ဆိုရင်တောင် မရဘူး"

ဘာတတ်နိုင်မှာလဲ။ တင်ညွန့်စိတ်ထဲမှာက သိချင်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com


မျို့တက်နေပြီ။ နောက်နေ့ဆို မြို့တက်သွားတဲ့ ဦးပိန်တူးနဲ့ ညိုကြီးအောင်လည်း ပြန်ရောက်တော့မယ်။ အိတ်ထဲက ငွေ ၃၀ ထုတ်ပြီး ကမ်းပေးလိုက်ရတော့တာပေါ့။ မူဆာက ငွေ ၃၀ ကို လှမ်းယူပြီး ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်သေးတယ်။ တင်ညွန့်ခမျာ မူဆာပါးစပ်ကထွက်လာမယ့် စကားလုံးကို မျှော်လင့် ရင်း မျက်လုံးတောင် ပြူးပြူးဆောင့်တက်လာပြီ။

"အင်း ... သတင်းအချက်အလက်ကို တန်ဖိုးထားရကောင်း မှန်း သိတဲ့လူဟာ ဘယ်တော့မှ အချည်းနှီးမဖြစ်ဘူးကွ"

"ဟာ ... သတင်းကို ပြောမှာပြောစမ်းပါ"

"စိတ်ချပါကွာ ... မင်းငွေကိုလက်ခံပြီးမှတော့ ဒီသတင်း အချက်အလက်ကို သိကြားမင်း စတင်းဂန်းကိုင်လာတားလည်း ငါပြောမှာပါ၊ မင်း သတင်းတန်ဖိုးပေးရကျိုးနပ်အောင် နိဒါန်းပျို့ ပြနေတာ"

"ဟုတ်ပါပြီ ... ငါတန်ဖိုးထားတတ်၊ လေးစားတတ်ပါ တယ်၊ ပြောပါတော့"

"အေး ... နားထောင်၊ ဦးဖေကိုတို့ ဖန်ဂေါ်လီတွေဝယ်တာက ရိုးမတောထဲကို ဝင်ဖို့အတွက်ပဲ"

"ဟင် ... ဒါတော့ ငှက်ပစ်ဖို့ရှိမှာပေါ့ ... အရေးကြီး ကိစ္စမှမဟုတ်ဘဲ"

သိမ့်ထိုက်စာပေ

www.burmeseclassic.com



မူဆာစကားကိုကြားတော့ တင်ညွန့် တော်တော်စိတ်ပျက်သွားတယ်။ သတင်းအချက်အလက်က ဒီလောက်ပဲဆို ၃၀ မပြောနဲ့ ၃-ကျပ်တောင် မပေးသင့်ဘူး။

"မင်းပဲ စဉ်းစားကြည့်စမ်းပါဦး၊ ဦးဖေကိုလိုလူက ကိုယ်တိုင်တောထဲဝင် ငှက်ပစ်စရာလိုလို့လား"

"ဒါတော့ ပြောနိုင်ဘူးလေ၊ ဟိုတုန်းက ရှင်ဘုရင်တွေတောင် တောထဲဝင် အမဲပစ်သေးတာပဲ၊ ဦးဖေကိုက ဘာ့မို့တုန်း"

"အော် ... တင်ညွန့် ... တင်ညွန့်၊ မင်းက ဦးပိန်တူးရဲ့ ညာလက်ရုံးလုပ်နေပြီးတော့ တကယ်တမ်းကျ အတွေးအခေါ်မှာ ကျောင်းခွေးအဆင့်တောင်မှမရှိဘဲ၊ ဦးဖေကို ငှက်ပစ်မယ့်သတင်းလောက်ကို ငါလိုကောင်က ၃၀ တောင်းယူပါ့မလား"

"ဒါဆိုလည်း အဓိကသတင်းကိုပြောကွာ ...၊ ငါခေါင်းမူးလာပြီ"

ဟုတ်တယ် ... ခုနိုရည်သောက်နေတုန်းကတောင် သူဒီလောက်မမူးဘူး။ မူဆာ့သတင်းကို နားထောင်ရတော့မှ ခေါင်းထဲမှာ ရဟတ်လည်နေပြီ။

"ဦးဖေကိုတို့ ရိုးမထဲဝင်မှာက အလွန်အဖိုးတန်မယ့် ပစ္စည်းတစ်ခုကို ရှာဖွေဖို့အတွက်ဝင်မှာ ... ရက်တော်တော်ကြီး ကြာမယ့်ပုံရှိတယ်၊ ဒါကြောင့် အန္တရာယ်ကာကွယ်ဖို့အတွက် ဖန်ဂေါ်လီတွေ ဒီလောက်များများဝယ်လိုက်တာ ..."

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဖန်ဂေါ်လီနဲ့ ဘာသွားပစ်လို့ရမှာလဲ"

"ဟာ ... ဖန်ဂေါ်လီက အကြမ်းခံတယ်၊ ဖန်ဂေါ်လီမဝယ်လို့ သေနတ်ဝယ်ရမှာလား၊ ထောင်ထဲတန်းရောက်သွားမှာပေါ့"

"ဒါဆို ရိုးထဲမှာ ဝံတွေ၊ ကျားတွေ အန္တရာယ်ရှိလာရင်ကော"

"ဦးဖေကိုတို့နဲ့အတူ ဟိမဝန္တာတောင်လုံးဆိုတဲ့ မုဆိုးအခ်ယောက်လည်း ပါလိမ့်မယ်၊ သူတို့ရှာမယ့်ပစ္စည်းကို အဓိကသိတဲ့လူဟာလည်း အဲဒီမုဆိုးဖြစ်မှာပဲ ..."

"အဲ ... အဲဒီ ... အလွန်အဖိုးတန်မယ့်ပစ္စည်းဆိုတာက ..."

မူဆာက ရေနွေးကြမ်းတစ်ခွက် ထပ်ငှဲ့သောက်တယ်။ သူ့အလေ့အကျင့်အရ ပြောရရင်တော့ နှုတ်ပိတ်သွားပြီဆိုတဲ့ သဘောပဲ။

"ပြော ... ပြောစမ်းပါဦးဟာ ..."

"သတင်းက ငွေ ၃၀ ဖိုး ပြည့်သွားပြီ"

"အော် ... မင်းက သတင်းကို အပိုင်းပိုင်းဖြတ်ပြီး ဘယ်လောက်အထိ ရောင်းနေမှာလဲ"

မူဆာ ခေါင်းကိုယမ်းတယ်။ ပြီးတော့မှ လေးလေးပင်ပင်အသံနဲ့ ...

"နောက်ဆက်တွဲသတင်းကိုတော့ ဘယ်လောက်ပေးပေး မရောင်းနိုင်ဘူး"

"ဘာလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါကိုယ်တိုင်လည်းမသိသေးလို့ပဲ"

မှူဆာက ပြောလိုက်ရင် အဲလိုအရှင်းပဲ။ ဒါကြောင့်လည်း ဘိန်းစားမှူဆာရယ်လို့ နာမည်ကြီးတာ မဟုတ်လား။ ပွဲကိုပြတ်ရော။

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"မင်းသတင်းက ဟုတ်ပါ့မလား' တင်ညွန့်ရာ ... တက
တမ်း ရိုးထဲဝင်ဖို့အတွက်ဆို ဖန်ဂေါ်လီ ဒီလောက်များများလို
လား"

ဦးပိန်တူးက တင်ညွန့်ပြောတဲ့သတင်းကြားတော့ မျက်မှေ
ကြီးကုတ် ပြန်မေးတယ်။ နောက် ... ရာဇဝင်အူပေါက် တုတ်
ထောက်တဲ့ကိစ္စတွေကိုလည်း သိပ်စိတ်မဝင်စားဘူးလေ။

"အဘရယ် ... မခိုင်လုံဘဲနဲ့ ငွေ ၃၀ ပေးပါ့မလား၊ အ
တပည့် တင်ညွန့်လည်း လူလည်ပါ၊ မူဆာ ရဲရဲဝံ့ဝံ့ပြောပြီဆို
စိတ်သာချ၊ ရေတွင်းကိုသာ အပြောင်းအရွှေ့လုပ်လို့ရမယ်၊ မူ
သတင်းက ဘယ်တော့မှ အပြောင်းအလဲမရှိဘူး"

ဦးပိန်တူး ပြန်ငြိမ်ကျသွားတယ်။ မူဆာ့အကြောင်းကို
သူလည်းသိတယ်။ ဒီကောင်က သတင်းသမားသိပ်ပီသတဲ့ကော



www.burmeseclassic.com

www.burmeseclassic.com


ဘယ်တော့မှ ရထားတဲ့သတင်းကို ချဲ့ခြင်း၊ ချုံ့ခြင်း မလုပ်ဘူး။ ရောင်းလိုက်ရင်လည်း သတင်းစစ်သလားတော့ သွားမမေးနဲ့၊ အရက်ပုန်းရောင်းတဲ့ ဒေါ်ခွေးမရဲ့ မီးတောက်အရက်ထက်ကို စစ်သေးတယ်။

"အိမ်း ... ဒါဆို ငါတို့ဘာဆက်လုပ်ကြမလဲ ..."

"ဟာ ... အဘကလည်း သူများပစ္စည်း ကိုယ့်ပစ္စည်း ဖြစ်အောင် လုပ်ရမှာပေါ့၊ ဒီသတင်းအတွက် ဘိန်းစားမူဆာကတောင် ၃၀ တောင်းတယ်ဆိုတော့ တန်ဖိုးနည်းမှာမဟုတ်ဘူး၊ ရလိုက်ရင် အဘတစ်သက်၊ ကျွန်တော်တို့တစ်သက် အေးချင်အေးမှာ ..."

ဒါမျိုးကျ စိတ်မြန်လက်မြန်နဲ့ ညိုကြီးအောင်က ဝင်ပြော တယ်။ သူက ထိုင်နေ၊ ငိုက်နေတာတို့ သဘောတွေ့တာမဟုတ်ဘူး။ လုပ်စရာရှိ ထလုပ်၊ သောက်စရာရှိ ကုန်အောင်သောက်ဆိုတဲ့ စိတ်မျိုးပဲ။

"ဟေ့ကောင် ... ညိုကြီးအောင်၊ မင်း ဦးနှောက်မရှိတိုင်း စွတ်ဝင်ပြောမနေနဲ့၊ ယူချင်တိုင်း ထယူလို့ရမယ်များ မှတ်နေလား၊ ဦးဖေကိုဆိုတာက ဂျင်ပေါ်ကထုံး၊ ထုံးပေါ်က ကွမ်းတံတွေးစက် လောက် လည်တဲ့လူကြီး၊ နောက်ပြီး ဒီအကြောင်းကို အတွင်းကျကျ သိတဲ့ မုဆိုးဆိုတာလည်း သူ့ဘက်မှာပဲ"

"အေး ... တင်ညွန့်ပြောတာလည်း မှန်တယ်၊ ညိုကြီးအောင်


www.burmeseclassic.com

www.burmeseclassic.com


ပြောတာလည်း မှန်တယ်၊ သူများပစ္စည်း ကိုယ့်ပစ္စည်းဖြစ်အော
လုပ်ရမယ်၊ ဒါပေမဲ့ ဖေကိုဆိုတဲ့ကောင်ရဲ့ပစ္စည်းလည်း မဟုတ်သေ
ပါဘူး၊ လျှင်သူစားစတမ်းပေါ့ကွာ၊ ဒီတစ်ပွဲတော့ ကျားနဲ့သမ
လယ်ပြင်မှာတွေ့ကြပြီပေါ့၊ ဟား ... ဟား ... ဟား ...”

ဦးပိန်တူးက သူ့စကား သူသဘောတွေပြန်ကျပြီး တဟားဟာ
ရယ်တယ်။ ညိုကြီးအောင်လည်း ဘာရယ်မဟုတ်ဘူး၊ သူ့အဘ
ရယ်တယ်ဆိုတော့ တဟားဟား လိုက်ရယ်ပြန်တာပဲ။ တင်ညွှ
ကတော့ နားမလည်သလိုအမူအရာနဲ့ မျက်လုံးလေး ပေကလပ်
ပေကလပ် လုပ်ပြီး ...

“ဟင် ... အဘ၊ ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြမယ်လ
မဟုတ်ဘူးလား”

တင်ညွှန့်အမေးစကားကြားတော့ ရယ်နေတဲ့ ဦးပိန်တူ
မျက်နှာကြီး ဆတ်ခနဲ တည်သွားတယ်။

“ဟကောင်ရ ... ဖေကိုဆိုတဲ့အကောင်ဟာ ငါနဲ့ယှဉ်လိုက်ရ
ဆင်အဆင့်ကို မရောက်နိုင်ပါဘူးကွာ၊ သမင်အဆင့်နဲ့တင် ကျေ
စားခံရမှာပါ၊ ဒီကောင်က သမင်၊ ငါကကျား ... အဟား ... ဟာ
... ဟား ... ကျားနဲ့သမင် လယ်ပြင်မှာတွေ့ကြပြီပေါ့ကွာ ... ဟာ
... ဟား ... ဟား ...”

ဒီတော့မှ တင်ညွှန့်လည်း အားရပါးရကြီးကို လိုက်ရယ်နိ
တော့တယ်။ သူ့အဘက ကျားဖြစ်သွားပြီကိုး။

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com

၃

ဦးဖေကိုရှေ့မှာရပ်နေတဲ့ ညီကြီးတို့သုံးယောက်ပုံစံက တကယ့်ကို တိုက်ပွဲဝင်တော့မယ့် စစ်သူရဲကောင်းကြီးတွေလို ခေါင်းမော့၊ ရင်ကော့ပြီး ကြွားကြွားဝင့်ဝင့် ဖြစ်နေတယ်။ တကယ်လည်း သူတို့ခရီးအတွက် လက်နက်၊ ရိက္ခာ အကုန်လုံလောက်နေပြီလေ။

"ညီကြီး ..."

"ရှိ ..."

ဦးဖေကိုခေါ်သံကြားတော့ ညီကြီးက သံပြတ်နဲ့ထူးပြီး ရှေ့ကို ခြေတစ်လှမ်းတိုးထွက်ရပ်တယ်။

"ဒီခရီးအတွက် မင်းပါစရာမလိုဘူး ..."

"ခင်ညာ ..."

ဦးဖေကိုပြောစကားကြောင့် စောစောက ပျော်မြူးတက်ကြွ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ညီကြီးမျက်နှာ တစ်ချက်တည်း တောင်ပြိုမိုးလို ညိုးကျသွားတယ်။

"ဟုတ်တယ် ... ရိုးမထဲကို ငါရယ်၊ ပေါက်စရယ်၊ ဗလုရယ်၊ ဟိမဝန္တာတောင်လုံးရယ်ဆို လုံလောက်ပြီ"

"ကျွန် ... ကျွန်တော် ... ဘာ ... ဘာများလုပ်မိလို့လဲ ဆရာရယ်၊ ကျွန်တော် တာဝန်ကျေလွန်းလို့ ဆရာကိုယ်တိုင်တောင် ဘာလက်ရုံးဘွဲ့ကြီး ပေးအပ်ခဲ့တာမဟုတ်လား"

ပေါက်စနဲ့ ဗလုကတော့ ညီကြီးအဖြစ်ကိုကြည့်ပြီး ဝမ်းထဲမှာ ကျိတ်အူမြူးနေတယ်။ လူတစ်ယောက်လျော့ရင် ဝေစုတစ်စု နည်းပြီလေ။

"မင်း ... ရိုးမထဲလိုက်စရာမလိုဘူးဆိုတာ အပြစ်ရှိလို့ ပြောတာမဟုတ်ဘူး"

"အဟား ... ဆရာ့တပည့် ပင်ပန်းမှာစိုးလို့လား၊ စိတ်ချပါ ဆရာရယ် ... လယ်တစ်တာလောက်ကို ခါးတောင်းကျိုက် တစ်ကျိုက်တောင်မပြုတ်ဘဲ ထွန်လာခဲ့တဲ့ညီကြီးပါ၊ ရိုးမခရီးလောက်ကတော့ ဒီတောင်တန်း မောင်ထမ်းလို့ခေါ်ပါ့မယ်သီချင်းလေးဆိုပြီးတောင် လျှောက်ပြလိုက်ဦးမှာ ..."

"ဟော့ကောင် ... ငါကဆရာ၊ ငါကမလိုက်နဲ့ဆို ကျန်ရစ်မှာပဲ"

www.burmeseclassic.com



"ဆရာက ဆရာပေါ့ဆရာရယ်၊ ဒါပေမဲ့ ... ဆရာ ... အပေါင့် ..."

"ငါတို့အားလုံး ရွာကနေ ဖျတ်ခနဲပျောက်သွားလို့မဖြစ်ဘူး၊ အဲလိုဆို ဒီကလုပ်ငန်းတွေ ရပ်ဆိုင်းသွားသလို၊ ငါတို့အကြံအစည်ကိုလည်း လူတွေရိပ်မိသွားနိုင်တယ်၊ ဒါကြောင့် ဒီကလုပ်ငန်းတွေကို ဦးစီးပြီး မင်းကျန်ခဲ့ရမှာ ..."

"ဒီ ... ဒီမှာ ... ဆရာကတော်လည်းရှိနေတာပဲ ..."

"ဟ ... သူက အရေးကိစ္စရှိရင် ဘာမျှားပြောတတ်၊ ဆိုတတ်၊ လုပ်တတ်၊ ကိုင်တတ်လို့လဲ၊ ပြောသမျှခေါင်းညိတ်ရုံကလွဲပြီး ဘာမှမရဘူး"

ဟုတ်တယ်။ ဦးဖေကိုမိန်းမ ဒေါ်မြသောင်းက တကယ့်တောသူပီပီ ရိုးရိုးအေးအေးကြီးပဲ။ ဦးဖေကိုပြောလာသမျှကို "ဟုတ်ကဲ့ပါတော်" ဆိုတဲ့ တစ်ခွန်းကလွဲပြီး ဘာမှပြန်မပြောတတ်ဘူး။ တစ်ရွာလုံးခေါ်ကြတဲ့ နာမည်ကိုပဲကြည့်ပါလား "ဟုတ်ကဲ့ပါတော် ဒေါ်မြသောင်း" တဲ့။

"ဒါလည်းမှန်ပါတယ် ... ဒါပေမဲ့ ကျွန်တော်လည်းလေလောကီသားပေမို့ ..."

"အော် ... ရ,ထားတဲ့ဘွဲ့နဲ့မလိုက်အောင် အတွေးချော်လိုက်တဲ့ အကောင်ကွာ၊ ငါက ဘယ်တုန်းကများ ခွဲခွဲခြားခြားလုပ်ဖူးလို့လဲ၊ ရလာတဲ့အခွင့်အရေးကို သာ၊ တူ၊ ညီ၊ မျှဆိုတဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ညာ ... သား၊ တူ၊ ညီများ ... တပည့်တွေမပါဘူးပေါ့နော် ..."

"ပြောလေ ... ကဲလေ၊ မန်းလေ ... ပြလေဆိုတဲ့ အကောင်မျိုး၊ သာ့,တူ့,ညီ,မျှကွ ... သား,တူ,ညီများ မဟုတ်ဘူး၊ မင်းဒီမှာကျန်ခဲ့ရလည်း တို့ရည်မှန်းတဲ့သေတ္တာကြီးရလာရင် မင်းအတွက်ဆစုတစ်ပုံပါပြီးသားပဲ"

"အဟီး ... ဆရာက စောစောကပြောပါတော့လား၊ ဆင်တော့ထင်သားပဲ၊ ဆရာ ဒီလို ခွဲခွဲခြားခြား မလုပ်ပါဘူးလို့..."

ညီကြီးဆိုတာ ခုမှ ရယ်ဖော်၊ ပြုံးဖော် ရလာတော့တယ်။

"အေး ... မင်းကို ငါမှာခဲ့မယ်၊ အရာရာကို စိတ်ချရပါစေနော်၊ ရီးမထဲကိုသွားတဲ့ငါတို့လည်း အရေးကြီးသလို ရွာမှာကျန်ခဲ့တဲ့ ခင်းလည်း အရေးကြီးတာပဲ၊ မင်းစကားတစ်ခွန်းကျွံလို့ မဖြစ်ဘူး"

"ဒါတော့စိတ်ချပါဆရာ၊ ဒါနဲ့ ဘယ်နေ့လောက် ခရီးထွက်မှာလဲ"

"အေး ... ဟိမဝန္တာတောင်လုံးရောက်တာနဲ့ ခရီးစထွက်မယ်၊ ဒီကောင်ကြီး ရွာရောက်ရင် ကြာကြာနေလို့မကောင်းတော့ဘူး၊ လူစိမ်းရောက်နေတော့ ဘာရယ်မဟုတ် အာရုံစိုက်လာနိုင်တယ်၊ အင်း ... မနက်ဖြန်လောက် ရောက်မယ်လို့ပြောတယ်၊ ဟိုနှစ်ကောင် ... ဗလုနဲ့ ပေါက်စ ..."



www.burmeseclassic.com

www.burmeseclassic.com


"ရှိ ..."

ဗလုနဲ့ပေါက်စ ထအော်ပြီး ပြိုင်တူ ရှေ့တစ်လှမ်းတိုးလိုက်တာ တစ်ယောက်ဖိနပ် တစ်ယောက်နင်းပြီး ဟပ်ထိုး ဟပ်ထိုး ဖြစ်သွားတယ်။ စိတ်တွေလှုပ်ရှားလွန်းလို့ ရင်တလှပ်လှပ်ခုန်နေတာကိုး။

"မင်းတို့နှစ်ကောင်ပါ လိုက်နားထောင်၊ ဒီခရီးနဲ့ ပတ်သက်ပြီး အားလုံးကို အစီကမှာစရာရှိသေးတယ်"

"စိတ်ချပါဆရာကြီးရယ် ... ရိုးမထဲသွားတယ်ဆိုမှတော့ ဘယ်နှစ်ရက်ကြာမယ်လို့ ကြိုမပြောထားကောင်းဘူးမှန်း သိပါတယ်"

ပေါက်စက အရင်ဆုံးပြောရင် ပိုမျက်နှာရလေမလားဆိုတဲ့ ဖော်လံဖားစိတ်နဲ့ နှုတ်ဦးအောင်သွက်လိုက်တယ်။

"အေပေး ... ခွေးမျိုး ... ထမင်းစား ... ချီးပဲဖြစ်တဲ့ကောင် ... လူကောင်ကြီးသလောက် အီးလောက်တောင် အသံမမြည်နိုင်တဲ့ကောင်"

"ဟို ... ဟို ... ဘာ ... ဘာဖြစ်လို့ဆဲတာလဲ ဆရာကြီး အီးအသံကျယ်တဲ့ကိစ္စကတော့ စားတဲ့အစားအစာပေါ်မှာ မူတည်ပါတယ်၊ ဒီလိုရာသီမှာ ဒညင်းသီးနဲ့ ဆူးပုတ်လေးများ စားထားမှ ကတော့ ..."


www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ခွေးကောင် ... မင်းအပေါက်ပိတ်စမ်း ... ငါ ...ရှိလက်ရှိ ပါးပိတ်တွယ်လိုက်လို့ သွားတွေ ဓာတ်နောက် ...ကသွားရမယ် ..."

"အဟီး ... ဆိုးပါဘူး၊ ဓာတ်နောက်လိုက်တဲ့လူဟာ မိန်းမ ...များရတယ်လို့ ပြောကြတာပဲ၊ ရွာတောင်ပိုင်းက ညီပုတောင် ...မှာ ကားဆွဲ(၃)နှစ်လိုက်လိုက်တာ မိန်းမသုံးယောက်ရခဲ့တယ် ..."

"တော်တော် ... သောက်သုံးမကျတဲ့ကောင်၊ ဓာတ်နောက် ...ရမယ်ဆိုတာ ငါပိတ်ရိုက်လို့ မင်းသွားတွေ ပါးစပ်ထဲက ...ထွက်သွားမယ်လို့ ပြောတာ ..."

"အဲ ... အဲလိုတော့ မလုပ်လိုက်ပါနဲ့ ဆရာကြီးရယ်၊ အရိုး ...င်းလေးကိုက်နေရတဲ့ ကျွန်တော်တို့ဘဝမှာ သွားမရှိရင် တကယ့် ... ဖြစ်လို့ပါ ..."

ဒီလို ရှင်းရှင်းလင်းလင်း သိအောင်ပြောတော့ ပေါက်စခမျာ ...ကြောက်သွားလိုက်တာ လက်အုပ်တချီချီနဲ့ ဒူးတောင် တဆတ်ဆတ် ...နေတယ်။

"အေး ... အဲလိုမဖြစ်ချင်ရင် ငါစကားပြောနေတုန်း ...ဖြတ်ဝင်မပြောနဲ့၊ ပြီးအောင် အထိ သေချာနားထောင်"

"ဟုတ်ကဲ့ ... သိပါပြီဆရာကြီး"

"ငါတို့ရိုးမထဲဝင်မယ့်ကိစ္စကို မင်းတို့ကလွဲပြီး မင်းတို့ ...သားစုတွေကိုတောင် မပြောမိကြစေနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျာ ..."

"ဟုတ်တယ် ... ဘူးအပေါက်တစ်ရာကို ပိတ်ရတာ လွယ်တယ်၊ ပါးစပ်တစ်ပေါက်ကို ပိတ်ရတာမလွယ်ဘူးတဲ့"

"ဒါ ... ဒါဆို ... ကျွန် ... ကျွန်တော်တို့က ..."

"ငါနဲ့အတူ ကုန်ပစ္စည်းကိစ္စနဲ့ မြို့ကိုသွားမယ်လို့ ပြောထား ကြ၊ ရက်တော်တော်ကြာမယ်၊ စိတ်ချလက်ချနေကြပါလို့ မှာထား လိုက်လည်းစုံစမ်းမနေပါနဲ့လို့ ပြောခဲ့ဦး၊ တော်ကြာ ... သတ လိုက်မေးနေလို့ တလွဲတွေဖြစ်ကုန်ဦးမယ်"

"ဟုတ် ... ဟုတ် ... သိပါပြီဆရာကြီး"

"သိတယ်ဆိုရင် ဒီနေ့ပဲ ခရီးအတွက် အပြီးပြင်ဆင် တော့၊ ဘာမှ လိုအပ်ချက်မရှိစေနဲ့ ... ကြားကြလား"

"ဟုတ် ..."

ဦးဖေကိုရဲ့ တပည့်သုံးယောက်ဆိုတာ ဆရာ့အမိန့်ဆုံးတာ နဲ့ ဖောင်းကလွှတ်ပေးလိုက်တဲ့ မြင်းသုံးကောင်လို ကဆုန်ပေါ ပြေးသွားကြတော့တယ်။


www.burmeseclassic.com

www.burmeseclassic.com

ဦးဖေကိုတို့က တောနဲ့တောင်နဲ့ပတ်သက်လို့ ဘာမှ
သည်တာမဟုတ်ဘူး။ ဒီတော့ ဟိမဝန္တာတောင်လုံး လုပ်သမျှကို
ိုင်ကြည့်နေရတာ။ ဟိမဝန္တာတောင်လုံးက တောစပ်ရောက်တာနဲ့
သင့်ယူလာတဲ့ အရက်ပုလင်းနဲ့ ကြက်ကင်ကို အပင်ကြီးတစ်ပင်မှာ
ဖြဲ စင်ပေါ်ကို တင်တယ်။

"လာလေဗျို့ ... ဦးအိဖေကို ခင်ဗျားတို့ပါ ကန်တော့ရမှာ..."

ဟိမဝန္တာတောင်လုံး ခေါ်သံကြောင့် ဗလုနဲ့ပေါက်စ ပြိုင်တူ
ဦးဖေကိုမျက်နှာကို ကွက်ခနဲ လှည့်ကြည့်တယ်။ တစ်သက်လုံး
အပေါ်ထက်ပဲ လူလည်လုပ်ခဲ့တဲ့ ဦးဖေကိုတပည့်တွေဆိုတော့
ောင်မှန်းမသိ၊ မြောက်မှန်းမသိ သစ်ပင်ကြီးထိုင်ကန်တော့ရဖို့
ကော်မဟုတ်လား။

"ဟေ့ကောင်တွေ ... ဘာငေးနေတာလဲ မြန်မြန်လာကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာတော့ ဦးဖေကိုက ဆရာပီပီ လူရည်လူ
ပိုလည်တယ်။ ဟိမဝန္တာတောင်လုံးရဲ့ အလိုလိုက်၊ အကြိုက်ဆော
မယ်ဆိုတာ သိပြီးသားပဲ။ ဆောင်ကြောင့်ထိုင် ပေါက်ဆိန်ပေါ
ပေါက်လိုက်ရင် အေးမယ့်ကိစ္စကို ဆွဲဆန့်မနေနိုင်ဘူးလေ။

ဦးဖေကိုတို့တွေ ဦးသုံးကြိမ်ပေါက်ပြီးလို့ ထမယ်ပြင်
ဟိမဝန္တာတောင်လုံးက လက်ကာပြတယ်။ ဆက်ထိုင်နေဆို
သဘောပေါ့။ ဘာတတ်နိုင်မှာလဲ။ ထိုင်ရတယ်လေ။

"အဟမ်း ... တောထဲကိုမဝင်ခင် ပြောစရာလေးရှိတ
ဦးအီဖေကိုတို့လည်း ကြားဖူးမှာပေါ့၊ ရွာမှာနေ ရွာစည်းကမ်း
တောမှာနေတော့ တောစည်းကမ်းတဲ့၊ တကယ်တော့ ... တောထဲ
ဝင်တဲ့လူဟာ သူ့အသက်ကို သူတစ်ဝက်ပဲပိုင်တော့တယ်"

"ဟမ်း ... ဒါဆို ကျန်တဲ့အသက်တစ်ဝက်ကို သူကြီးဆီ
ထားခဲ့ရမှာလား"

ပေါက်စက သူ့အကျင့်အတိုင်း စကားကို ဝင်ဖြတ်မေးလို
တယ်။ သူ့ဆရာဦးဖေကို ပြောနေတာမဟုတ်တော့ သိပ်မဟန့်
ဆိုတဲ့သဘောလည်း ပါတာပေါ့။

"အိမ်း ... အဲလို နှုတ်သရမ်းရင်တော့ ပြန်လမ်းမရှိ
ဖြစ်သွားလိမ့်မယ်၊ တောထဲကိုငင်လိုက်တာနဲ့ ငါတို့ရဲ့အသ
တစ်ဝက်ကို တောစောင့်နတ်၊ တောင်စောင့်နတ်မင်းကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်သွားပြီ၊ ကိုယ့်သဘောနဲ့ကိုယ် ... ကျန်တာတော့ထား တံတွေး
တောင် ထွေးချင်သလိုမထွေးရဘူး"

"အာ ... ဒါတော့လွန်လွန်းတာပေါ့၊ မြို့မှာလို စည်းကမ်း
တကျ အမှိုက်ပုံးရှိရင်တော့ ဟုတ်ပါရဲ့၊ ဒီအတိုင်းဆို တံတွေးထွက်တဲ့
အချိန်တိုင်း ပြန်ပြန်မျိုချနေရမှာပေါ့၊ ဒါတော့ ... သက်သက်ညစ်မှန်း
အသိသာကြီးပဲ"

ဘူးလေးရာ ဖရုံဆင့်ဆိုသလို ဗလှ ထပ်ဝင်ပြောလိုက်တဲ့
စကားကြားတော့ ပျက်လုလုဖြစ်နေတဲ့ ဟိမဝန္တာတောင်လုံးမျက်နှာ
ဟာ အပြီးသတ် မည်းခနဲဆင်းသွားတယ်။

"ဟိတ်ကောင်တွေ ... တော်စမ်း၊ ဒီလောက် စည်းမဲ့ကမ်းမဲ့
နိုင်လွန်းတဲ့ မင်းတို့နဲ့ တစ်ခရီးတည်းမသွားနိုင်တော့ဘူး"

"ဟာ ... ဒီလိုတော့ အပြတ်မပြောပါနဲ့ မုဆိုးကြီးရယ်
ဒီခရီးက ခင်ဗျားကို အားကိုးလာကြတာလေ"

ဦးဖေကိုက ဟိမဝန္တာတောင်လုံးရဲ့ အမူအရာကြောင့်
ပျာထွက်သွားတယ်။ ဟိမဝန္တာတောင်လုံး ငြင်းလို့ကတော့ သူတို့
ရည်မှန်းချက်ဆိုတာ သဲထဲ ဟိုဒင်းပေါက်သလို ပျောက်ကုန်မှာ
မဟုတ်လား။

"ဒီပုံအတိုင်းဆို ငြင်းရမှာပဲဗျ၊ ဒီကောင်တွေအများကြီး
ကျုပ်ပါ အသက်ဆုံးမခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါတော့ ကျုပ်ဆုံးမပါမယ်လေ၊ ဒီနှစ်ကောင်က ကျုပ်သေဆိုသေ, ရှင်ဆိုရှင်ပါ၊ ဒီခရီး ဒီနေရာကစလို့ ဒီနှစ်ကောင်ကို မုဆိုးကြီးလက်ထဲ အပ်ပါတယ်၊ မုဆိုးကြီးက ခွင့်မပြုဘူးဆိုရင် ဒီနှစ်ကောင် လေတောင်မရှူရဘူး ... စိတ်ချ၊ မုဆိုးကြီး သဘော မတွေ့လို့ ဒီနှစ်ကောင်ကို သတ်ပစ်မယ်ဆိုတောင် ကျုပ်က ပြုံးပြုံး ကြီး ငြိမ်ခံနေမှာပါ"

သူတို့ဆရာကြီးက ဟိမဝန္တာတောင်လုံးကို လုပ်ပိုင်ခွင့် အပြည့်အဝပေးလိုက်တော့ ဗလုနဲ့ပေါက်စ တစ်ခါတည်း ငြိမ်ကျ သွားတော့တာပဲ။ တကယ်လည်း ဦးဖေကို ပြုံးပြုံးကြီးကြည့်နေမယ် ဆိုတာ သိတယ်လေ။

"ကဲ ... မင်းတို့နှစ်ကောင် ကြားတယ်နော်၊ ငါ့ရဲ့ တော စည်းကမ်း, တောင်စည်းကမ်းတွေကို မလိုက်နာနိုင်ဘူးဆိုရင် မင်းတို့ ဒီနေရာက လှည့်ပြန်တော့၊ မဟုတ်ရင် ငါကနေပေမယ့် ငါ့ဒူးလေးက ငြိမ်နေမှာမဟုတ်ဘူး"

"ဟုတ် ... ဟုတ်ကဲ့၊ မုဆိုးကြီးအမိန့်အတိုင်း လိုက်နာ ပါ့မယ် ..."

"အိမ်း ... ဟုတ်ပြီ၊ ဒါနဲ့ ဟိုကောင်ကကော ..."

ဟိမဝန္တာတောင်လုံးက သဘောကျသလို ပြုံးပြုံးကြီး လုပ်ရင်း နှုတ်ပိတ်နေတဲ့ ဗလုဘက်ကို မေးထိုးမေးတယ်။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ဗလှ ဆက်နှုတ်ဆိတ်မနေရဲတော့ဘူး။ တော်ကြာ ... ဝေစုလေး ပျောက်သွားမှာကိုး။

"ဟုတ် ... ဟုတ်ကဲ့ ... ကျွန်တော်လည်း ပြောမလို့ပါ၊ ဒီကောင်ပေါက်စ ဦးအောင်ပြောသွားလို့ သူနဲ့ သဘောအတူတူပါပဲ"

"ဟုတ်ပြီ ... ဒါဆို မင်းတို့နှစ်ကောင် စော်စောက ပြောမှား ဆိုမှားတွေကို တောင်းပန်ပြီး ကန်တော့လိုက်ကြဦး"

ဟိမဝန္တာတောင်လုံးရဲ့ အမိန့်သံဆုံးတာနဲ့ ဗလှနဲ့ပေါက်စ ပြိုင်တူ လက်အုပ်ချီပြီး ဩကာသကို သံပြိုင်စအော်လိုက်တယ်။

"ဟော့ ... ဟော့ ... မင်းတို့ ဒါဘာလုပ်တာလဲ"

ဟိမဝန္တာတောင်လုံးရဲ့ မျက်နှာပေါ်မှာ ဒေါသတွေတော့ မရှိတော့ဘူး။ ဒါပေမဲ့ ဒီကောင်နှစ်ကောင်ရဲ့ ဩကာသအော်သံ ကြားတော့ အထိတ်ထိတ် အလန့်လန့် အမူအရာနဲ့ ထမေးလိုက်တယ်။

"ဟို ... ဟိုလေ ... မု ... မုဆိုးကြီးကပဲ တောင်းပန်ပြီး ကန်တော့လိုက်ဆိုတော့ ..."

"အား ... မင်းတို့ကိုပြောတာက ဩကာသဆို ကန်တော့ ခိုင်းတာမဟုတ်ဘူး၊ တော်ကြာ ... မင်းတို့ကို မိုးကြိုးပစ်လို့ ငါတို့ပါ စက်ကွင်းမလွတ်ဖြစ်နေပါဦးမယ်"

"ဗျာ ... ဒါဆို ဘယ်လိုတောင်းပန်ပြီး ကန်တော့ရမှာလဲ"

သိမ့်ထိုက်စာပေ

www.burmeseclassic.com

 www.burmeseclassic.com 

"သေသေချာချာ နားထောင် ... နောက်နောင် မှားရင်လည်း ဒီလိုပဲတောင်းပန်ရမယ်၊ ပြောမှားဆိုမှား အပြုအမူမှား လုပ်မိပါတယ် တောစောင့်၊တောင်စောင့် နတ်မင်းကြီးများ၊ အမိုက်အမဲလေးတွေမို့ ခွင့်လွှတ်သနားတော်မူပါလို့ စိတ်ထဲကဆိုပြီး ကန်တော့လိုက် ..."

ဟုနဲ့ ပေါက်စဆိုတာ ဘာမှဆင်ခြေပေးမနေတော့ဘူး။ ဟိမဝန္တာတောင်လုံးပြောသလို ဆိုဖြစ်လား၊ မဆိုဖြစ်လားတော့ မသိဘူး။ အပြိုင်အဆိုင် ကန်တော့လိုက်ကြတာ တစ်ယောက်ကို အကြိမ်နှစ်ဆယ်ထက် မနည်းလောက်ဘူး။

---

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com

'မုဆိုးခြေထောက် ဆူးမကြောက်" ဆိုသလို ဟိမဝန္တာတောင်လုံးရဲ့ ခြေလှမ်းတွေက ခရီးအချိန်ကြာလာလေ ပိုမြန်လာလေပဲ။ ဦးဖေကိုတို့ ဆရာတပည့်သုံးယောက်ကတော့ ခြေလှမ်းလောက်တင်မဟုတ်ဘူး။ ကိုယ်ခန္ဓာတွေပါ ယိုင်လို့၊ တစ်ယောက်ကိုတစ်ယောက် မှီလျှောက်နေရပြီ။

တကယ်တမ်းပြောရရင် တောသားတွေဆိုပေမယ့် တောလမ်းခရီးကို ဒီလောက်တစ်ခါမှ လျှောက်ဖူးတာမဟုတ်ဘူးလေ။ မြို့မှာ ရွာမှာပဲ ငွေကိုရင်းနှီးမြှုပ်နှံပြီး လုပ်ကိုင်ကျယ်လုပ်နေခဲ့ကြတာ။ တောတွင်ကျယ်လာလုပ်တော့ တောနက်လေ လူလျှာထွက်လေဖြစ်နေပြီ။

ကိုယ်သဘောနဲ့ ကိုယ်မနားရဲ၊ မပြောရဲ၊ တာ်တွေးတောင် မတွေးရဲဘူးဆိုတော့ ဟိမဝန္တာတောင်လုံးရဲ့ အခြေအနေကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်နေရတာ။ ဟိမဝန္တာတောင်လုံးကလည်း တောထဲဝင်ပါပြီ ဆိုကတည်းက နောက်ကို တစ်ချက်လှည့်မကြည့်ဘူး။ ခြေကုန်သုတ်သွားလိုက်တာ မပြေးရုံတစ်မယ်ပဲပြောတော့။

"ဟို ... ဟို ... ဟိ ... ဟိမဝန္တာကြီး ... မုဆိုးကြီး ..."

ဦးဖေကို လေကို ပါးစပ်နဲ့အတင်းဖြဲရှူရင်း ဟိမဝန္တာတောင်လုံးကို လှမ်းခေါ်လိုက်တယ်။ သုံးယောက်ထဲမှာ သူ့အခြေအနေက အဆိုးဆုံးပဲ။ ဆရာဆိုတော့ ပိုမောတတ်သလို အသက်လည်း အကြီးဆုံးမဟုတ်လား။

ဦးဖေကိုခေါ်သံကြားတော့ ဟိမဝန္တာတောင်လုံးက ခြေလှမ်းကို ဖျတ်ခနဲရပ်ပြီး ကွက်ခနဲလှည့်ကြည့်တယ်။ အမူအရာ မျက်နှာပုံစံကတော့ ရှုတင်းတင်းပဲ။

"ငါ ... ငါတို့ဟာ တကယ့်ကို အမိုက်အမဲလေးတွေပါကွာ ... အမှားအယွင်းရှိရင် ခွင့်လွှတ်ပါ ..."

"ဟင် ... ဘာလဲ၊ အပေါ့အပါးများ သွားမိလို့လား၊ ဒါဆို ကျုပ်ကိုတောင်းပန်ရမှာမဟုတ်ဘူး၊ တောစောင့်၊ တောင်စောင့်နတ်မင်းကြီးတွေကို တောင်းပန်ရမှာ ... အညစ်အကြေးကို စည်းမဲ့ကမ်းမဲ့ နေရာတိုင်း မစွန့်ရဘူး"

"ဟုတ် ... ဟုတ်ပါဘူးကွာ ... တံတွေးတောင် မထွေးမိပါဘူး၊ မော ... မောလွန်းလို့ တောင်းပန်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မောတာပဲ၊ အမှားအယွင်းလုပ်တာမှမဟုတ်တာ၊ ဒါတော့ တောင်းပန်စရာမလိုပါဘူး"

"ဟို ... ဟို ... မောလွန်းလို့ နားချင်တာနဲ့ မုဆိုးကြီးကို တောင်းပန်တာပါ၊ ငါတို့ ခဏ ... ခဏလောက်နားရအောင် ..."

"ဟို ... ဒါတော့မဖြစ်ဘူး၊ နားလိုက်ရင် သွေးအေးပြီး တော်တော်နဲ့ ပြန်ထဖြစ်မှာမဟုတ်တော့ဘူး၊ သွေးပူတုန်း ဆက်လျှောက်လိုက်စမ်းပါ၊ ကွမ်းတစ်ယာညက်လောက်ဆိုရင် ရောက်နိုင်ပါပြီ"

ဟိမဝန္တာတောင်လုံးအမြော်ကြောင့် အမောနဲ့မှိုင်းနေတဲ့ မျက်လုံးတွေ တဖျပ်ဖျပ် အရောင်ပြန်လက်သွားကြတယ်။ ဒီအတိုင်းဆို သေတ္တာကြီးက နီးနေပြီလေ။

"ဟင် ... ဒါ ... ဒါဆို ... ကျွန်တော်တို့ လေယာဉ်ပျက်ကြီးကို ရောက်တော့မှာပေါ့"

ဗလုဆိုတာ ဝမ်းသာအားရဖြစ်လွန်းလို့ ဦးဖေကို မလျှောက်နိုင်တော့ဘူးဆိုတောင် ကောက်ထမ်းပြေးမယ့်ပုံပဲ။

"ဟာ ... လေယာဉ်ပျက်တော့ ဘယ်ရောက်နိုင်ဦးမှာလဲ၊ ငါတို့ ညစခန်းချရမယ့်နေရာကို ရောက်မယ်ပြောတာ၊ တောထဲ၊ တောင်ထဲမှာက ညအိပ်မယ့်နေရာကို မတွက်ထားဘူးဆိုရင် အန္တရာယ်များတယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဟင် ... ဒီတောထဲမှာ ဒီညအိပ်ရမှာလား ..."

"အင်း ... လေယာဉ်ပျက်မရောက်ခင် နှစ်ညတော့ ... အဲ..."

"ဗျာ ..."

ဟိမဝန္တာတောင်လုံးရဲ့ လေးလေးပင်ပင် စကားကြောင့် မျက်လုံးတွေ ပြူးကုန်တယ်။ ဒီတောင်ကြီးမျက်မည်းထဲမှာ အကာအကွယ်မရှိ နှစ်ညတောင်အိပ်ရမှာဆိုတော့ ကျောမစိမ့်နေမလား။

"အဲ ... မင်းတို့တွေသွားနေပုံနဲ့ဆို သုံးညတောင် အိပ်ချင်အိပ်ရလိမ့်မယ်"

ဦးဖေကိုတို့ ဆရာတပည့်သုံးယောက်ခမျာ အံ့ဩဝမ်းနည်းတဲ့ မျက်နှာအမူအရာတောင် မပြနိုင်တော့ဘူး။ ခေါင်းကို ငိုက်စိုက်ကျသွားတော့တယ်။

"ကဲ ... သဘောပေါက်ကြပြီဆို ဆက်သွားကြဦးစို့၊ ဟိုရောက်ရင် ညစာအတွက် ချက်ရပြုတ်ရဦးမှာ ... ညအိပ်ရင် ဖိုထားဖို့အတွက် ထင်းလည်းမရှာထားလို့ မဖြစ်ဘူး၊ ဒါလည်း အသက်အန္တရာယ်ကာကွယ်ဖို့ အဓိကအချက်ထဲမှာပါတယ်"

အေးလေ ... ဟိမဝန္တာတောင်လုံးဆီမှာ အသက်ကိုတောင် ပုံထားကြခဲ့တာပဲ။ ခြေသလုံးတောင့်၊ ခြေဖဝါးအောင့်တာလောက်ကတော့ ဘာစာဖွဲ့နေစရာလိုမှာလဲ။ ဆက်လျှောက်လိုက်ဦးပေါ့။


www.burmeseclassic.com

www.burmeseclassic.com

ဦးပိန်တူးတို့ ဆရာတပည့်သုံးယောက် ငူငူကြီးထိုင်နေတာ ကြာပြီ။ ဘယ်လောက်ကြာပြီလည်းတော့မပြောနဲ့ ညိုကြီးအောင် ဆိုရင် တစ်ချက်တစ်ချက် ငိုက်တောင်သွားတယ်။

"ဟော့ကောင် ... ညိုကြီးအောင် ..."

"ခင်ညာ ... အဘ ..."

ဦးပိန်တူးခေါ်သံကြားတော့ ညိုကြီးအောင် အိပ်ချင်မူးတူး ဖြစ်နေတဲ့ မျက်လုံးတွေကို အတင်းပြူးပြဲဆွဲဖွင့်ရင်း ထူးတယ်။

"ငါတို့ကတော့ ခေါင်းခြောက်အောင် စဉ်းစားနေတာ၊ မင်းက အိပ်ငိုက်နေတာပေါ့လေ ..."

"ဟုတ်ပါဘူး ... ကျွန်တော်လည်း စဉ်းစားနေတာပါ"

"အောင်မာ ... မင်းလိုကောင်က စဉ်းစားနေတယ် ... ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အဟီး ... တစ်ရေးအိပ်လိုက်ရ ကောင်းမလားလို့ပါ"

"ခွေးကောင် ... ဒါလား မင်းရဲ့အကောင်းဆုံးစိတ်ကူး ဆိုတာ..."

ထွက်ပေါက်မဲ့နေတဲ့ ဦးပိန်တူးရဲ့ဒေါသတွေ ညိုကြီးအောင် ဆီကို စုပြုံရောက်သွားတယ်။ ဘာပဲပြောပြော၊ စိတ်လွတ်ကိုယ်လွတ် ဆဲလိုက်ရတော့ နည်းနည်းစိတ်ပြေတာပေါ့။

"အဘရယ် ... စာဆိုတောင်ရှိတာပဲလေ"

"မင်းလိုကောင်က ကျမ်းကိုးကျမ်းကားနဲ့ ... ပြောစမ်းပါဦး"

"ဒီလိုလေ အဘ ... တစ်ရေးနိုးသော် အကြံပေါ်၊ ပေါ်တဲ့ အကြံ တစ်သိန်းတန်တဲ့၊ ဒါကြောင့် ... တစ်ရေးကောင်းကောင်း အိပ်လိုက်ရရင် ကောင်းမလားလို့ပါ ..."

"သောက်သုံးမကျတဲ့ကောင် ... အိပ်နေတုန်း မင်းပထွေးက တစ်သိန်းတန်အကြံ လာပေးမှာလား၊ အိပ်မနေနဲ့ တစ်ခါတည်းသာ သေလိုက်တော့ ... ဟုတ်ပြီလား"

ညိုကြီးအောင်ခမျာ ဦးပိန်တူး တကယ်စိတ်ဆိုးသွားမှန်း သိတော့ ဆင်ခြေပေးဖို့တောင်ထား နားရွက်တောင်မခတ်ရဲတော့ဘူး။

"ဟုတ်ပြီ ... ဟုတ်ပြီဗျ အဘ ... ကျွန်တော် အကြံအစည် ကောင်းကောင်းရသွားပြီ ..."

တင်ညွန့်ရဲ့ အားပါးတရ ထအော်လိုက်တဲ့ အာမေဍိတ်သံကြ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဦးပိန်တူးရဲ့ ထွက်နေတဲ့ဒေါသတွေ ဘွတ်ခနဲ အီလည်လည်
နဲဝင်သွားတယ်။

"ဟေ ... ဘယ်လိုတုန်း၊ မြန်မြန်ပြောစမ်း ..."

"ဦးဖေကိုတို့၊ ဟိမဝန္တာတောင်လုံးတို့ ရှာကပျောက်သွား
တယ်ဆိုပေမယ့် ညီကြီးက ရွာမှာကျန်ခဲ့တယ်လေ"

"အာ ... ညီကြီးက ဖေကို့ညာလက်ရုံးပဲ၊ မင်းသွားမေးလို့
က်မလွတ်ရင် ကံကောင်းပေါ့"

"ဒီလိုသွားမေးလို့တော့ ဘယ်ဖြေမှာလဲ အဘရဲ့ ..."

"ဒါဆို ... မင်းက အမြီးပေါက်မျောက်လည်းမဟုတ်၊
ဆိတ်ဖွား ကုလားလည်းမဟုတ် ဆိုသလို စကားထာနဲ့ သွားမေး
လား"

ဦးပိန်တူးအပြောကြောင့် တင်ညွန့်က တဟင်းဟင်းနဲ့
တယ်။ သူ့မှာ ပိုင်လုံးရှိပါတယ်ဆိုတဲ့ သဘောပေါ့။

"ဟော့ကောင် ... မြန်မြန်ပြောစမ်းပါ ... ငါတို့က ညီကြီးကို
ပြီး ရိုက်စစ်ရမှာလား၊ ငါ့လက်သီး ဒီကောင့်ရင်ညွန့်ကို ထိရင်
အားမထွက်တောင် သွေးထွက်သွားစေရမယ်"

ထုံဖျင်းဖျင်း ညိုကြီးအောင်တောင် တင်ညွန့်ရဲ့ တက်တက်
ကြွလေသံကြောင့် အားကြီးမာန်တက် ဖြစ်လာတယ်။ ဒါမျိုးဆို
ကောင်က တကယ်ပြော တကယ်လုပ်မှာ။

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဖွတ် ... မင်းဖြုတ်ဦးနှောက်နဲ့လုပ်ရင် အားလုံး ကြိုးမိန်
ဘူကုန်မှာပေါ့၊ ဘာပစ္စည်းမှန်းမသေချာသေးဘဲ ပတ်ကြမ်းတိုက်လို့
ဖြေစ်ဘူး၊ အချောင်ဒုက္ခရောက်သွားမယ်"

"ဒါဆိုလည်း မင်းအကြံအစည် မြန်မြန်ပြောစမ်းကွာ
အဘသိချင်လှပြီ"

"ပြောမယ်လေ အဘ ... ဘုရားလောင်း ဥဒေါင်းမင်းကို
အဘသိတယ်မဟုတ်လား"

"သိတယ်လေ ... ဘာလဲ ... ဒီကောင်က ဥဒေါင်းမင်းကို
ဖမ်းပေးနိုင်ရင် သူတို့အကြံအစည်ကို ပြောမှာတဲ့လား"

"ဟုတ်ဘူးလေ ... ဘုရားလောင်း ဥဒေါင်းမင်းတော်
ဒေါင်းပျိုမလေးရဲ့ မာယာညွတ်ကွင်းမှာ သက်ဆင်းရသေးတယ်
ဒီတော့ ... ညီကြီးဆိုတဲ့အကောင်ကော ဘာမို့လဲ၊ မနဲ့ကျရင်
တောဘုရင်ကျားတောင် လေးဘက်တွားရတာပဲ၊ အဟား ... ဟား
... ဟား ..."

တင်ညွန့်စကားလည်းဆုံးရော ဦးပိန်တူးမျက်နှာ မည်း
တက်သွားတယ်။ တင်ညွန့်ကတော့ သူ့ဇောနဲ့သူမို့ ဦးပိန်တူး
ဖြစ်သွားပုံကို သတိမထားမိသေးဘူး။

"ဟော့ ... ဟော့ကောင်တင်ညွန့် ... မင်းအဘ ငါ့ကိုမင်း
ဘာကောင်ထင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးပိန်တူး လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောတော့မှ တင်ညွန့်ရဲ့ အရယ်မျက်နှာကြီး ငုပ်ခနဲရပ်သွားတယ်။

"ဟင် ... အဘ၊ ဘာဖြစ်လို့လဲ၊ အဘ ယောက်ျားစစ်စစ်ကြီး မှန်း ကျွန်တော်သိပါတယ်"

"အေး ... ငါက ယောက်ျားစစ်စစ်ကြီးဆိုတာ မင်းတောင် အာမခံစရာမလိုဘူး၊ မင်းအမေ အာမခံလိမ့်မယ်၊ အခုဟာက ယင်ဖို ... ငှက်ဖို ... ကြက်ဖိုတောင် မသန်းဘဲနေလာတဲ့ ငါ့ညီမ အပျိုကြီးကို မင်းလိုအကောင်က ..."

"ဟာ ... အဘရယ် ကျွန်တော့်ကို မိုးကြိုးပွတ်နေပါဦးမယ်၊ အဘညီမနဲ့ ကျွန်တော့်အမေနဲ့ တောတိုးဖော်၊ ကောက်စိုက်ဖော်တွေ လို့ ပြောဖူးပါတယ်၊ ကျွန်တော် စိတ်နဲ့တောင် တစ်ခါလား ... နှစ်ခါ လား ... အဲလေ ... တစ်ခါမှမပစ်မှားဖူးပါဘူး ... ခင်ညာ"

"မင်းကိုယ်တိုင်ဆိုတော်ရဲ့ ... အဲလေ ... ဒါဆို မင်းက ညီကြီးအတွက် ငါ့ညီမကို ဆွဲထည့်လာရတာပေါ့"

တင်ညွန့်ဆိုတာ ပြောနေရင်းက မျက်ရည်တွေဝိုင်းပြီး ဆို့တက်လာတယ်။ နောက် ဦးပိန်တူးညီမ ဒေါ်သေးသေးမျက်နှာကို မြင်ယောင်တော့ ဆို့ရုံတင်မဟုတ်ဘူး၊ ပျို့ပါတက်လာတယ်။

ဒေါ်သေးသေးကို အဝေးကလှမ်းမြင်ရင် ဝက်ဝံမကြီး မတ်တတ်ရပ်နေသလား ထင်ရတာ။ အရုပ်ကဆိုးသလောက် နှုတ်က



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းလိုက်တာမှလည်း ပြိုင်စံမပေါ် ရွာလုံးကျော် ပြောတော့။ ဒီအမျိုးသမီးကြီးနဲ့ နှိုင်းရက်လေခြင်းဆိုပြီး ညီကြီးကြားရင် ကိုယ့်ကိုယ်ကို သတ်သေသွားနိုင်တယ်။ ဒါပေမဲ့ ကိုယ့်စိတ်ထဲရှိတာ ပြောလို့မဖြစ်ဘူးလေ။ ဦးပိန်တူးမျက်စောင်းက အကြောင်းမရှေးဘူး မဟုတ်လား။

"အဲ ... အဲလိုကောင်မျိုးနဲ့ အဘာညီမကို နှိုင်းရက်ပါ့မလား အဘာရယ်၊ ဒီကောင်ညီကြီးအတွက် ကျွန်တော်တို့ ငါးစာရှာ တပ်စရာမလိုပါဘူး၊ သူ့ဟာသူရှာဟပ်နေတဲ့ ငါးစာကို ကျွန်တော် သိပါတယ်"

BURMESE CLASSIC

"အေး ... အေး .. ငါ့ညီမ,မထိရင် ပြီးရော ... ဒါဆို အမြန်ပြောစမ်း"

တင်ညွန့်ရဲ့ အချက်ကျကျ မျက်ဖြေစကားကိုကြားတော့မှ ဦးပိန်တူးမျက်လုံးတွေ အရောင်ပြန်တောက်လာတယ်။

"ရွာအနောက်ပိုင်းက မိကြွေကို အဘာသိတယ်မဟုတ်လား"

"ငါလို ဘုရားဒကာ ကျောင်းဒကာကြီးကို မင်းမို့ နှစ်ခုလပ်မ အကြောင်း လာပြောနေသေးတယ်လကွာ ..."

"အဘာနဲ့တော့ ခက်ပါပြီ၊ ညီကြီးရဲ့ ငါးစာမကိုပြောနေတာ"

"အေးလေ ... ငါပြောတာလည်း ဒီကောင်မနဲ့ ရင်းရင်းနှီးနှီး မရှိဘူးလို့ ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရင်းနှီးစရာမလိုပါဘူး အဘရယ်၊ ဒါကိုအသုံးချရင် အဆင်ပြေပါတယ်"

တင်ညွန့်က လက်မနဲ့လက်ညှိုးကို ထိပ်ချင်းထိပြီး ဆက်ပြတယ်။ သဘောက ငွေပေါ့။

"ဟား ... ဟား ... ပိန်သဘောပေါက်ပြီ၊ တို့ပရောဂျက်ကြီးအောင်မြင်ဖို့အတွက်ဆို မင်းစိတ်ကြိုက်သုံးစမ်း တင်ညွန့်၊ ဒီပွဲမှာဖေကိုဆိုတဲ့ကောင်ကို ဂျိုးဂျိုးဂွျတ်ဂွျတ်မြည်အောင် ချိုးနိုင်ရင်ငါကျေနပ်ပြီ"

BURMESE CLASSIC

"စိတ်ချအဘ ... ဒီပွဲမှာ ဦးဖေကိုဆိုတာ နှပ်တင်မဟုတ်ဘူး၊ ဟိုဟာ ... ဒီဟာတွေပါ ထွက်စေရမယ်"

"ဟော ... ဘာတွေတုန်း ..."

"ချွေးတွေ ... သွေးတွေ ပြောပါတယ်အဘရယ်"

"ဟား ... ဟား ... ဟား ..."

ဝါးလုံးကွဲသံကြီးနဲ့ ကြားဖြတ်ဝင်ရယ်လိုက်တာကတော့ သိုကြီးအောင်ပဲ။ နော့ မိကြွေရောင်းတဲ့ ချက်အရက်က အနောက်ပိုင်းမှာ နာမည်အကြီးဆုံးလေ။ ပရောဂျက်ဆိုတာကြီး အကြောင်းပြပြီး ငွေကိုလမ်းခင်း ကြွက်တွင်းဖြစ်အောင် သောက်နိုင်ပြီကိုး။



www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်လောက်ပါဘူးတော် ..."

တင်ညွန့်စကားကိုကြားတော့ မိကြွေက နှုတ်ခမ်းစူရင်း ငြင်းတယ်။ ညီကြီးအောင်ကတော့ ဘာမှဝင်မပြောဘူး။ အရက်နဲ့ အမြည်းကို မှန်မှန်ကြီးနှိုက်နေတယ်။

"ဟ ... မိကြွေ၊ နင်က ငါ့စေတနာကို တော်တော်စော်ကား တာပဲ"

"ဘာဆိုင်လို့လဲတော်၊ ရှင်ပြောတာကြီး သွားမေးရင် ကိုညီကြီး ကျုပ်ကိုညို့သွားမှာပေါ့"

"ငါပြောမယ်မိကြွေ ... နင် ဒီအရက်ကိုရောင်းလို့ တစ်ရက် ဘယ်လောက်မြတ်လဲ"

"ကိုတင်ညွန့်ရယ် ... ရှင်ကလည်း နှိုက်နှိုက်ချွတ်ချွတ် ... တစ်ရက်လုံးရောင်းလို့မှ ဆယ်ပုလင်းတောင် မှန်မှန်မစွံပါဘူး"

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိကြွေက သူကြီးပြန်ကြားရင် ဆိုင်ခွန်တိုးပေးရမှာစိုးလို့ ခံချိန်ကို လျှော့ပြောလိုက်တယ်။ စီးပွားရေးဈေးကွက်ကိုတော့ ချက်ဆို ဟိုဟာကမီးတောက်ပြီးသားလေ။ ဒါကြောင့် လူမေးရင် သူ့လုပ်ငန်း ကို အဖိအဖော့လေးတွေနဲ့ ပြောလေ့ရှိတယ်။

"ဒါပဲလေ မိကြွေရဲ့ ... ငါပြောချင်တာ ဒီဟာပဲရောင်းနေလို့ နင့်ဘဝ ဘယ်တော့တိုးတက်မှာလဲ"

"ကိုယ့်ကုသိုလ်ကံပဲလေ၊ ကျုပ်လည်း ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက်တော့ ကြိုးစားတာပဲ"

"အေး ... နင် ဒါလေးကိုပဲဖိလုပ်နေလို့ ဘာမှဖြစ်မလာနိုင် ဘူး၊ ဝီရိယလွန် ကျွန်ဖြစ်ဆိုရုံကလွဲလို့ ဘာမှမဖြစ်ဘူး"

"ဟင် ... ဒါဆို ကိုညီကြီးကိုပစ်ပြီး ရှင့်ကို လှည့်အားကိုး ရမှာလား"

"ဟာ ... ဟော့ ... ဟော့ ... နင်ထင်တာ လမ်းကြောင်း လွဲသွားပြီ ..."

တင်ညွန့်လည်း မိကြွေရဲ့ ပြီတီတီအမူအရာနဲ့ တည့်တည့် ကြီး စကားကိုကြားတော့ ဆတ်ခနဲ နောက်တွန့်သွားတာပဲ။ ပရော ဂျက် အောင်မြင်ဖို့ဆိုလည်း ဒီလောက်ထိတော့ သူမစွန့်စားနိုင်ဘူး။

"အံမာ ... ကိုတင်ညွန့်စကားက ဒါဆို ဘာပြောချင်တာ လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ... ငွေ ၅၀၀ မလိုချင်ဘူးလား"

တင်ညွန့်စကားကြားတော့ မိကြွေမျက်နှာ ရဲခနဲ ဖြာတက်သွားတယ်။

"ဟင် ... ရှင် ... ရှင် ... ယုတ်မာလှချည်လား၊ မိကြွေအရက်ရောင်းစားတယ်နော် ... ဟိုဟာမဟုတ်ဘူး၊ ငွေခင်တဲ့မိန်းမမဟုတ်ဘူး၊ ကြည်ဖြူရင် လင်တစ်ရာသာ ပြည့်အောင်ယူလိုက်မယ်"

"ငါ ... ငါ ... ပြောတာ အဲလို ... အဲလိုမဟုတ်ဘူးလေ မိကြွေ ... စကားဆုံးအောင် နားထောင်ပါဦးဟ"

"ဟော့ကောင် ... တင်ညွန့်၊ အခြအနေ ပုံမှန်မဟုတ်တော့ဘူးကွ"

တစ်ချိန်လုံး နှုတ်ပိတ်နေတဲ့ ညိုကြီးအောင်လည်း ခုမှပဲ ဝင်ပြောဖော်ရတော့တယ်။ တကယ်ပြဿနာဖြစ်ရင် သူလည်း ပါတော့မှာကိုး။

"ဒီ ... ဒီလိုမဟုတ်ဘူးလေ မိကြွေ၊ ငါရှင်းပြပါရစေဦး"

"ရှင် ... ရှင့်ငွေ ၅၀၀ ကိစ္စကို ရှင်ပြေလည်အောင်ရှင်းပြ၊ မဟုတ်ရင်တော့ ရှင့်စကားကို တစ်ရွာလုံးကြားအောင် ကုက္ကိုပင်ထိပ်ဖျားတက်ပြီး အော်လိုက်မယ် ..."

"နင့်ကို ငွေ ၅၀၀ ပေးမယ်ဆိုတာ ရိုးရိုးသားသားပေးမှာပါဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ရိုးရိုးသားသားပေးမယ်၊ ဟုတ်လား ..."

မိကြွေမျက်လုံးတွေတင် တဖျတ်ဖျတ် လက်လာတာ မဟုတ်ဘူး။ ကိုယ်ခန္ဓာပါ ဟာဆတ်ဆတ်တုန်သွားတယ်။ အရက်တစ်ပုလင်း ၂ကျပ်၊ ၅ကျပ်ဖိုး ၃ပုလင်း ရောင်းနေရတာလေ။ ငွေ ၅၀၀ လွတ်လွတ်ကျွတ်ကျွတ် ရမယ်ဆိုတော့ မတုန်ခံနိုင်ရိုးလား။

"ဟုတ်တယ် ... အဲဒီ ငွေ ၅၀၀ ကို ပြန်ဆပ်စရာလည်း မလိုဘူး၊ နင်သေချာစဉ်းစားနော် ... ငွေ ၅၀၀ နဲ့သာ ရင်းနှီးမြုပ်နှံလိုက်ရင် ခြံဝိုင်းတစ်ကွက်တင်မဟုတ်ဘူး၊ အဆင့်မြင့်စားသောက်ဆိုင်တောင် တည်လို့ရတယ်၊ ဒီအခွင့်အရေးမျိုးက နှစ်ခါပြန်မလာနိုင်ဘူး"

"ကျုပ် ... ကျုပ်က ... ဘာပြန်လုပ်ပေးရမှာလဲ ..."

"စောစောက ငါပြောခဲ့တဲ့အကြောင်းလေးကို ညီကြီးမေးပေးရုံပါပဲဟ၊ ကဲ ... နင် ဘာပွန်းစရာ ပဲ့စရာ အကြောင်းရှိလို့လဲ"

"ကိုညီကြီးက ပြောပါ့မလားတော် ... သူ့ဆရာ ဦးဖေကို့ကို တအားကြောက်တာ"

"ကျွတ် ... ဒါတော့ နင့်အပေါ်မူတည်တာပဲ၊ မိန်းမမာယာ ပြားကိုးဆယ်၊ အဲ ... သဲကိုးဖြာတဲ့၊ နင့်တစ်ဘဝလုံး ပြောင်းနိုင်ဖို့အတွက် ဒီလောက်တော့ စွန့်စားရမှာပေါ့"

မိကြွေ တစ်ချက်တော့ ပြန်ငိုင်သွားတယ်။ တင်ညွန့်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ပြေလုလုအခြေအနေကို အပျက်မခံနိုင်ဘူး။ ဒါကြောင့် အသင့်ယူလာတဲ့ငွေ ၅ဝ ကို မိကြွေရှေ့ ချပေးလိုက်တယ်။

"ဒီမှာ ... ငွေ ၅ဝ၊ နင်လုပ်မယ်ဆိုရင် စံရံအနေနဲ့ယူလိုက်၊ အေး ... အဆင်မပြေဘူးဆိုရင်တော့ ၁၀၀ ပြန်ပေးရမှာ၊ စီးပွားရေးဆိုတာ စွန့်စားမှ အောင်မြင်တာဟ ..."

တကယ်ငွေမြင်တော့ မိကြွေ တင်းမခံနိုင်တော့ဘူးလေ။ ငွေ ၅ဝ ကို ကောက်ယူပြီး လက်ထဲကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်တယ်။ စကားတစ်ခွန်းနဲ့ ငွေ ၅ဝ၀ မလဲနိုင်စရာ ဘာအကြောင်းရှိမှာလဲ။

"အေး ... ဒီလိုသတ္တိရှိစမ်းပါ မိကြွေရာ၊ ငါ ဘယ်နေ့လာခဲ့ရမှာလဲ"

"မနက်ဖြန်နေ့လည် လာခဲ့တော် ... ဒီနေ့ညပဲ ကျူပ် မရအရမေးထားလိုက်မယ်"

"နင့်အရည်အချင်းကို ငါယုံပါတယ်၊ အတိအကျတော့မေးထားလိုက်ဦးနော် ... တောင်လိုလို မြောက်လိုလိုဆိုရင်တော့မဖြစ်ဘူး"

"စိတ်ချပါတော် ... မိကြွေတို့က နှိုက်ပြီဆို လက်မောင်းတစ်ဆုံးပဲ"

တင်ညွန့်က လာရင်းကိစ္စ အဆင်ပြေပြီဆိုတော့ ရှေ့က



www.burmeseclassic.com

www.burmeseclassic.com



အရက်ခွက်ကို ငွပ်ခနဲကောက်မော့ပြီး ပြန်ဖို့ပြင်တယ်။ ညိုကြီးအောင်ကတော့ တစ်ယောက်တည်း စိတ်ကြိုက်သောက်နေခဲ့ရတာကောင်းအားမရသေးတဲ့ပုံနဲ့ ပုလင်းထဲက လက်ကျန်အရက်ကို မျက်စောင်းသုမ်းခဲနေတုန်းပါပဲ။ ဒါပေမဲ့ တင်ညွန့်ထပြီဆိုတော့ သူလည်းဆက်ထိုင်မနေရဲတော့ပါဘူး။

“တော် ... ကိုတင်ညွန့် ... ဒါ ... ဒါနဲ့ ...”

မိကြွေခေါ်သံကြောင့် သွားဖို့ပြင်နေတဲ့တင်ညွန့် နောက်လှည့်ကြည့်တယ်။

“ဘာလဲမိကြွေ ... စရံပြန်ပေးမယ်ဆိုရင်တော့ ပြောထားသလို ၁၀၀ ပဲနော်”

“ပြန်မပေးပါဘူး ... မနက်ဖြန် ရှင်လာရင် ကျန်တဲ့ငွေ ၄၅၀ ကို အကျေယူလာခဲ့လို့ မှာချင်လို့ပါ”

“စိတ်ချ ... နင့်ဘက်ကသာ တာဝန်ကျေပါစေ ...”

မိကြွေ ဝမ်းသာလွန်းလို့ စကားတောင် ပြန်မပြောနိုင်တော့ဘူး။ ခေါင်းလောက်ပဲ ညိတ်ပြနိုင်တယ်။ သူ့ဘဝမှာ ငွေ ၅၀၀ ဆိုတာ ပိုင်ဖူးဖို့တော့ထား မြင်တောင်မမြင်ဖူးခဲ့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com

ညီကြီး သစ်ပင်အောက်ကနေ လမ်းတစ်လျှောက် လှမ်း
အကဲခတ်လိုက်တယ်။ တကယ်တော့ ကိုယ့်လိပ်ပြာ ကိုယ်မလုံလို့
ကြည့်နေရတာ၊ သန်းခေါင်ကြက်တွန်ပြီဆိုတော့ လူမပြောနဲ့
ခွေးတောင် ဖြတ်မလျှောက်တော့ဘူး။

နောက် ... ရွာအနောက်ပိုင်းက ချောင်ကျတယ်။ ဒီတော့
တစ်အိမ်နဲ့တစ်အိမ်ဆိုတာလည်း တော်တော်လှမ်းတဲ့ပြင် လမ်းဘေး
ဝဲယာမှာ သစ်ရင့်ပင်ကြီးတွေ ထူထပ်တယ်။

ညီကြီး လမ်းမအလယ်ကလျှောက်သွားတောင် လူလုံး
မကွဲပြားနိုင်ဘူး။ ဒါပေမဲ့ ညီကြီးကတော့ ပြတ်သားတယ်။ ၁၀ လှမ်း
၁၅ လှမ်းလောက် အပြေးအလွှားလှမ်းလိုက် သစ်ပင်တစ်ပင်
ပြေးကပ်လိုက်နဲ့ကို ချီတက်နေတာ။

မိကြွေတို့အိမ်နောက်ဘက်လည်းရောက်ရော ချုံနွယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



န်းရာတိုက်ရာ တော်တော်များနေပြီ။ မိကြွေက ညီကြီးလာမယ်မှန်း အသေအချာသိထားလို့၊ မဟုတ်ရင် ညီကြီးမျက်နှာ မြင်လိုက်တာနဲ့ သရဲလို့ ထအော်လောက်တယ်။

"ကိုညီကြီးက ကြာလိုက်တာတော် ..."

"အဟဲ ... ကြွေက မအောင့်နိုင်တော့ဘူးပေါ့ ..."

မိကြွေရဲ့ ငြူစူစကားသံအောက်မှာ ညီကြီးရဲ့ စိုးရိမ်စိတ် တွေ၊ အမောတွေ အားလုံးပြေသွားတယ်။ ချစ်သူမျက်နှာ တစ်ကမ္ဘာ လေ။ မိကြွေကတော့ ညီကြီးစကားကြောင့် စူနေတဲ့ နှုတ်ခမ်း ဆော်ထော် တစ်ထွာလောက် ရှေ့ကိုထပ်ထွက်သွားတယ်။

"ဟွန်း ... မညစ်ပတ်နဲ့နော်၊ အိမ်ပေါ်ပြန်တက်လိုက်မယ်"

"ကြွေကလည်း ဒေါ်တွေတအားဖောင်းနေတာကိုး၊ ကိုညီ ပြောတာက ကိုယ့်မျက်နှာလေးကိုတွေ့ချင်တာ မအောင့်နိုင်တော့ဘူး ထားလို့ ပြောတာပါ"

"ဟင့် ... ဒါပေါ့၊ နွားချေးပုံကြီးတော့ ဘယ်သူကြည့်နေ ချင်မှာလဲ၊ ကိုယ့်ရည်းစားမျက်နှာပဲ ကြည့်နေတော့မှာပေါ့ ..."

မိကြွေလည်း သူ့အကြံအစည်နဲ့သူမို့ ညီကြီးစကားကို င်းပြီး အချိုသပ်ဝင်လိုက်တယ်။

"ကိုညီလည်း ချစ်သူကြွေရဲ့မျက်နှာကို မျက်တောင်မခတ် ကြည့်နေဖို့ လာချင်ပါတယ်၊ ဒါပေမဲ့ ဆရာက အလုပ်တာဝန်တွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး လွဲအပ်ခဲ့တော့ စိမ်ခန့်ခွဲနေရတယ်လေ၊ ကိုယ်ရှိမနေ
လုပ်ငန်းတွေအားလုံး ရပ်ဆိုင်းသွားမယ်မဟုတ်လား"

"အို ... ပြောလိုက်ရင် ကိုညီကြီးမှာ ဆရာခိုင်းလို့၊ ဆ
အလုပ်တွေလုပ်နေရလို့နဲ့ တကယ်တမ်းပြန်တွက်တော့ ဘာ
သတ်သတ်မှတ်မှတ်ရတာမဟုတ်ဘူး"

"ဒါပေမဲ့ ကျေးဇူးတွေလေ၊ ကိုညီ့ဘဝမှာ ဆရာ့ကျေးဇူးတွေ
အများကြီးရှိတယ်"

"ဟုတ်ပါပြီ ... အဲဒီကျေးဇူးတွေနဲ့ပဲ ကိုညီကြီးနဲ့ မိကြွေ
ဘဝကို တင့်တင့်တယ်တယ် ဆောက်ကြရမှာပေါ့"

မိကြွေက ညီကြီးကိုင်ထားတဲ့လက်ကို ပြန်ရှန်းလိုက်ပြ
မျက်စောင်းဝင့်ရင်း သရော်ငေါ့ငေါ့ပြောတယ်။ မိကြွေပစ်ချက်
မဆိုးပါဘူး။ ညီကြီးစိတ်ထဲ ချိုးပါချင်သလိုလို၊ သေးပေါက်ခ
သလိုလို ဖြစ်သွားတာပဲ။

"ကိုညီ့ကို ယုံစမ်းပါကြွေရယ်၊ ကြွေက ရေဆိုရင် ရေတွင်း
ရှေ့ကိုရောက်လာစေရမယ်၊ ကြွေက ငါးခြောက်ဆိုရင် ဖုတ်ထ
တာလောက်တင်မဟုတ်ဘူး၊ ဝါးပြီးမှပေးမှာ ကြွေအဆင်သင့် မြို
ရုံပဲ"

"ပါးစပ်ရှိရင်တော့ ဒါမျိုးတွေ လူတိုင်းပြောတတ်တ
တကယ်ဆိုရင် ဘာမှဖြစ်မြောက်အောင် လုပ်လည်းမပေးဘူ



www.burmeseclassic.com

www.burmeseclassic.com



ကိုညီကြီးနဲ့မိကြွေ ချစ်သူတွေဖြစ်လာတာ ဘယ်လောက်ကြာပြီလဲ၊ ချိန်ထိ မိကြွေ ၂ကျပ်တန်အရက် ရောင်းနေရတုန်းပဲ မဟုတ်လား"

"ဒါ ... ဒါကတော့ စီးပွားရေးပဲကြွေရယ် ..."

"စီးပွားရေးသာယာမှ အချစ်ရေးလည်း သာယာမှာပေါ့၊ ကိုညီကြီးက မိကြွေကို တင့်တောင့်တင့်တယ်နေတာ မမြင်ချင်ဘူး သားဟင် ..."

"ဘယ်လိုပြောလိုက်တာလဲ ကြွေရယ် ...၊ ကြွေသာ ကောင်းကောင်းမွန်မွန်နေရမယ်ဆိုရင် ကိုညီအသည်းကိုခွဲပြီး သမ်းခင်းပေးဆိုလည်း ပေးဖို့အသင့်ပါပဲ"

"တကယ်နော် ..."

"ဂယ်ပေါ့ ..."

ညီကြီးခများ မိကြွေက သူ့ရင်ခွင်ထဲတိုးဝင်ပြီး ညုတုတု လေးမေးလိုက်တော့ ကြည်နူးလွန်းလို့ စကားတောင်မပီတော့ဘူး။

"အဲလောက်မလိုပါဘူးတော် ... မိကြွေမေးတာလေး ဖြေပေးရုံနဲ့တင် ကိုညီကြီးနဲ့ မိကြွေဘဝ အဆင်ပြေပြေနေနိုင်မှာ"

"မေးလိုက်စမ်းဘာကြွေရယ် ... မိကြွေကို ဘယ်လောက် ချစ်လဲသိချင်တာလား"

"ကိုညီကြီးရဲ့ဆရာ ဦးဖေကိုတို့ ဘယ်ကိုသွားတာလဲ ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



မိကြွေဆီကထွက်လာတဲ့မေးခွန်းကြောင့် ညီကြီးကိုယ်ခန္ဓာဆတ်ခနဲတွန့်သွားတယ်။ ဘယ်လိုမှ မျှော်လင့်မထားတဲ့ မေးခွန်းမဟုတ်လား။ ချစ်သူနှစ်ယောက် ကြည်နူးယုယနေတဲ့အချိန်မှာ ဒီမေးခွန်းက ဘာအတွက်ဝင်လာတာလဲ။ ညီကြီးအမူအရာကြောင့် ရင်ခွင်ထဲငြိမ်နေတဲ့မိကြွေ နည်းနည်းလွန့်လူးလာတယ်။

"ဟင် ... ကိုညီကြီး ... အသည်းကိုခွဲပေးမယ်ဆို ... ဒါလေးတောင် မဖြေနိုင်တော့ဘူးမဟုတ်လား ..."

"အဲ ... အဲ ... ဘာများလည်းလို့ကြွေရယ် ... ဒါက လူတိုင်းသိနေတာပဲ၊ မြို့ကို ပစ္စည်းဝယ်ဖို့တက်သွားကြတယ်လေ"

ညီကြီးအဖြေစကားကိုကြားတော့ မိကြွေ ရင်ခွင်ထဲကဝုန်းခနဲ ရုန်းထလိုက်တယ်။ ခရီးလမ်းကြောင်းလောက်ကတော့ တင်ညွှန့်ပြောထားလို့ မိကြွေ အမှန်ကိုသိထားတာပဲ။

"ဟင် ... ကိုညီကြီး ... ကြွေ့ကိုချစ်တယ်ဆို ... ရှင် ... ရှင်ဘာချစ်တာလဲ ..."

"ဟဲ ... ကြွေက ဆန္ဒစောတာကိုး၊ စိတ်ချ ကိုညီ သေသေချာချာကြီး သက်သေပြပါ့မယ် ..."

"အင် ... ဒါ ... ဒါ ... ဘာလုပ်တာလဲ"

ညီကြီး ဘာတွေလမ်းကြောင်းလွှဲ သဘောပေါက်တယ် မသိဘူး၊ မိကြွေပခုံးလေးကို လှမ်းကိုင်တယ်။ မိကြွေက ဇက်ကနဲ့လေး



www.burmeseclassic.com

www.burmeseclassic.com



အောင် မဆိုင်းဘူး။ ဖျတ်ခနဲ ညီကြီးလက်ကို သူ့လက်နဲ့ ရိုက်ချလိုက်တယ်။ အမှတ်တမဲ့မို့ ညီကြီး တော်တော်နာသွားတယ်။ ချစ်သူနှစ်ဦးတွေ့ဆုံမှုမှာ ဒါမျိုးမှ မျှော်လင့်မထားတာပဲ။

"ကြွေ ... ကြွေ ... ဒီလောက်စိမ်းစိမ်းကားကားကြီး ဘာလို့လုပ်လိုက်တာလဲကွယ်၊ ကိုညီ့အသည်းတွေ ကွဲရပါလိမ့်မယ်"

"ကွဲကွဲ ... သေသေရှင် ... တကယ်ကျတော့ ရှင်က ကျုပ်ကို တကယ်ချစ်တာမှမဟုတ်ဘဲ ..."

"ချစ်တယ်လေ ... ခုပဲသက်သေပြတော့မယ်လေ"

"ဘာသက်သေပြမှာလဲ၊ ဟွန်း ... ဒီကောင်မ မိကြွေ မေးတာကိုကျတော့ အမှန်မဖြေဘဲ ... ဒါပေါ့လေ ... မိကြွေက အမှောင်ထဲမှာ ... ဟင့် ... ဟင့် ..."

မိကြွေမျက်ဝန်းထဲမှာ မျက်ရည်တွေ ခ,လာတယ်။ ညီကြီးဆိုတာ နာနေတဲ့သူ့လက်ကိုတောင် အာရုံမထားနိုင်တော့ဘူး။

"အဲ ... အဲ ... အဲလိုမဟုတ်ဘူးနော် ကြွေ ... ကိုညီ့အချစ်က ဆဒ္ဒန်ဆင်မင်းလို အချစ်မျိုးပါ၊ ကြွေလိုချင်တယ်ဆို အစွယ်ကိုဖြတ်ပေးဖို့တောင် နောက်မတွန့်တဲ့ ဂန္ဓဝင်အချစ်သမားကြီးပါ ကြွေရယ် ..."

"တော်စမ်းပါ ... ရှင့်မှာ ဘာအစွယ်ရှိလို့ ကျုပ်က ဘာနဲ့ဖြတ်ရမှာလဲ၊ စကားလေးတစ်ခွန်းမေးတာကျတော့ အမှန်မဖြေဘူး၊ ရှင်တို့ယောကျ်ားတွေအချစ်က ဘာကိုချစ်တဲ့အချစ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com


"ကြွေရယ် ... အမှန်ဖြေတာပဲလေ၊ ဒါက ကိုညီတင် မဟုတ်ဘူး၊ တစ်ရွာလုံးသိနေကြတာပဲ ..."

ညီကြီးက နဖူးမှာစိမ့်ထွက်လာတဲ့ ချွေးစေးကြီးတွေကို မိကြွေမမြင်အောင်သုတ်ရင်း အသံတုန်တုန်နဲ့ ပြောလိုက်တယ်။

"တစ်ရွာလုံးကို ကိုင်မပေါက်စမ်းပါနဲ့တော်၊ တစ်ရွာလုံး မသိသေးတဲ့ အတွင်းကြောင်းကို ကျုပ်သိတယ်ဆို ဘာပြောမလဲ"

"ဟာ ... မဟုတ်ဘူးလေ ... ကြွေ ... မင်း ... အသက် ... အသက် ..."

"အော် ... ရှင်က ဒီစကားလေးမေးတာနဲ့ ကျုပ်အသက်ကို တောင် ရန်ရှာဦးမလို့ပေါ့လေ၊ ဒီအချိန်မှာ မိကြွေရဲ့နှုတ်ခမ်းဖူးဖူး လေးက အသံကျယ်ကျယ် စကားတစ်ခွန်းထွက်လိုက်ရင် ရှင် ဘာဖြစ်သွားမယ်ထင်သလဲ ..."

မိကြွေရဲ့ အချက်ပေးစကားကိုကြားတော့ ညီကြီးဆိုတာ ချွေးစေးတင်မဟုတ်ဘူး၊ ခေါင်းကဆံပင်မွေးပါ ထောင်သွားတယ်။

ကျန်ခဲ့တဲ့နှစ်က တိုးဝင်းဆိုတဲ့ကောင် ဒီလိုအမှုနဲ့ ထောင်ခုနစ် နှစ်ကျသွားတာ တစ်ရွာလုံးအသိပဲ။

"ကြွေရယ် ... ကိုညီ့အပေါ်မှ ရက်စက်မှုအပေါင်း သရဖူ ဆောင်းတော့မှာလား"

"ဒါကတော့ ချင်းစိမ်းနဲ့ မိတ်သလင်၊ သူကျင့်မှ ကိုယ်ကျင့်ပေါ့"

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တ … တကယ်တော့ … အသက်ဆိုတာက ကြွေ့အသက်ကို ရန်ရှာမယ်လို့ ပြောတာမဟုတ်ပါဘူးကွယ်၊ ဒီသတင်းတွေကို ဆရာဦးဖေကိုပြန်ကြားရင် ကိုညီ့အသက်ကို သတ်လိမ့်မယ်လို့ ပြောတာပါ …"

"အလိုတော် … အဲဒီသက်ကျားအိုကြီးကသတ်တာ ဘယ်သူက လည်စင်းခံနေမှာလဲ"

"ကိုညီ့မှာတော့ အသက်သခင်လိုဖြစ်နေတဲ့ ဆရာဆိုတော့ …"

"တော်စမ်းပါ ကိုညီကြီးရယ် … ရှင့်ကို ခိုင်းကောင်းလို့ ခိုင်းနေတာ၊ ရှင့်အပေါ် စေတနာထားတယ်ဆို ဘာလုပ်ငန်းများ လူနဲ့ သူနဲ့တူအောင် ထူထောင်ပေးထားလို့လဲ၊ သူ့ငွေးရဲ့အချစ်ဆုံး တပည့်ကြီးဆိုလို့ မေးပါဦးမယ်၊ ရှင်နဲ့ကျုပ်နဲ့ ယူပါပြီတဲ့ … ဦးထောင်ဦးစီးဖြစ်တဲ့ရှင်က ဘာလုပ်ငန်းများလုပ်ပြီး ရှာဖွေကျွေးမှာလဲ၊ သူ့ငွေးခွက်ကပ်ခါလိုက်တာလေးတွေကို လင်မယားနှစ်ယောက် *မဝရေစာ ချစားပြီးတော့ ကျုပ်မနေနိုင်ဘူးနော်"

ညီကြီး ခေါင်းငိုက်ဆင်းသွားတယ်။ ဦးဖေကိုဆီမှာ တပည့်အဖြစ် တိတိကျကျခံယူလိုက်တာ ၁၂-နှစ် ၁၃-နှစ်လောက်တော့ ရှိပြီလေ။ မိကြွေပြောသလိုပါပဲ၊ ကိုယ်ပိုင်လုပ်ငန်း ခုအထိတောင် ယောင်အိပ်မက် မက်ခွင့်မရဘူး။ ဒါပေမဲ့ ခုအချိန်ထိ ဦးဖေကို



www.burmeseclassic.com

www.burmeseclassic.com



စကားဆို မြေဝယ်မကျ နားထောင်ခဲ့တာဆိုတော့ အနီးမှာမရှိပေမယ့် ပေးထားတဲ့ကတိကို မဖျောက်ဖျက်ရဲဘူးပေါ့။

"ဒါ ... ဒါကတော့ကြွေရယ် ... တကယ်တမ်း ကိုညီ အိမ်ထောင်တွေ ဘာတွေကျသွားရင်တော့ ဆရာက ခုအတိုင်း လျစ်လျူရှုထားမှာမဟုတ်ပါဘူး ..."

"ဟုတ်တယ်လေ ... ဘယ်ထားတော့မှာလဲ၊ တင်ပါးကို အားကုန်ကန်ပြီး မောင်းလွှတ်မှာပေါ့"

"မဟုတ်ပါဘူးကြွေရယ် ... ဆရာဦးဖေကိုရာဇဝင်မှာ အဲလောက် ပစ်ပစ်ခါခါ မရှိခဲ့ပါဘူး"

"အိုတော် ... ကျုပ်ကတော့ မမြင်ရသေးတာကို ယုံကြည်ပြီး လေဒန်းစီး အီးခားနဲ့ခုတ် မလုပ်နိုင်ပါဘူး၊ နာမည်ပျက်စရာရှိ ကျုပ်တို့မိန်းမတွေကပျက်တာ၊ တော်ကြာ ရှင်နဲ့ဆို သုံးကျောင်း ပြောင်းသော ဘုန်းကြီး၊ သုံးလင်ကွာသောမိန်းမဆိုတဲ့ စာကို ချိုးခံရ လိမ့်မယ်။ ဒီတော့ ... ဒီနေ့ကစလို့ ရှင်နဲ့ကျုပ် ကင်းကင်းနေကြတာ အကောင်းဆုံးပဲ"

မိကြွေစကားဆုံးတော့ ညီကြီးခမျာ အရှူးနှာခေါင်း ပွားတုပ် သလို ဆောက်တည်ရာမရ ဖြစ်သွားတယ်။

"အဲ ... အဲလိုတော့ ... အပြတ် ... ပြတ် ... မငြင်းပါနဲ့ မောင့်အချစ်ဆုံးကြွေ ..."

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ခေတ်ရှင်မင်းသားတွေလို ယောကျ်ားတန်မဲ့ မျက်ရည်ဝိုင်းပြမနေနဲ့ မိကြွေတို့က ပြတ်ပြီဆို ငှက်ပျောသီး ဓားနဲ့ လှီးသလို တိခနဲပဲ ... ရှင်ပြန်တော့ ..."

"ကြွေရယ် ... စကားလေးတစ်ခွန်းနဲ့ ကိုညီ့ကို ချိုးတော့မှာလား"

"ရှင်က အဲဒီစကားတစ်ခွန်းပြောဖို့ကျတော့ ဘာလို့ ကြောက်နေရတာလဲ"

ညီကြီး သူ့စိတ်ကို သူအားပြန်တင်းတဲ့အနေနဲ့ နှပ်နှစ်ခါ ညှစ်လိုက်တယ်။ မိကြွေကို သူအဆုံးရှုံးမခံနိုင်ဘူး။ သူ့လို အရက်သမား၊ ကလေကချေ၊ အလုပ်လက်မဲ့ကို မိကြွေမို့လို့ ပြန်ကြည်ဖြူတာ။ နောက်တစ်ယောက် ဘယ်လိုမှ ရနိုင်စရာလမ်းမရှိဘူး။

"မိ ... မိကြွေ ... ဆရာတို့သွားတဲ့ကိစ္စ အောင်မြင်ရင် ကိုညီက မိကြွေကို နန်းတော်လိုအဆောက်အဦဆောက်ပြီး ဘုံခုနစ်ဆင့်မှာ တင်ထားနိုင်မှာပါ"

"ဟင် ... ရှင့်လူတွေက ကျားတွေ၊ ဆင်တွေ အရှင်ဖမ်းပြီး ပြန်ရောင်းမှာမို့လို့လား ..."

ညီကြီး သက်ပြင်းရှည်ကြီး ဆွဲချလိုက်တယ်။ မိကြွေကို နှပ်ကြောင်းလောက် ရှင်းပြနေလည်း မိုးလင်းတောင် ပြေလည်စရာ မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အချစ်အတွက် အသက်ကိုပဓာနမထားခဲ့ကြတာ သူမှလို့မဟုတ်ဘဲ၊ အာဒန်နဲ့ဧဝ၊ ရိုမီယိုနဲ့ဂျူးလိယက်၊ ရှင်မွေးလွန်းနဲ့ မင်းနန္ဒာ ... များစွာ ... များစွာ ... ရှိခဲ့တာပဲလေ။ စွန့်ပေ့ါ။

သိမ့်တိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဦးပိန်တူးရင်ထဲ တစ်မတ်တန်ဇီးထုပ်က ငွေတစ်ကျပ်မဲ့ ဆေါက်သလောက်ကို ပျော်နေတယ်။ သူ့ရင်ထဲ၊ အသွေးထဲ၊ အသား ထဲ၊ နှလုံးသားထဲမှာ သံသေတ္တာကြီး အရှိန်အဟုန် ပြင်းပြင်းနဲ့ သည်ပတ်နေပြီလေ။

"ငါ့တပည့်တင်ညွန့် ... မင်းတော်တယ်၊ သိပ်တော်တယ်၊ အများကြီးတော်တယ်၊ အားကြီးတော်တယ်၊ ဒီလိုမျိုး အချက်ကျကျ သိရလို့ကတော့ ကုန်စမ်းပါစေ၊ ပိန်တို့က ကွမ်းတံတွေး ပစ်ခနဲ ထွေးရသလောက်တောင် မနှမြောဘူး"

"အဘတပည့်ပဲ အဘရယ်၊ ဒီလောက်လေးနဲ့ စာဖွဲ့ချီးကျူး နေစရာ မလိုပါဘူး"

"ဟုတ်တယ်အဘ ... ဒီခရီးလမ်းကို ချောချောမောမော ရောက်နိုင်ဖို့က အဓိကပဲ၊ အမြင်နီးလျက် ခရီးဝေးသည်က



www.burmeseclassic.com

www.burmeseclassic.com



ဤတောင်တဲ့၊ ရိုးမတောကြီး,တောင်ကြီးထဲကို ဝင်ရမှာ၊ နောက်ပြီး ကျွန်တော်တို့က နေရာလည်း အတိအကျသိထားတာ မဟုတ်ဘူး

ညိုကြီးအောင်က အခက်အခဲကို ဝင်ပြောလိုက်တယ်။ တကယ်လည်း သူ့စိတ်ထဲ သိပ်ကျေနပ်တာမဟုတ်ဘူး။ မိကြေ အိမ်ကိုသွားရတာ သူနဲ့တင်ညွန့် နှစ်ယောက်အတူတူ မဟုတ်လား။ တင်ညွန့်တစ်ယောက်တည်းကိုပဲ မျက်နှာ ပျားရည်ပုံးမှောက်ကျ မတတ် ချီးကျူးနေတော့ ခံရခက်နေတာပေါ့။

"အိမ်း ... မင်းပြောတာလည်း ဟုတ်သလိုလိုရှိတာပဲ"

"ဟုတ်သလိုလိုလုပ်မနေနဲ့၊ ဦးဖေကိုတို့ တောထဲဝင်သွား တာ (၂)ရက်လောက်ရှိနေပြီ၊ ခုလောက်ဆို သေတ္တာဆီ ရောက်ချင် ရောက်နေတော့မှာ၊ စိတ်မချရဘူး"

"ကဲ တင်ညွန့် .... စဉ်းစားပါဦး၊ ဘယ်လိုဆက်လုပ်ရင် ကောင်းမလဲ"

ဦးပိန်တူးက အားကိုးလက်စ တင်ညွန့်ကိုပဲ မေးလိုက် တယ်။ တင်ညွန့် မဆိုင်းမတွပါဘဲ အသာခေါင်းတစ်ချက်ညိတ် လိုက်ပြီး ...

"ဒါတော့ ... မူဆာဆီသွားမှထင်တယ်၊ ဒီကောင်က ဒါလောက်တော့ဖြစ်မှာပါ"

"မင်းမူဆာက တစ်ရက်လုံး ရေနွေးကြမ်းတိုင်သောက်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ပျော့တိပျော့ဖတ်ကောင်ပါကွာ၊ ဒီခရီးတွက် ဘာအားကိုးရမှာလဲ"

"ဟာ ... ဒီကောင်ကို ရိုးမထဲခေါ်သွားမှာမှ မဟုတ်တာ၊ ဘာလုပ်သင့်တယ်မေးရုံလောက်ပဲ"

"ဟင်း ... ဟင်း ... ဒါတော့ ငွေကုန်ခံပြီး သတင်းဝယ်စရာမှ မလိုဘဲ"

"အောင်မာ ... ဒီလောက်တန်ဖိုးရှိတဲ့ ပရောဂျက်ကြီးမှာ သတင်းအမှန်ဟာ ရွှေထက်အဖိုးတန်တယ်ကွ ... မင်းလိုကောင် ဘာနားလည်လို့လဲ"

"မင်းလို လက်ကြောမတင်းတဲ့ကောင်ကတော့ ဘာမှမလုပ်ဘဲ ဟိုလူ့ပြေးမေး၊ ဒီလူ့ပြေးမေးနဲ့ ဒါပဲတတ်တာကိုး"

"ဟေ့ကောင်တွေ ... တော်စမ်း၊ အကောင်းမှတ်လို့ ဘားထောင်နေတာ၊ ဒီခရီးအတွက်ပဲပြော ... ဘာအတွက်မှ စိတ်ဝမ်းကွဲစရာမလိုဘူး"

ဦးပိန်တူးဝင်ဟောက်လိုက်မှ ညိုကြီးအောင်နဲ့ တင်ညွန့် ရန်စောင်နေရာက ပြန်ကုပ်ကျသွားတယ်။

"ဟို ... ဟို ... ဒီလိုပါအဘ၊ ကျွန်တော်က မူဆာဆီသွားရင် —"

"ဟုတ်ပါပြီ ... မသွားရင် ဘယ်လိုလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com


တင်ညွန့်က ညိုကြီးအောင်ကို ပြုံးထေ့ထေ့ကြည့်တယ်။ ကိုယ့်အပြော ကိုယ်ဒုက္ခရောက်ပြီ မဟုတ်လားဆိုတဲ့သဘောနဲ့ပေါ့။

"လွယ်ပါတယ် အဘရယ်၊ အဘ နွားကျော်သောင်းကို သိတယ်မဟုတ်လား"

ဦးပိန်တူး မျက်မှောင်တစ်ချက်ကုတ်သွားတယ်။ နွားကျော်သောင်းဆိုတဲ့ကောင်က မုဆိုးလည်းမဟုတ်ဘူး၊ လက်ခစားအလုပ် လိုက်လုပ်တဲ့ကောင်လည်း မဟုတ်ဘူး၊ သိတော့ကော ဘာထူးမှာလဲ။

"သိတယ်လေ၊ တို့ကိစ္စက နွားနဲ့ဘာပတ်သက်လို့လဲ"

"နွားကျော်သောင်းက နွားနဲ့ အရှေ့ကို တစ်လနှစ်ခေါက်လောက် တက်နေတာလေ၊ နွားတွေအရှေ့ရောက်ဖို့အတွက် ရိုးမတောလမ်းကပဲ မောင်းသွားတာ၊ ဒီတော့ ဒီခရီးလမ်းကို မကျွမ်းဘဲ ဘယ်နေလိမ့်မတုန်း"

"ဟ ... ဟုတ်တယ်ကွ၊ မင်းပြောမှ ငါသဘောပေါက်တော့တယ်၊ တို့ခရီးကို ဒီကောင်လိုက်မယ်ဆို အဲဒီမုဆိုး ဟိမဝန္တာပါတာထက်တောင် မြန်လိမ့်ဦးမယ်"

တင်ညွန့်က ညိုကြီးအောင်ပခုံးကိုဖက်ပြီး အားပါးတရ ဝင်ပြောတယ်။ ဒီနှစ်ကောင်လည်း သံသေတ္တာမျက်နှာကြောင့် ကြာကြာတင်းမနေကြတော့ဘူး၊ ပြန်သင့်မြတ်သွားတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ပြောတဲ့ နွားကျော်သောင်းက လိုက်ပါ့မလား၊ နောက်ပြီး … စိတ်ကောချရပ့ါမလား"

"ဟာ … ဒါတော့စိတ်ချအဘ၊ ဒီကောင်က နွားကလွဲလို့ ဘာမှစိတ်ဝင်စားတာမဟုတ်ဘူး၊ မြိုးမြိုးမြက်မြက်လေးပေးရင်တော့ လိုက်မှာကျိန်းသေပါတယ်"

"ဟုတ်ပြီလေ … ဒါဆို မင်းတို့နှစ်ယောက်သွားပြီး ဒီကောင့်ကို စည်းရုံးကြည့်လိုက်၊ ငွေကတော့ ထည့်ကိုတွက်မနေနဲ့၊ ဒီကောင်ကျေနပ်အောင်ပေး၊ အဆင်ပြေတယ်ဆို အချိန်ဆွဲမနေနဲ့၊ လိုအပ်တာယူခိုင်းပြီး တစ်ခါတည်းခေါ်လာခဲ့တော့၊ ငါလည်း ဒီမှာ ခရီးထွက်ဖို့အတွက် ပြင်ဆင်ထားလိုက်မယ်"

"ဟုတ်ကဲ့အဘ …"

ဦးပိန်တူးဆီက ခွင့်ပြုချက်ရတာနဲ့ တင်ညွှန့်နဲ့ ညိုကြီးအောင်ပုဆိုးတောင်ပြင်ဝတ်မနေဘူး။ နွားကျော်သောင်းအိမ်ဘက်ကို ကဆုန်ဆိုင်းလိုက်တာ မွတ်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဦးပိန်တူးတို့အဖွဲ့ တစ်ရက်ဆိုတဲ့အချိန်ကို မ်နားတမ်း လျှောက်လိုက်တာ အတော်ခရီးပေါက်လာခဲ့ပြီ။ ထမင်းစား၊ ရေသောက်တောင် ဖင်ချမထိုင်ဘဲ လုပ်ခဲ့တာကိုး။ နောက် ... ရိုးမခရီး ဆိုပေမယ့် နွားလမ်းကသွားရတော့ အတော်ကြီးသက်သာတယ် ပြောရမယ်။

နွားအကောင် ၂၀-၃၀ နှစ်ရှည်သွားထားတဲ့ လမ်းမဟုတ် လား။ ဒီတော့ သူတို့ရွာလမ်းမကြီးလောက်ကို ဆူးညှောင့်ခလုတ် ကင်းနေတာ။

“စိတ်ချစမ်းပါအဘပိန်ရယ်၊ ပြောလိုက်တဲ့နေရာသာ တိကျပါစေ၊ နေ့-ည နှစ်ရက်မကူးစေရဘူး၊ ရောက်ရလိမ့်မယ်”

“အင်း ... နေရာကတော့ ညီကြီးဆိုတဲ့ကောင်လည်း ရောက်ဖူးတာမဟုတ်ဘူး၊ ဟို ... မုဆိုးပြောတာကို မှန်းပြောရ တာတဲ့”



www.burmeseclassic.com

www.burmeseclassic.com



နွားကျော်သောင်းပြောတဲ့အတိုင်း မရောက်ရင် သူ့အပြစ် ဖြစ်မှာစိုးလို့ တင်ညွန့်က ဝင်ပြောတယ်။ ညီကြီးဆီကရတဲ့ သတင်းနဲ့ ပတ်သက်လို့ တာဝန်အရှိဆုံးသူက သူပဲလေ။

"ဘာပဲဖြစ်ဖြစ်လေ ... လေယာဉ်အပျက်ကြီးကိုတော့ အဝေးကပဲ လှမ်းမြင်နေနိုင်တာပဲ"

"ဒါတော့ အတိအကျပြော ...မှုမရဘူး အဘ၊ ခုလောက် နှစ်တွေကြာနေပြီဆိုတော့ ချုံတွေ့နွယ်တွေ ဖုံးချင်ဖုံးနေမှာ ..."

"ဇာ ... ခေါင်းသုံးစမ်းပါ ညီကြီးအောင်ရယ်၊ ငါတို့ရောက်သွားရင် ဟိုကောင်တွေက အဲဒီချုံတွေ့နွယ်တွေ ရှင်းပြီးလောက်မှာပေါ့၊ ဟား ... ဟား ..."

ဦးပိန်တူးရယ်သံအက်အက်ကြီးကိုကြားမှ တင်ညွန့် ခေါင်းမွေးထောင်သွားတယ်။ သူတို့ရှေ့က ဦးဖေကိုတို့အဖွဲ့ လေယာဉ်ပျက်မှာ ရှိနေနိုင်တယ်လေ။

"ဦး ... ဦးဖေကိုတို့တွေ လေယာဉ်ပျက်မှာရှိနေရင်တော့ ဘယ်လိုလုပ်မှာလဲအဘ ..."

"အိမ်း ... ဒါတော့ မီးစင်ကြည့်ကရမှာပေါ့၊ ဒီကောင်တွေ သေတ္တာကြီးကို သယ်သွားမယ်ဆိုလည်း တစ်ရက်ထဲနဲ့ ရွာရောက်မှာ မဟုတ်တာ"

"ဟုတ်ပြီ ... သူတို့ကို လမ်းမှာတင် လက်စဖျောက်ပြီး သေတ္တာကြီးကို မောင်ပိုင်ဝင်စီးရမှာပေါ့"

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညိုကြီးအောင်က အသင့်ဆောင်လာတဲ့ ငှက်ကြီးတောင်ဓားကို နေရောင်မှာထောင်ကြည့်ရင်း အားပါးတရ ဝင်ပြောတယ်။

နွားကျော်သောင်းကတော့ ညိုကြီးအောင်စကားကြားတာနဲ့ တင် ခြေလှမ်းတွေ အယောင်ယောင် အမှားမှားဖြစ်ပြီး ခလုတ်တိုက်လဲသွားတယ်။ သူက သေတ္တာဝေစုမှာ ပါတာမဟုတ်ဘူး။ လမ်းပြဖို့အတွက် ငွေ ၃၀၀ နဲ့ ဈေးသတ်မှတ်ပြီး လိုက်လာတာ။ ငွေ ၃၀၀ ဆိုတာက ခိုင်းနွားကောင်းကောင်းနှစ်ကောင် ဝယ်လို့ရတယ်လေ။

ခုပုံအတိုင်းဆိုရင် နွားနှစ်ကောင်မက်မိတာနဲ့ လူ့သတ်မှုထဲ ဝင်ပါရတော့မယ်။

"ဟို ... ဟို ... အဘပိန် ... ကျွန် ... ကျွန်တော်က လမ်းပြဖို့အတွက်တင် လိုက်လာတာနော်၊ လေယာဉ်ပျံပျက်ကို ပြနိုင်ရင် ကျွန်တော့်တာဝန်ကျေပြီ၊ လှည့် ... လှည့်ပြန်တော့မယ် ..."

"ဟေ့ကောင် ... နွားကျော်သောင်း၊ မင်း အဲလိုလုပ်လို့ ဘယ်ရမလဲ၊ အပြန်အတွက်ပါ တာဝန်ရှိတယ်လေ"

ညိုကြီးအောင်က မျက်လုံးနီကျင်ကျင်ကြီးတွေနဲ့ ကြည့်ပြီး နွားကျော်သောင်းကို လှမ်းဟောက်တယ်။ နွားကျော်သောင်းခမျာ ညိုကြီးအောင်အမူအရာကြောင့် ပြန်မပြောရဲပေမယ့် ဒူးတွေ တဆတ်ဆတ် တုန်ပြီး မျက်ဝန်းထဲ မျက်ရည်တွေဝိုင်းလာတယ်။

"ညိုကြီးအောင် ... မင်းအပေါက်ပိတ်ထားစမ်း၊ ငါလို



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဒကာ၊ ကျောင်းဒကာကြီးက အဲလောက်ရက်စက်တဲ့အလုပ် လုပ်ပါ့မလား၊ ညဏ်ကို ညဏ်နဲ့ပြိုင်ပြီး အနိုင်ယူမှာပေါ့၊ လူတော့ အား ငှက်တစ်ကောင်တောင် သတ်စရာမလိုဘူး”

“အဘပိန်ပြောတာ မှန်လိုက်တာခင်ဗျာ၊ ကျွန်တော်ဆိုရင် သည်း ကောင်းသောလယ်လုပ်ခြင်း၊ ကောင်းသောနွားရောင်းခြင်းနဲ့ ရပ်တည်နေတာပါ၊ နွားကျော်သောင်းဆိုပေမယ့် နွားတစ်ကောင်မှ ခေါ်ပြီးမရောင်းဖူးပါဘူး”

“အေးပါကွယ် ... စိတ်ချလက်ချသာလိုက် ... ဘယ်လို ဒုစရိုက်မှုမျိုးမှ မကျူးလွန်ရဘူး၊ ညိုကြီးအောင်ဆိုတဲ့ အရှုံးစကား ကို အမှတ်မထားနဲ့ ...”

ဦးပိန်တူးရဲ့ ကတိအထပ်ထပ်ကြားမှ နွားကျော်သောင်း ခြေလှမ်းမှန်မှန် ပြန်လှမ်းနိုင်တော့တယ်။

ဦးပိန်တူးရဲ့ အဆဲအဆိုခံရတာတောင် ညိုကြီးအောင်က ဓားကို ဓားအိမ်ထဲ ပြန်ထည့်ချင်တာမဟုတ်ဘူး။ မှုန်ကုပ်ကုပ်နဲ့ ဘွန်နဲ့ဆုတ်ဆုတ် လုပ်နေသေးတာ။



www.burmeseclassic.com

www.burmeseclassic.com

တောင်နံ့ရံ့ဘေးမှာ ထီးထီးကားကားကြီး လဲလျောင်းနေ
တဲ့ လေယာဉ်ပျက်ကြီးကိုမြင်တော့ တစ်လမ်းလုံးမောလာတဲ့ အမော
တွေဆိုတာ ဘယ်ရောက်သွားမှန်းတောင် မသိဘူး။

ဒီမြင်ကွင်းဟာ ဟိမဝန္တာတောင်လုံးအတွက် မထူးဆန်းဘူး
ဆိုပေမယ့် ဦးဖေကိုတို့အတွက်ကတော့ အထူးကြီးထူး၊ အဆန်းကြီး
ဆန်းနေတာကိုး။ ဗလှနဲ့ပေါက်စကတော့ ဝမ်းသာလွန်းလို့ တွဲကနေ
လိုက်ကြတာ ကွေးနေတာပဲ။

"ဒီလိုပျော်နေရုံနဲ့ မပြီးဘူး၊ လေယာဉ်ပျက်ထဲကိုဝင်
သေတ္တာကိုအရင်ကြည့်လေ၊ ဒါမှ ဆက်စီစဉ်စရာရှိတာ စီစဉ်နိုင်မှာ
ပေါ့"

ဟိမဝန္တာတောင်လုံး ဝင်သတိပေးစကားပြောလိုက်မှ
ဦးဖေကိုတို့ ဆရာတပည့်သုံးယောက် ကျွန်ုပ်ပြန်ဆယ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဖေဟုတ်ရင် ဘယ်အချိန်ထိ ပျော်ပွဲခံနေမယ်မသိနိုင်ဘူး။

"ဟ ... ဒါ ... ဒါလည်းဟုတ်တယ် ဆရာကြီး၊ ကျွန်တော် ရှေ့ကဝင်လိုက်မယ် ..."

ပေါက်စက တကယ့်ပန်းတိုင်ကိုမြင်သွားသလိုမျိုး အမူအရာနဲ့ ဦးဖေကိုဆီက အခွင့်တောင်းလိုက်တယ်။ ဦးဖေကို ဘာမှပြန်မပြောရသေးဘူး၊ လေယာဉ်ပျက်ထဲဝင်ဖို့ ခြေလှမ်းပြင်နေပြီ။ ဟိမဝန္တာတောင်လုံးက ပေါက်စလက်ကို ဖျတ်ခနဲ ဖမ်းဆွဲထားလိုက်တယ်။

"ဟင် ... အင် ... ခင်ဗျား ... အဲ ... မု ... မုဆိုးကြီး ... ဘာဖြစ်လို့လဲ"

"မင်း ... သေချင်လို့လား ..."

"ဗျာ ... ကျွန် ... ကျွန်တော်တစ်ယောက်တည်း အပိုင်စီး ... စီးချင်လို့ မဟုတ်ပါဘူး ... အား ... အားလုံး ..."

"မင်းဟစ်ယောက်တည်းအပိုင်စီးလည်း အဲဒီသေတ္တာကြီး မထမ်းနိုင်ဘူး၊ ငါတောင်မထမ်းနိုင်လို့ ဒီအတိုင်းကြည့်ထားရတာ"

"ဒါ ... ဒါဆို ..."

"အေး ... ဒီအထဲမှာက အန္တရာယ်ပြုနိုင်တဲ့ တောကောင်တွေ ဝင်နေတတ်တယ်၊ မင်း မရူးစမ်းဘဲဝင်သွားရင် ပြေးပေါက်ပိတ်ပြီး သေသွားမှာပဲ"

ဟိမဝန္တာတောင်လုံးရဲ့ ရှင်းပြချက်ကိုကြားတော့မှ ပေါက်စ



www.burmeseclassic.com

www.burmeseclassic.com


ခြေလှမ်းနောက်တွန့်ပြီး ချွေးစေးတွေကျလာတယ်။ အသွားမတော် တစ်လှမ်းတဲ့၊ စားရမယ့်ပစ္စည်း နှုတ်ခမ်းနားရောက်မှ အသက်ပျောက် မခံနိုင်ဘူးလေ။

ဟိမဝန္တာတောင်လုံးက ဒူးလေးကိုမောင်းတင်ပြီး မြားကို အသင့်တပ်လိုက်တယ်။ နောက် ငေးနေတဲ့ဗလှကို မေးထိုးပြရင်း–

"ဟိုကောင် ... ခဲကြီးကြီးတစ်လုံးကောက်ပြီး လေယာဉ် ပျက်ထဲကို လှမ်းထုလိုက်စမ်း ..."

ဗလှ ကပျာကယာ လှည့်ပတ်ရှာပြီး ခဲကြီးကြီးတစ်လုံး ကောက်လိုက်တယ်။ ဒီအချိန်မှာ ဟိမဝန္တာတောင်လုံးစကားကို ဘာရယ်ညာရယ် ငြင်းနေလို့မဖြစ်ဘူး။ သူက အဓိကလို ဖြစ်နေ တယ်မဟုတ်လား။

"ဘုန်း ..."

တစ်တောတစ်တောင်လုံး တိတ်တိတ်ဆိတ်ဆိတ်ရှိနေ တော့ ခဲလုံးနဲ့ လေယာဉ်ပျက်ထိတဲ့အသံဟာ အမြောက်သံလောက် ထွက်လာတယ်။ ပတ်ပတ်လည်တောင်နံရံက ထွက်လာတဲ့ ပဲ့တင်သံ တွေဆိုတာ တော်တော်နဲ့ မတိတ်နိုင်ဘူး။

ဦးဖေကိုတို့တွေ လေယာဉ်ပျက်ကို ငေးကြောင်ကြောင် ကြည့်နေတုန်းမှာပဲ၊ လေယာဉ်ပျက်ထဲက မည်းမည်းကောင်တွေ ဝရုန်းသုန်းကားနဲ့ ခုန်ပေါက်ထွက်လာကြတယ်။ လေယာဉ်ပျက် တောင် သိမ့်ခနဲ သိမ့်ခနဲ လှုပ်သွားရော။

သိမ့်ထိုက်စာပေ
www.burmeseclassic.com

www.burmeseclassic.com


အသေအချာကြည့်တော့မှ မျောက်တွေမှန်းသိလိုက်ရတယ်။ အကောင် ၃-၄ဝ ထက်တော့ နည်းမှာမဟုတ်ဘူး။

"ဘာလုပ်နေကြတာလဲ ... ပစ်ကြလေ"

ဟိမဝန္တာတောင်လုံးက ခေါင်းဆောင်လို့ထင်ရတဲ့ အကောင်ထွားထွား မျောက်ကြီးတစ်ကောင်ကို ဒူးလေးနဲ့လှမ်းပစ်ရင်း ဦးဖေကိုတို့ဘက်ကို လှည့်အော်တယ်။ ဒီတော့မှ ဦးဖေကိုတို့လည်း လက်ထဲက လေးဂွနဲ့ မည်းမည်းမြင်တဲ့မျောက်ကို လှမ်းပစ်ရတော့တာပဲ။

ဒါတောင် ... ဗလုမှာ မျောက်ကုပ်တာ တစ်ချက်ခံလိုက်ရသေးတယ်။

"တွေ့ပြီမဟုတ်လား၊ မင်းသာ မဆင်ခြင်ဘဲ လေယာဉ်ပျက်ထဲ ဝင်သွားရင် ခုလောက်ဆို မျောက်ကိုက်လို့ အရိုးတောင်ကျန်တော့မှာမဟုတ်ဘူး"

ပေါက်စခများ ကြောက်လွန်းလို့ ဟိမဝန္တာတောင်လုံးစကားကို ဟုတ်ကဲ့တောင် မခေါ်နိုင်ဘူး၊ မေးသာ တဆတ်ဆတ် ခေါ်နေတယ်။

"ဟုတ်ပါ့ ... ကျေးဇူးကြီးလိုက်တာ ဟိမဝန္တာတောင်လုံးရယ် ... ကျုပ်တပည့်မှာ ခင်ဗျားပေးတဲ့အသက်ပဲ ရှိပါတော့တယ်"

"အင်း ... ဒီခရီး ဒီပစ္စည်းက ကျုပ်တာဝန်ဆိုတော့ ကျုပ်မှာ ပြောရတာပလေ ... အသက်သခင်ရယ်လို့ မဟုတ်ပါဘူး"

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တာဝန်တော့ တာဝန်ပေါ့ ... ဒါပေမယ့် သူတစ်ထူးကျေးဇူး ဆိုတာ မမေ့ကောင်းဘူး၊ ဒီကောင့်အနေနဲ့ မုဆိုးကြီးကို အိမ်ဦးခန်း တောင်တင်ပြီး ပြုစုထားသင့်တယ် ..."

"ဆရာကြီးရယ် ... ကျွန်တော့်အမေလည်း အသက်ကြီး ပါပြီ၊ တော်ကြာ ... ရွာမှာ သားသမီးမကောင်း မိဘအခေါင်း ... အဲလေ ... မိဘခေါင်းဆိုပြီး ပြောစရာဖြစ်နေပါဦးမယ်၊ ကျေးဇူးကို တခြားနည်းနဲ့ဆပ်ပါရစေနော် ... နော် ..."

ဦးဖေကိုပြောတဲ့စကားကို ပေါက်စ ဘယ်လိုသဘောပေါက် တယ်မသိဘူး၊ မျက်ရည်လေးဝိုင်းပြီး အတင်းဝင်ပြောတယ်။

"ငါလခွီး ... မင်းမှာ အရေးကြုံရင် မင်းအမေ အိုနာရွတ်တွ ကြီးပဲ ဈေးတင်နေ ... ငါက စကားအဖြစ် အထွတ်အမြွတ်ထား ကျေးဇူးဆပ်သင့်တယ်လို့ ပြောတာ ..."

"နေ ... နေပါစေ ဦးဖေကိုရယ်၊ ဒီကောင့်အိမ်ကြုံတော့ လည်း ထမင်းတစ်နပ်တက်စားတာပေါ့၊ ခေါင်းရင်းတော့ တက်ခေ ထိုင်ချင်ပါဘူး၊ ကျုပ်က အနေအစားပက်စက်တယ်၊ မုဆိုးမဟုတ် လား"

"အေးပေါ့လေ ... ကြုံတော့လည်း ကျုပ်အိမ်ပါဝင်ခဲ့ပေါ့ ... ခုတော့ လေယာဉ်ပျက်ထဲ ဝင်ကြည့်ကြဦးစို့"

ဦးဖေကိုက တစ်ယောက်နဲ့တစ်ယောက် အစားအချေအေး



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲသဘောနဲ့ပြောရင်း လေယာဉ်ပျက်ထဲဝင်ဖို့ လောဆော်လိုက်တယ်။ သေတ္တာကြီးမြင်မှ စိတ်အေးရမှာကိုး။

သူတို့တွေ လေယာဉ်ပျက်ထဲဝင်သွားတော့ သံတိုသံစတွေ၊ ဝင်္ကူအိမ်တွေကြားထဲကနေပြီး သံသေတ္တာကြီးက မားမားမတ်မတ်ကြီးဆိုနေတယ်။

"အဟား ... နည်း ... နည်းတဲ့သေတ္တာကြီးမှ မဟုတ်ဘဲ ... ဆရာကြီး ... ကျွန်တော်တို့တွေတော့ သားရွှေအိုးထမ်းပြန်ရတိန်းဆိုက်ပြီ ... ဖွင့် ... ဖွင့်ကြည့်ပါဦး ..."

ဗလုရဲ့ အားရဝမ်းသာတိုက်တွန်းစကားကြောင့် ဦးဖေကိုအပျာကယာ သေတ္တာကြီးနား ရောက်သွားတယ်။ သေတ္တာကိုအကျအနတော်ထားတဲ့ သော့ခလောက် ဖွံ့ဖွံ့ကားကားကိုမြင်တော့နန်းပဲကိုက်ဖြတ်ရတော့မလိုလို၊ လိမ်ပဲချိုးလိုက်ရတော့မလိုလိုနဲ့မျက်လုံး ပေကလပ် ပေကလပ် ဖြစ်နေတယ်။

"အဲဒါပဲလေ ... ဒီသံခလောက်ကြီးကြောင့် ကျုပ်လည်းဖွင့်မရ ကြည့်မရ ဖြစ်နေတာပေါ့"

ဟုတ်သား ... လွယ်လွယ်ကူကူဖွင့်ရမှပဲ ဟိမဝန္တာဆောင်လုံး သူတို့ကို လာပြီးအဖော်ဆွယ်စရာ ဘာလိုမှာလဲ။ သူ့ဟာသူ သံသေတ္တာဖွင့် အထဲကပစ္စည်းယူရုံပေါ့။

"အိမ် ... အဓိကကျတဲ့သော့ခလောက်ကိစ္စကို ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံး မေ့နေတယ်၊ ဒီရောက်လာပြီးမှ ဘာမှရှာလို့ဖွေလို့ရမှာ မဟုတ်ဘူး"

"ဟုတ်တယ်ဆရာကြီး၊ ကျွန်တော်တို့ ရှာပြန်ပြီး ဒိုင်းနမိုင်း ဝယ်မှထင်တယ်"

ပေါက်စရဲ့ အကြံပေးစကားကို ဦးဖေကိုကြားတော့ စူးခနဲ ခေါင်းထောင်လာတယ်။

"ဘာလဲ ... မင်းက ကိုယ့်သေတွင်း ကိုယ်တူးတာလား၊ ဒိုင်းနမိုင်း ဘယ်ကရမှာလဲ၊ နောက်ဆုံး ... ရတောင်မှ ဒိုင်းနမိုင်းနဲ့ မဖွင့်နိုင်ဘူး၊ သေတ္တာတင်မဟုတ်ဘဲ လေယာဉ်ပျက်ကြီးပါ ပေါက်ကွဲသွားနိုင်တယ်၊ ပေါက်ကွဲသံကြားရင်လည်း လူတွေ လိုက်လာနိုင်တယ်၊ တော်ကြာ သိကုန်ကြမှာ ..."

"ဒါ ... ဒါဆို ဘယ်လိုလုပ်ကြမလဲ ဆရာကြီး ..."

ဗလုက ပစ်ရမှာလည်းဆီနဲ့ဝင်းဝင်း၊ စားရမှာလည်း သဲနဲ့ ချပ်ချပ်ဆိုတဲ့ အကြည့်မျိုးနဲ့ သံသေတ္တာကိုကြည့်ရင်း မေးတယ်။ ဦးဖေကိုက မေးစေ့ကောက်ကောက်ကို ပွတ်ရင်း ...

"လူတွေမရိပ်မိနိုင်တဲ့ နည်းလမ်းကိုရှာပြီး ရအောင်ဖွင့်ရ မှာပေါ့"

"ကျွန် ... ကျွန်တော်တို့မှာ လေးငွနဲ့ ဂေါ်လီကတွဲလို့ မားမြှောင်တိုပဲပါတယ်လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... ဒီမှာထိုင်စဉ်းစားနေလို့တော့ ဘယ်ရမှာလဲ၊ ရှာပြန်ပြီး စီစဉ်ရမှာပေါ့"

"ဟင် ... ဒါဆို နောက်လူတွေ့သွားလို့ သေတ္တာကြီး သူသွားရင် မခက်ဘူးလား"

သူတို့တစ်သက်မကရှိနေတဲ့ လေယာဉ်ပျက်နဲ့ သေတ္တာကြီးကို ခုမှ စိတ်မချလက်မချဖြစ်ပြီး ပေါက်စကဝင်ပြောတယ်။ နောက်လူဆိုတဲ့အသံကြားတော့ ဦးဖေကို ရှုးရှုးရှဲရှဲဖြစ်သွားတာပဲ။ သောဘက ငယ်ထိပ်ကပ်နေပြီကိုး။

"အဲ ... ဒီအတိုင်းတော့ ဘယ်ထားခဲ့နိုင်မှာလဲ၊ တစ်ခုခု စီစဉ်ရမှာပေါ့"

"ဘယ်လိုလုပ်မှာလဲဆရာကြီး၊ လေယာဉ်ပျက်ကို ချုံတွေနဲ့ ဖုံးထားခဲ့မှာလား"

"သောက်ရူး ... ဒီလေယာဉ်ပျက်ကြီးကို လုံအောင်ဖုံးမယ်ဆို သစ်ပင်တွေ တစ်တောလုံး၊ တစ်တောင်လုံးကုန်အောင် ခုတ်မှဖြစ်မှာ ... သေတ္တာကို နေရာရွှေ့ခဲ့ရမှာပေါ့ဟ"

"ဒါကြောင့် ဦးအိဖေကိုရယ်လို့ နာမည်ကြီးတာပဲ၊ အဲဒီ စိတ်ကူး အကောင်းဆုံးပဲ၊ သေတ္တာကို ဒီထက်လုံခြုံတဲ့နေရာမှာ ထားလိုက်ရင် စိတ်အေးလက်အေး စီစဉ်လို့ရပြီပေါ့"

ဟိမဝန္တာတောင်လုံး ချီးကျူးလိုက်တဲ့စကားကြားတော့ ဦးဖေကိုဆိုတာ တဟဲဟဲနဲ့ ပါးစပ်ကိုမစေ့နိုင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"လုံခြုံတဲ့နေရာအတွက်တော့ ဟိမဝန္တာကြီးကပဲ စဉ်းစားပါ ... ခင်ဗျားက ဒီတောဒီတောင်ကို ခြေရာခြင်းထပ်အောင် သွားဖူးတာပဲ"

"စိတ်ချ ... ဒီရိုးမတောကြီးကို မှောက်လှန်ပြီးရှာရင်တောင် မတွေ့နိုင်တဲ့နေရာ ကျုပ်သိပါတယ် ..."

ယုံကြည်မှုအပြည့်အဝနဲ့ပြောလိုက်တဲ့ ဟိမဝန္တာတောင်လုံး စကားကြောင့် ကျန်တဲ့လူတွေရင်ထဲ ရေခဲစိမ်စပါကလင် သောက်လိုက်ရသလို အေးခနဲ စိမ့်သွားတာပဲ။

တောဟူသမျှ ထင်းဖြစ်သည်။ မြစ်ဟူသမျှ ကောက်ကွေ့သည်။ တောင်လုံးပြောသမျှ မှန်ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com

"အဘ ... ကျွန်တော်တို့ သွားကြမလား"

ညိုကြီးအောင်က အားမလိုအားမရ မောသံနဲ့မေးတယ်။ နွားကျော်သောင်းက ပါးစပ်မှာ ညာလက်ညှိုးကပ်ပြီး ရှူးခနဲ လုပ်ပြတယ်။ တိတ်တိတ်နေဦးဆိုတဲ့သဘောပေါ့။ ဦးပိန်တူးပါ လှည့်ကြည့်ရင်း မျက်မှောင်ကုတ်ပြတော့ ညိုကြီးအောင် ထပ်မပြောရဲတော့ဘူး။ ဟုတ်တယ် ... တကယ်လည်း ရိုးမတောနဲ့ပတ်သက်ရင် သူက ဘာမှနားလည်တာမဟုတ်ဘူး။

ဦးဖေကိုတို့အဖွဲ့ သေတ္တာကိုမြှုပ်ပြီးလို့ ထွက်သွားကြတာ ဆမင်းအိုးတစ်လုံးချက် ကျက်လောက်အောင်ရှိတော့မှ နွားကျော်သောင်းက ပုန်းနေရာကထွက်ပြီး ရပ်တယ်။ အဲဒီတော့မှ ကျန်တဲ့လူတွေလည်း လွတ်လွတ်လပ်လပ် ခါးအညောင်းဆန့်ရဲတော့တာ။

"မင်းမှာ ကြောက်တတ်ရန်ကော နွားကျော်သောင်းရေ၊



www.burmeseclassic.com

www.burmeseclassic.com


ငါတို့နဲ့ သူတို့နဲ့ဆိုတာ လူလုံးကွဲရုံလောက်မြင်ရတာပါ၊ နောက် ငါတို့လိုက်လာမှန်းလည်း သိတာမဟုတ်ဘူး"

ညိုကြီးအောင် စိတ်မကျေသေးတဲ့လေသံနဲ့ နွားကျော်သောင်းကို အပြစ်တင်တယ်။ တကယ်တော့ ဦးပိန်တူး မျက်နှာသာပေးလို့ ကြည့်နေရတာ ရှာမှာဆို ညိုကြီးအောင်က နွားကျော်သောင်းကို ငယ်နိုင်မဟုတ်လား။

"အဲလို လွယ်လွယ်ပြောလို့မရဘူး၊ ဟို ... ဗလတောင့်တောင့်နဲ့ ဒူးလေးကိုင်ထားတဲ့လူကြီးကို မင်းတွေ့တယ်မဟုတ်လား"

"အေးလေ ... တွေ့သားပဲ၊ အဲဒါဘာဖြစ်လဲ"

"သူတို့အဖွဲ့မှာပါတဲ့ မုဆိုးဖြစ်မှာပေါ့၊ မုဆိုးဆိုတာက တောကောင်တွေလှုပ်ရှားမှုကိုတောင်သိတာ မင်းတို့ငါတို့ကိုဆို အာရုံစိုက်စရာတောင်မလိုဘူး၊ တန်းခနဲသိမှာပဲ၊ ခုလို ငြိမ်ငြိမ်နေလိုက်တော့ ဘာပြဿနာမှ ရှင်းစရာမလိုဘဲ အကျိုးရှိတာပေါ့"

"ဟုတ်ပါပြီ နွားကျော်သောင်းရာ၊ မင်းပြောတဲ့ နွားစကားကို ငါနားလည်ပါပြီ"

"အေး ... နားလည်ရင်လည်း သွားတော ... တို့လည်း မမှောင်ခင် အိပ်မယ့်နေရာကို ပြန်ရောက်အောင်သွားရမှာ ..."

သူတို့လေးယောက်ကတော့ ဘာမှတိုင်ပင်နေစရာမလိုတော့ဘူး၊ ဦးဖေကိုတို့ သေတ္တာမြှုပ်တဲ့နေရာရောက်တာနဲ့ တပြိုင်နက်ညီ သေတ္တာကြီးကို ဖော်လိုက်ကြတယ်။

---

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကို တခြားနေရာပြောင်းမြှုပ်ဖို့အတွက် ထမ်းကြမယ်ဆိုတော့ နွားကျောင်းသောင်းက နည်းနည်းခြေလှမ်းနောက်ဆုတ်နေတယ်။ ဦးပိန်တူးကတော့ ဆရာပီပီ နွားကျောင်းသောင်း အခြေအနေကို ရိပ်မိတယ်။

"ဟော့ ... နွားကျောင်းသောင်း၊ မင်း ဘာမှစိတ်မပျက်ပါနဲ့ကွယ် ... မင်းကို ငွေ ၃၀၀ အပြတ်နဲ့ လမ်းပြခေါ်လာတယ်ဆိုပေမယ့် ဒီသေတ္တာထဲက အကျိုးအမြတ်ကိုလည်း တို့နဲ့ တန်းတူခံစားခွင့်ပေးဦးမှာပါ ..."

"ဟာ ... အဘ၊ အဲလိုဆို ကျွန်တော်တို့ဝေစု လျော့သွားမှာပေါ့"

တင်ညွန့်က မမြင်ရသေးတဲ့ သေတ္တာထဲကဝေစုလေး ဖဲ့ပေးရမှာစိုးလို့ ဝင်ပြောတယ်။ တရားဝင်တော့ ဦးပိန်တူးကို ဟန့်ရဲတာမဟုတ်ဘူး။

"အိမ်း ... ကိုယ့်အပေါ်သစ္စာရှိတဲ့ လူတစ်ယောက်ကို ခွဲပေးရတာ ဝမ်းနည်းစရာလား၊ ဒီသေတ္တာကြီးထဲမှာ ရွှေပဲပါတယ်ထားဦး၊ ပိဿာချိန် ၁၀၀–၉၀ တော့ ပြေးမလွတ်ဘူး၊ ၄ ပုံ ၁ ပုံ တောင် တစ်ယောက်ဝေစု နည်းရောလား"

ဦးပိန်တူးက နှုတ်ပိတ်ပြီးသားဖြစ်အောင်လို့ သစ္စာတွေဘာတွေ ထည့်ပြောလိုက်တယ်။ နွားကျောင်းသောင်းကို စာရင်းခွဲမထည့်ပေးလို့လည်း မဖြစ်ဘူးလေ။

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com


ငွေ ၃၀၀ နဲ့ ဓာတ်လမ်းဖြတ်လိုက်ရင် ဒီကောင်က အိပ်နေတဲ့ လူကိုတောင် နှိုးပြီး သံသေတ္တာအကြောင်း ပြောတော့မှာ။ ကိုယ့်ရ ထဲက နည်းနည်းဖွဲ့ပေးလိုက်ရတာ ကိစ္စမရှိဘူး။ ခါးပိုက်ထဲကဖ လွှားခနဲ လွှားခနဲ ခုန်ထွက်ပြေးသွားရင် လူဖြစ်ရှုံးပြီမဟုတ်လား။

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဦးဖေကိုက လှည့်လိုက်တာမှမှတ်နေတာပဲ။ ရိုးမထဲက ထွက်တာနဲ့ ရွာကိုပြန်တာမဟုတ်ဘူး။ မြို့ကို ဆက်ဒုန်းစိုင်းတော့ တာ။ တောထဲမှာမောခဲ့သမျှ ရွာရောက်ရင် ခနိုရည်လေးနဲ့ နှစ်ပါး သွားနှပ်မယ်တွေးထားတဲ့ ဗလှနဲ့ပေါက်စ မျက်နှာညိုသွားတာပဲ။

ဦးဖေကိုက ဆရာပီပီ ဒီကောင်နှစ်ကောင် မျက်နှာအမူအရာ ပြောင်းသွားကတည်းက ဘာဆိုတာ ရိပ်မိတယ်။

"ဟေ့ကောင်တွေ ... မင်းတို့ ဘာအချိုးချိုးတာလဲ"

"ဗျာ ... ဆရာကြီး၊ ဘာ ... ဘာဖြစ်လို့လဲ"

မောရတဲ့အထဲ ဆရာကဖိဟောက်တော့ ဗလှနဲ့ပေါက်စ မျက်နှာဝှက်စရာမရှိဘူး ဖြစ်သွားတယ်။

"ဘာဖြစ်ရမှာလဲ၊ မင်းတို့မျက်နှာကြည့်ရတာ ဆွေစဉ်ခုနစ် ဆက် မျိုးစဉ်ခုနစ်ဆက် ကာလဝမ်းနဲ့ပါသွားသလို ရှုံ့မဲ့နေတာ မြန်ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဆရာကြီးကလည်း ငွေဒင်္ဂါးကို ထွေခင်းကစား နိုင်တဲ့အချိန်ရောက်မှ ဆွေမျိုးတွေ သေခိုင်းနေပြန်ပါပြီ"

"ဆွေမျိုးတွေတင်မဟုတ်ဘူး၊ မင်းတို့ပါ ခုချက်ချင်း လဲသေ လိုက် ... အလုပ်လုပ်နေရင် အဲလိုစိတ်ပျက်လက်ပျက် အမူအရာကို ငါအမုန်းဆုံးပဲ ..."

"ဒါ ... ဒါကတော့ ... ဆ ... ဆရာကြီးရယ် ..."

"တော် ... မင်းတို့ကောင်တွေ အဲလိုပျင်းရိခြင်း(၆)ပါးနဲ့ လည်နေလို့ ဒီအခြေ၊ ဒီဘဝ ဖြစ်နေတာ၊ အခွင့်အရေးကောင်း ကြုံလာရင် အပင်ပန်းခံဖို့ ဝန်မလေးရဘူး၊ ငါလိုအဘိုးကြီးက တက်ကြွသလောက် မင်းတို့လူငယ်တွေ အမှည့်လွန်ငှက်ပျောသီး ဖြစ်မနေနဲ့၊ မလိုက်ချင်ဘူးဆို ကျန်ခဲ့ ..."

ဦးဖေကိုစကားကြားတော့ ဗလုနဲ့ပေါက်စ မိုးကြိုးပစ်ခံရ တာပဲ နည်းနည်းဣန္ဒြေဆည်နေနိုင်ဦးမယ်၊ ဖျပ်ဖျပ်ကိုလူးသွားရော နေ့ ... ကျန်ခဲ့မယ်ဆိုရင် ဝေစုက အလိုလိုပျက်ပြီးသား ဖြစ်သွား မှာပဲ။

"အဟား... ဆရာကြီးကလည်း ကျွန်တော်တို့မောပါဘူး အခုချိန် ဒသဂီရိလို တောင်(၁၀)ကျော်ရမယ်ဆိုရင်တောင် လွှားခနဲ လွှားခနဲ ကျွမ်းထိုးကျော်ပြလိုက်ဦးမယ်။

"အေး ... အဲလိုဆို မင်းတို့မျက်နှာ အချိုးတွေကိုပြင်



www.burmeseclassic.com

www.burmeseclassic.com



မြို့ရောက်ရင်လည်း စကားကို စည်းလွတ်ကမ်းလွတ် မပြောနဲ့ဦး၊ ငါ ကုန်စုံဆိုင်အတွက် လိုအပ်တဲ့ပစ္စည်းတွေဝယ်ဖို့ တက်လာတယ် လို့ပဲပြောထား၊ ဟုတ်ပြီလား"

"အဲဒါတော့ ဟုတ်ပါပြီဆရာကြီး၊ ဒါပေမဲ့ ကျွန်တော် နားမလည်သေးတာက ကျွန်တော်တို့ ရွာကိုမပြန်ဘဲ ဘာလို့ မြို့ကို သွားတာလဲ"

ပေါက်စက သူ့စိတ်ထဲ မရှင်းဘူးထင်တဲ့အချက်ကို မေးလိုက်တယ်။ သူ့မှာ မြို့နဲ့သံသေတ္တာကို တွဲမြင်လို့ကို မရသေးဘူး။ သံသေတ္တာထဲကပစ္စည်း ရောင်းဖို့သွားတယ်ပြောရအောင်လည်း ဒွင့်လို့တောင်မရသေးဘူးလေ။

"ဟင်း ... ဟင်း ... အီဖေကိုဆိုတဲ့အကောင်က အချက်မရှိ မြို့ထိမတက်ပါဘူးဟ၊ မင်းတို့သေတ္တာက သော့ခလောက်ကြီး မြင်တယ်မဟုတ်လား"

"မြင်ပါတယ် ဆရာကြီး ..."

"အေး ... ဒိုင်းနမိုင်းလည်း သုံးစရာမလိုဘူး၊ အဖောင်နဲ့ တွေ့ရင် ကွမ်းတစ်ယာညက်လောက်ဆို ဒိုင်းခနဲပွင့်ပြီပေါ့"

"အဖောင် ... သူလည်း ဒိုင်းနမိုင်းလိုပစ္စည်းမျိုးပဲလား"

ဗလှ ခေါင်းကို တဖြင်းဖြင်းကုတ်ရင်း ဝင်မေးတယ်။ သူတို့ ဆရာကြီးပြောသမျှ သူတို့အတွက်တော့ လေးစားအားကျလောက် စရာ အံ့ဩဘနန်းတွေပဲ။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ဗဟုသုတနည်းတဲ့ အကောင်ပဲ၊ အဖောင် ဆိုတာ မြို့က သော့ပြင်တဲ့တရုတ်ကွ ..."

"ဟင် ... တရုတ်ကသော့ပြင်တယ် ..."

"ဟ ... တရုတ်ကသော့မပြင်ရဘူးလို့ မင်းအဘပြောဖူးလို့ လား၊ သူတတ်ရင် သူပြင်မှာပေါ့၊ တို့ရွာမှာ မူဆာတောင် ဘိန်းစား မူဆာ ဖြစ်နေသေးတာပဲ"

"ဟုတ်ကဲ့ ... အဖောင်က သော့ပြင်တယ်ပဲထားပါတော့ ... ကျွန်တော်တို့ကိစ္စကို အပြင်လူတစ်ယောက်သိလို့ ကောင်းပါ့ မလား ဆရာကြီး"

"ဟား ... ဟား ... ဒါတော့ တစ်ခုလိုချင် တစ်ခုပေးရမှာပေါ့ လောကမှာ ငွေမမက်တဲ့ကောင်လို့ မရှိပါဘူး၊ ငွေနဲ့ဖွင့်ရင် မပွင့်တဲ့ တံခါးမရှိသလို၊ ငွေနဲ့ပိတ်ရင်လည်း မပိတ်တဲ့တံခါး မရှိပါဘူးကွ ... ဟား ... ဟား ..."

"ဆ ... ဆရာကြီး ... တံခါးဖွင့်မှာမဟုတ်ဘူးလေ ... သော့ဖွင့်မှာ ..."

ဗလုရဲ့ ယောင်အအစကားကြောင့် ရယ်နေတဲ့ ဦးဖေကြီး မျက်နှာ တွန့်ခနဲဖြစ်သွားတယ်။

"အာ ... မင်းလိုကောင်နဲ့ စကားပြောရတာ မလေးနက် လိုက်တာ၊ စိတ်ချရတဲ့အကြောင်းကို ဝက်စုတ္တိအလင်္ကာနဲ့ ပြောတာ ကွ ... အလင်္ကာနဲ့ပြောတာ ... နားလည်ပြီလား ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ် ... နား ... နားလည်ပါပြီ"

"ဘာနားလည်တာလဲ ..."

"ဟို ... ဟို ... ဆရာကြီးရယ်ရင် လိုက်ရယ်ရမယ်၊ ဆရာကြီး ပြောရင် ထောက်ခံရမယ်လို့ နားလည်တာပါ"

ဦးဖေကို ဘာမှဆက်မပြောနိုင်တော့ဘူး။ သူ့နဖူးသူ့သာ ဖြန်းခနဲနေအောင် ရိုက်ချလိုက်တယ်။

ဇလုလည်း ငြိမ်မနေပါဘူး၊ သူ့ဆရာကြီးလုပ်သလို သူ့နဖူး သူ ဖြန်းခနဲမြည်အောင် လိုက်ရိုက်တယ်။ တပည့်ဆိုမှတော့ အဲဒီလောက်အောင်ကို တပည့်ပီသပြလိုက်တာပဲ။

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဦးပိန်တူးတို့ ရွာကိုပြန်ရောက်တော့ ဦးဖေကိုတို့ရဲ့ အရိပ်အယောင်ကိုတော့ထား၊ သတင်းတောင် အတိအကျမရဘူး။ မြို့ကိုသွားတာ တော်တော်ကြာပြီ၊ ပြန်မရောက်သေးဘူးလောက်ပဲ။

"ဖေကိုတို့ ဒီတစ်ခါတော့ မြို့ကိုသွားတာ ဟုတ်လောက်မယ်"

"ဟင် ... သူတို့က ဘာလုပ်ဖို့ မြို့ကိုသွားမှာလဲ အဘ..."

ညိုကြီးအောင်က ဦးပိန်တူးစကားကို ဝင်ထောက်မေးတယ်။

"သေတ္တာကိုဖွင့်ဖို့အတွက် နည်းလမ်းသွားရှာတာနေမှာပေါ့"

"ဟား ... ဟား ... သူတို့မှာ ဖွင့်စရာဆိုလို့ သေတ္တာတော့ထား သော့ခလောက်တောင် မရှိတော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း ... အဲဒါက ငါတို့ပဲသိတာ၊ ဒီကောင်တွေစိတ်ထဲမှာတော့ ခဏမြင်ဖူးလိုက်တဲ့ သေတ္တာကြီးကို တွေးပြီး ရူးမတတ်ပျော်နေမှာပေါ့ ... ဟား ... ဟား ... ဟား ..."

"အဘ ... ကျွန်တော်တို့လည်း ရယ်နေရုံနဲ့မပြီးဘူးနော်၊ သေတ္တာအမြန်ဖွင့်ပြီး ပစ္စည်းယူထားနိုင်မှ စိတ်ချရမှာ ..."

တင်ညွန့် စဉ်းစားနေရာက ဝင်ပြောတယ်။ ဒီလိုဘက်ကတော့ ညိုကြီးအောင်ထက်စာရင် တင်ညွန့်က ပိုစဉ်းစား တွေးတောတတ်တယ်။

"ဒါတော့ဟုတ်တယ် အဘပိန်၊ ကျွန်တော်တို့ အချိန်ဆွဲနေလို့မဖြစ်ဘူး၊ ဦးဖေကိုတို့ တောထဲကို နောက်တစ်ခေါက် ထပ်ရောက်ရင်သေတ္တာပျောက်နေတာသိပြီး ပိုရှုပ်လာနိုင်တယ်"

နွားကျော်သောင်း စိုးရိမ်မကင်းလေသံနဲ့ ဝင်ပြောတယ်။ ရှာပြန်ရောက်ပေမယ့် သေတ္တာကိုစွမပြတ်သေးတော့ နွားကျော်သောင်းလည်း ဦးပိန်တူးတို့နဲ့ပဲ နေရတော့တာ။ နွားတော့ထား ခွာတောင်မစစ်နိုင်တော့ဘူး။

"ငါ ... အဘပါ နွားကျော်သောင်းရာ၊ တောထဲက ထွက်လာပြီးကတည်းက ငါ့စိတ်ထဲမှာ သေတ္တာအတွက် အားလုံးစီစဉ်ပြီးသားပဲ"

"ဘာလဲအဘ ... ကျွန်တော်တို့လည်း မြို့ကို သေတ္တာဖွင့်ဖို့နည်းလမ်းသွားရှာမလား"

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com


"အဲလောက်မလိုပါဘူး တင်ညွန့်ရာ၊ ဖေကိုဆိုတဲ့ကောင်က ရေဒီယိုလေးတစ်လုံးရှိတာနဲ့ ဆိုဗီယက်ယူနီယံလုပ်ပြီး မြို့တက် ဖြေရှင်းချင်နေတာ၊ ငါဆိုတဲ့ပိန်က ရွာနဲ့တင် ပြေလည်အောင် ရှင်းနိုင်ပါတယ်"

ိုးပိန်တူး လက်မတထောင်ထောင်နဲ့ ကြွားကြွားလေး ပြောတယ်။ သေတ္တာလည်း သူ့ဆီမှာပဲ လက်ဆုပ်လက်ကိုင်ရှိတာကိုး။

"ဘယ် ... ဘယ်လိုများ ... ရွာမှာတင်ပြီးမှာလဲ အဘရာ၊ သိ ... သိချင်လွန်းလို့ တုန်နေပြီ ... ဟီး"

ညိုကြီးအောင် ဖုံးမနိုင်၊ ဖိမရ ဝမ်းသာသံနဲ့ ဝင်မေးတယ်။ သေတ္တာကြီး မြန်မြန်ဖွင့်၊ ရတဲ့ပစ္စည်း မြန်မြန်ထုခွဲပြီး ပျော်ပျော်ကြီး ကဲချင်နေပြီလေ။

"အေး ... မင်းတို့ မြဲမြဲမှတ်ထား၊ သံကိုနိုင်တာ သံဆရာ ပဲကွ၊ သော့ခလောက်ဆိုတာလည်း သံနဲ့လုပ်ထားတာပဲ၊ သံဆရာ နဲ့တွေ့ရင် အဲဒီသော့ခလောက် ဂျောက်ခနဲ ပွင့်ပြီပေါ့"

"ဟုတ်ရဲ့လား အဘပိန်ရယ်၊ သိုင်းဆရာတို့၊ နွားဆရာတို့၊ ကျောင်းဆရာတို့ပဲ ကြားဖူးပါတယ်။ အဘပိန်နဲ့တွေ့မှ သံဆရာ ရယ်လို့ ..."

"အေး ... မင်းမေးခွန်းက မေးသင့်တဲ့မေးခွန်းပဲ နွား ကျော်သောင်း၊ ငါလိုလူအတွက်ကတော့ ကျောင်းထိုင်ဆရာတော်


www.burmeseclassic.com

www.burmeseclassic.com



ကြီး ဩကာသရွတ်ရသလို ပေါ့သမှ ရွတ်ခနဲနေတာပဲ။ သံဆရာဆိုတာ သံကိုနိုင်တဲ့လူကိုပြောတာပေါ့ကွ ... တို့ရွာမှာ သံကိုလိုသလိုလုပ်နိုင်တာ ဘယ်သူရှိလဲ ..."

ဦးပိန်တူးရဲ့ တန်ပြန်မေးခွန်းကြောင့် တင်ညွန့်၊ ညိုကြီးအောင်နဲ့ နွားကျော်သောင်းတို့သုံးယောက် ခေါင်းချင်း အကြည့်ချင်းဆိုင်သွားတယ်။ ခဏနေတော့ တင်ညွန့် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ရင်း ...

"ပေါက်ပြီအဘ ... ကျွန်တော် သဘောပေါက်သွားပြီ၊ အဘပြောတာ ပန်းပဲဆရာဦးကျော်မြင့် မဟုတ်လား"

"အေးပေါ့ကွ ... မင်းတို့သော့ခလောက်ဆိုတာ ကျော်မြင့်နဲ့တွေ့ရင် ဆွေမျိုးပါမေ့သွားမယ်"

"မေ့မယ်ဆိုလည်း မြန်မြန်မေ့အောင်လုပ်မှဖြစ်မယ် အဘပိန်"

"အေးပါ ... ငါက လူကြီးဆိုပေမယ့် မင်းတို့ထက် စိတ်မြန်လက်မြန်ရှိတဲ့ ပိန်ပါ၊ ဒီနေ့ပဲ ငါ ကျော်မြင့်ဆီသွားမယ်၊ အဆင်ပြေရင် နောက်နေ့ပဲ ရိုးမထဲပြန်ဝင်ကြတာပေါ့"

ဦးပိန်တူးစကားဆုံးတော့ အပျော်တွေနဲ့အတူ ထသွားကြတယ်။ ရိုးမထဲကိုဝင်ရဖို့ သေချာပြီလေ။ ပြင်ဆင်စရာရှိတာ ပြင်ဆင်ကြရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဦးဖေကိုတို့အဖွဲ့ ဒီတစ်ခေါက် ရိုးမထဲပြန်ဝင်ရတာ အရင်တစ်ခေါက်ကလို ခြေမသွက်နိုင်ဘူး။ သေ့ပြင်ဆရာ အဖောင်ကို စောင့်စောင့်ခေါ်နေရတာကိုး။

အဖောင်က မြို့လမ်းမှာတောင် လမ်းသိပ်လျှောက်ဖြစ်တာ မဟုတ်ဘူး။ သူ့ဆိုင်မှာပဲ တစ်ရက်လုံး ထိုင်အလုပ်လုပ်နေတာပဲ။ ခုလို ရိုးမထဲလျှောက်နေရတော့ နဂိုကစေ့နေတဲ့ မျက်လုံးဆိုတာ ဖွင့်ထားမှန်း၊ ပိတ်ထားမှန်းတောင် မသိနိုင်တော့ဘူး။ ပါးစပ်ပြဲပြဲ အတင်းဟပြီး အသက်လုရှူနေလို့ပဲ မအိပ်မှန်းသိသာတာ။

ခက်တာက ဟိမဝန္တာတောင်လုံးရဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်မင်းကြီးတွေလည်း အဖောင့်ခြေထောက်ကို မြန်အောင်မဆွဲနိုင်တော့ဘူး။ "ဝက မောရင် အတာယ်စကားကိုတောင် မရဘူး၊ အီးပ‌ား" ဆိုပြီး ကြုံတဲ့နေရာထိုင်တော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ ဟိမဝန္တာတောင်လုံးက တောက်တခေါက်ခေါက်နဲ့ မျက်စောင်းလှမ်းလှမ်းထိုးတယ်။ ဒီပုံအတိုင်းဆိုရင် နှစ်ရက်ခရီးဟာ လေးရက်ခရီးဖြစ်တော့မှာကိုး။

"ဟိတ်ကောင် ... လူဖြူကောင်၊ မင်း ယောက်ျားဖြစ်ပြီးတော့ ဒါထက်ပိုမြန်အောင် မလျှောက်နိုင်ဘူးလား"

"အာ ... ဝက လူဖြူကောင်ဟုတ်ဖူးလေ ... ဆွေမျိုး ... ဆွေမျိုး ... ဝမှာ နာမည်ရှိလယ် ... အဖောင်တဲ့၊ အဖောင်လို့ မခေါ်ချင်ရင် ပေါက်ဖော်လို့ခေါ် ဖြစ်တာပဲ ..."

"နည်းနည်းသည်းခံလိုက်ပါ ဟိမဝန္တာရယ် ... သူက မင်းတို့ ငါတို့လို တောထဲတောင်ထဲ မဝင်ဖူးတော့ ပင်ပန်းမှာပေါ့"

ဦးဖေကို ငြိမ်းချမ်းရေး ဝင်လုပ်ပေးတယ်။ သူတို့အတွက် ဟိမဝန္တာတောင်လုံးက အရေးကြီးနေသလို တရုတ်အဖောင်လည်း အဓိကကျနေတာပဲ။ တရုတ်အဖောင် လှည့်ပြန်သွားမယ်ဆို ဝင်ပန်းခဲ့သမျှတွေ အရာမထင်ဘဲ ထိုင်ကြည့်နေရမှာ။

"ကျုပ်က စိတ်မြန်လက်မြန်ဗျ၊ သွားစရာရှိသွား၊ လုပ်စရာရှိ လုပ်လိုက်ချင်တာပဲ"

"အီးယား ... အဲလိုရဘူးလေ၊ ဝတို့အလုပ်ကျတော့ စိတ်ရှည်ရတယ်၊ စိတ်ရှည်နိုင်လေ ... ဖြည်းဖြည်းလုပ်နိုင်လေ၊ အကျိုးရှိလေပဲ"

"အဲလိုဆို ... ကန်တော့ပွဲပြင်ပြီး နတ်ဝင်သည်သာ လုပ်လိုက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"အား ... မင်း ... ဘာစကားပြောတာလဲ ... ဝတို့ရိုးရာသိုင်းပညာက လူတစ်ယောက်ကို တစ်ရက်နဲ့ သေစေချင်သလား၊ နှစ်ရက်နဲ့သေစေချင်သလား ရတယ်၊ ဒုက္ခိတဖြစ်အောင်လည်း လုပ်လို့ရတယ် ... ဘာမှတ်လဲ ..."

"အောင်မာ ... ငါ့ဒူးလေးနဲ့တွေ့လိုက်လို့ တစ်စွေ့တောင် မခုန်နိုင်ဖြစ်သွားမယ်"

"တော်ကြပါတော့လကွာ ... သေတ္တာကြီး သော့ဖွင့်ပြီးမှပဲ မင်းတို့အစွမ်းအစတွေပြတော့၊ ခုတော့ မြန်မြန်လေးလျှောက်ကြမယ်၊ သိပ်မကြာခင် ရောက်တော့မှာမဟုတ်လား"

ဦးဖေကိုက ဟိမဝန္တာတောင်လုံးကျောကို ပွတ်ပွတ်ချော့ပြောရင်း သေတ္တာဘက် မြားဦးလှည့်ပေးတယ်။ အဖောင် သိုင်းကွက်ခင်းတာ ဘယ်လောက်မြန်မယ်မှန်းတော့မသိဘူး။ ဟိမဝန္တာတောင်လုံး ဒူးလေးပစ်ချက်ကတော့ မုဆိုးပီပီ မျက်တောင်တစ်ခတ်ပဲ။ တော်ကြာ ... သေတ္တာမဖွင့်ရဘဲ အချုပ်ခန်းဖွင့်ရပြီး တရားခံထဲ ပါသွားမှာ။

အဖောင်လည်း စိတ်ဆိုးမာန်ဆိုး ပြောလိုက်ရလို့လားတော့ မသိဘူး။ လမ်းလျှောက်တာမြန်လာတယ်။ အတက်ခရီးတွေမှာကျတော့ ဗလနဲ့ ပေါက်စကလည်း အဖောင်ကို တွဲခေါ်ကြပါတယ်။

နောက်ထပ် ၄ နာရီလောက် ခရီးပြင်းပြင်းနှင်လိုက်တာ သူတို့ သေတ္တာမြုပ်ထားတဲ့နေရာကို ရောက်လာတယ်။ ဟိမဝန္တာတောင်လုံးက သေတ္တာမြုပ်ထားတဲ့နေရာက ပွနေတဲ့မြေကြီးတွေကို ကြည့်ပြီး နှာခေါင်းတရှုံ့ရှုံ့လုပ်တယ်။ ပြီးတော့မှ ...



www.burmeseclassic.com

www.burmeseclassic.com


"ဟာ ... ဦးအိဖေကို ... ခြေရာလက်ရာပျက်နေသလိုပဲ"

"စိတ်ထင်လို့ဖြစ်မှာပါ မုဆိုးကြီးရာ၊ တောနက်တော့ တောကောင်တွေဘာတွေ သွားထားလို့လည်း ဖြစ်နိုင်တာပဲ၊ ပေါ့ကောင်တွေ မြန်မြန်တူးကြစမ်း"

ဦးဖေကိုဆီက အမိန့်သံကြားတာနဲ့ ဗလုနဲ့ပေါက်စလည်း ယူလာတဲ့ပစ္စည်းတွေနဲ့ မြေကို တူးတော့, ဆွတော့တာပဲ။

အချိန်ကြာလာတာနဲ့ မြေကြီးကိုစိုက်ကြည့်နေတဲ့ သူတို့ မျက်လုံးတွေ ပိုပိုပြူးလာတယ်။ တကယ်မြုပ်ထားတုန်းက မြေကြီး အောက် တစ်တောင်လောက်ပဲရှိပါတယ်။ ခု ... တူးနေတာက နှစ်တောင်တောင် မကတော့ဘူး။

"ဟေ ... ဒါ ... ဒါ ... ဘယ်လိုဖြစ်သွားရတာတုန်း..."

ဦးဖေကို ကျိတ်မနိုင် ခဲမရ လေသံကြီးနဲ့ ပြောတယ်။ မြေကြီးတူးနေတဲ့ ဗလုက ကွက်ခနဲ မော့ကြည့်ပြီး ...

"ကျွန်တော်ကြားဖူးတာတော့ ပစ္စည်းဆိုတာ မရထိုက်ရင် အဲလိုပြောင်းသွားတတ်တယ်တဲ့ ဆရာကြီး"

"ငါ့လခွီး ... ပစ္စည်းက ခြေထောက်ပေါက်ပြီး ပြောင်းစရာ မရှိဘူး၊ ဒါ ... တစ်ကောင် ... ကောင် သစ္စာဖောက်တာပဲ"

"ကျုပ်ပြောပါပကော ... ခြေရာလက်ရာပျက်နေပါတယ်လို့ ရိုးမတောကို တိုးလျှိုပေါက်သွားနေတဲ့ တောင်လုံးပါ၊ ဘာပျက်ရင် ဘာဖြစ်တယ်ဆိုတာကစ အကုန်သိတယ်"

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ဟိမဝန္တာတောင်လုံးက မိန့်မိန့်ကြီးပြုံးပြီး သမားဂုဏ် ဝင်ပြနေသေးတယ်။ ဦးဖေကိုဆိုတာ မြေစာပုံတွေပေါ် လျှောက်ပြေးနေတာ ရှုးသွားမှာတောင် ကြောက်ရတယ်။ သစ္စာဖောက်ဆိုတဲ့ အသံကြားတော့ ဗလုနဲ့ပေါက်စ လက်ထဲက ပေါက်တူးတောင် လွတ်ကျသွားတယ်။

"ဟို ... ဟို ... ဆရာကြီး ... ကျွန်တော်တို့တော့ ဆရာကြီးနဲ့အတူ ... တူရှိနေတာပါ ..."

"ဦးဖေကို ... ဒီကိစ္စမှာ ဝတော့ အရှင်းကြီးနော် ... သော့မဖွင့်ရလည်း ဒီတောထဲလိုက်လာတဲ့အတွက် ဝကို နစ်နာကြေးပေးရမယ်"

"အေးပါလကွာ ... ဒီဘိန်းမစားတဲ့ တရုတ်ကလည်း တစ်မျိုး ... ဒီကိစ္စကို သစ္စာဖောက်တာ ရွာမှာကျန်ခဲ့တဲ့ ညီကြီးပဲ ဖြစ်ရမယ် ... တောက် ... တွေ့ကြသေးတာပေါ့ ..."

"တွေ့ကြမယ်ဆိုလည်း ရွာကို မြန်မြန်ပြန်မှဖြစ်မယ် ဆရာကြီး ... ပစ္စည်းရပြီးရင် ညီကြီးလည်း ရွာကပြေးသွားနိုင်တယ်"

"အေးပါ ... ပေါက်စရာ၊ ဒါပေမဲ့ ... ဒီကောင်တစ်ယောက်တည်းတော့ မဖြစ်နိုင်ဘူး၊ တို့တောင် သေတ္တာကို နှစ်ယောက်အင့်အင့်အဲအဲ ထမ်းရတာမဟုတ်လား"

"ဟုတ်တယ် ... ကျုပ်လည်း ဒီအချက်ကိုတွေးမိတယ်၊ နောက်ပြီး ... ဒီကောင်တွေလည်း ကျုပ်တို့လို သော့ဖွင့်ဖို့ အခက်အခဲရှိမှာပဲ၊ ဒီတော့ ... သေတ္တာကြီးကို တောထဲမှာပဲ ပြန်မြုပ်ထားပြီး သော့ဖွင့်ဖို့စီစဉ်နိုင်တယ်"

---

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com


ဟိမဝန္တာတောင်လုံးရဲ့ အချက်ကျကျပြောစကားကြောင့် ဦးဖေကို တွေ့ခနဲ တစ်ချက်ဖြစ်သွားတယ်။ ဟုတ်တယ် ... မြန်မြန် သွက်သွက် လှုပ်ရှားနိုင်ရင် ဒီကောင်တွေကို တောထဲမှာတင် ပြန်အုပ် မိနိုင်တယ်။ ဒါပေမဲ့ ... ခက်တာက ရိုးမထဲလိုက်ရှာဖို့ဆိုတာက ဝင်လယ်ကို အိုင်ပက်သလို ဖြစ်နေမှာပဲ။

"အင်း ... ဟိမဝန္တာမုဆိုးကြီးပြောတာတော့ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ... ဒီတောတွေ တောင်တွေအနှံ့ ကျုပ်တို့က ဘယ်လို လိုက်ရှာမှာလဲ"

"ဟား ... ဟား ... ကျုပ်ပြောပြီးပါပြီကော ... ဒီလောက်မှ မပိုင်ရင် ဟိမဝန္တာဆိုတဲ့ဘွဲ့ကို ခံထားစရာမှမလိုတာ၊ ဟောဒီ ရိုးမ ကြီးကို ဆန္ဒရှိမယ်ဆို မှောက်လို့လှန်လို့ရတယ်လေ ... သေတ္တာကို ယူသွားရိုးမှန်ရင် ဒီတောထဲပြန်လာရမှာပဲ ... ဒီတောထဲလာရင် ကျုပ်လက်ကမလွတ်ပါဘူး ... စောင့်ရလှ တစ်ရက်ပေါ့လေ ..."

"ဖြစ်တယ် ... သေတ္တာသာပြန်ရမယ်ဆိုရင် တစ်သက် စောင့်ဆိုလည်း စောင့်မယ် ..."

ဦးဖေကိုရဲ့ အံကြိတ်ကြုံးဝါးသံအောက်မှာ ခေါင်းတွေ တစ်မတ်ပြန်ထောင်လာကြတယ်။ အဖောင်ကလွဲလို့ပေါ့။ သူက သော့ခလောက်နဲ့ပဲ ပတ်သက်တာဆိုတော့ သေတ္တာကြီးတွေ့လည်း သူကြီးထည်ကြီး မျှော်လင့်စရာအကြောင်းမရှိဘူးလေ။ သူ့အတွက် က မတွေ့ရင်တောင် ပိုပြီးသက်သာလိမ့်ဦးမယ်။

**သိမ့်ထိုက်စာပေ**

www.burmeseclassic.com

www.burmeseclassic.com

ဟိမဝန္တာတောင်လုံးရဲ့ စိတ်တွင်းဟာ နောက်နေ့မနက်တင် အကျိုးရှိလာတယ်။ ဦးပိန်တူးတို့တွေ မနက်စောစောရောက်ပြီး သေတ္တာကြီးဖော်ကြတယ်လေ။ ပထမ သေတ္တာမြှုပ်တဲ့နေရာနဲ့ တော်တော်လှမ်းတယ်ဆိုပေမယ့် အမြင့်ဆုံးသစ်ပင်ထိပ်က တက်ကြည့်နေတဲ့ ဟိမဝန္တာတောင်လုံးက ကွင်းကွင်းကွက်ကွက် မြင်နေရတယ်။

ဟိမဝန္တာတောင်လုံး အချက်ပြထားလို့ သစ်ပင်အောက်မှာ စောင့်နေတဲ့ ဦးဖေကိုတို့တွေလည်း သိနေပြီ။ အချိန်အခါကောင်းကို စောင့်ရင်း လိုအပ်ရင်အသုံးပြုဖို့အတွက် လေးဂွနဲ့ ဖန်ဂေါ်လီတွေကို အသင့်ပြင်ထားတယ်။

ဦးပိန်တူးတို့ကတော့ အောင်နိုင်သူအပြုံးတွေနဲ့ ခွေး တလုံးလုံးကျအောင်အထိ လှုပ်ရှားနေတယ်။

"ကဲ ... ကျော်မြင့်၊ မင်းဖွင့်ရမှာက အဲဒီသော့ခလောက်ပဲ ဖွင့်ကောဖွင့်နိုင်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးပိန်တူး မခံချင်ဖြစ်အောင် စိတ်ကိုဆွရင်း ဦးကျော်မြင့်ကို မေးဆတ်မေးလိုက်တယ်။

"ဒီမှာ ... ကျော်မြင့်ဆိုတဲ့ကောင်ဘဝမှာ မဖြစ်နိုင်ဘူးဆိုတာလည်း မရှိဘူး၊ မဖြစ်သေးတာလည်း မရှိဘူး၊ အားလုံးဖြစ်တယ်၊ မင်းသေ့ခလောက် ငါ့သံဖြတ်ဆောက်နဲ့တွေ့ရင်စာတိပါမေ့သွားစေရမယ်"

ဦးကျော်မြင့်က မြှောက်ပေးရင် ချွေးထွက်အောင်တောင်လုပ်တဲ့လူမျိုး။ ဒီလိုများ နှိမ်သလိုလိုပြောလို့ကတော့ ဆောက်နဲ့ခွင့်လို့မရတောင် ပါးစပ်နဲ့ ရအောင်ကုန်းကိုက်မှာ။ ပြောပြီးတာနဲ့အသင့်ယူလာတဲ့ ဆောက်နဲ့တူကိုယူပြီး စ,ဖြတ်တော့တယ်။

ဦးကျော်မြင့် ပြောတုန်းကတော့ ပေါ့ခနဲနေပေမယ့် တကယ်ဖြတ်တော့ အဲလောက်မလွယ်ဘူး။ ဆောက်တစ်လက်လည်းအသွားကုန်၊ လူလည်း လက်ပန်းခြေပန်းကျနေတာတောင် သော့ခလောက်အပေါ်ကိုင်းက တစ်ဝက်ကျော်အောင် မပြတ်နိုင်သေးဘူး။

ဒါပေမဲ့ ဒီလိုအားစိုက်ရတဲ့အလုပ်ကျတော့ ညိုကြီးအောင်က လက်ကူရတယ်။ အပိုပါလာတဲ့ဆောက်ကိုယူပြီး ဦးကျော်မြင့်နားနေတုန်း တဒိုင်းဒိုင်းထုနေတာ။

ဆောက်နှစ်လက်မကုန်ခင် လူနှစ်ယောက်မပန်းခင်မှာပဲသော့ခလောက်ကိုင်း ချွမ်းခနဲပြတ်ပြီး ပွင့်သွားတယ်။ လူငါးယောက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရ ထအော်လိုက်တဲ့အသံကြီးဟာ ရိုးမတောထဲမှာ ပဲ့တင်သံလှိုင်ထွက်သွားရော။ နော့ စိတ်လွတ်ကိုယ်လွတ် ဖြစ်နေကြတာကိုး။

"ဟော့ကောင်တွေ ... မင်းတို့ တစ်ကောင်မှမလှုပ်နဲ့ ..."

အားအပြည့် မာန်အပြည့်နဲ့ အော်ဟစ်အမိန့်ပေးလိုက်သံကြီးကြောင့် သေတ္တာကို အားပါးတရဖွင့်မယ်လုပ်နေတဲ့ ဦးပိန်တူးတို့တွေ ဆတ်ခနဲ တွန့်သွားတယ်။ လှည့်ကြည့်လိုက်တော့ မိန့်မိန့်ကြီးပြုံးရင်း ခါးကိုလက်ထောက်ပြီး အမိန့်ပေးနေတဲ့ ဦးဖေကို၊ တကယ်တမ်း ဒူးလေးနဲ့ချိန်ထားတာတော့ ဟိမဝန္တာတောင်လုံးပေါ့။

"ဟင် ... ဖေ ... ဖေကို ..."

"အေး ... ဟုတ်တယ်၊ ပိန်တူးရာ မင်းလူလည်သက်နုပါသေးတယ်၊ အီဖေကိုကွ ... အီဖေကို ... မင်းက လုံးကြီးလာတင်ရင် ငါက ဝတ်ဆံခတ်ပြလိုက်မယ်"

"အောင်မာ ... မင်း ဘာတွေလာပြောနေတာလဲ၊ ငါတို့ပစ္စည်း ငါတို့လာယူနေတာ မင်းနဲ့ဘာဆိုင်လို့လဲ"

ဦးပိန်တူး တစ်ချက်မို့ ကြောင်သွားပေမယ့် ချက်ချင်း သတိပြန်ဝင်လာတယ်။ ဒီလောက်ကြိုးစားလို့ သော့ပွင့်ပြီးမှ လွယ်လွယ်နဲ့ ဘယ်အလျှော့ပေးနိုင်မှာလဲ။

"ဘာ ... ငါတို့ပစ္စည်း ... ဟုတ်လား၊ သစ္စာဖောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းပြီး သူများပစ္စည်း ကိုယ့်ပစ္စည်းလုပ်ချင်တဲ့ကောင်တွေ ... ဘယ်မှာလဲညီကြီး"

"မင်း ... လောဘဇောတက်ပြီး ပြောချင်တာလျှောက်ပြော မနေနဲ့၊ ညီကြီးလည်း ငါမသိဘူး၊ ညီလေးလည်း ငါမသိဘူး၊ ဒီသေတ္တာဟာ ငါ့သေတ္တာ ... ငါ ... ဒါပဲသိတယ်"

"တောက် ... ရာရာစစ၊ ရှင်ဘုရင့်ပွဲတော်အုပ် သူတောင်းစားဝင်တုပ်ရတယ်လို့ ... မင်း သေတ္တာကိုယူဖို့တော့ထား၊ စိတ်နဲ့တောင် မပြစ်မှားနဲ့ ..."

"ငါ့ပစ္စည်း ငါ လက်နဲ့ပဲပြစ်မှားမှား၊ ခြေထောက်နဲ့ပဲ ပြစ်မှားမှား မင်းနဲ့ဘာဆိုင်လဲ ... ဖွင့်တယ် ... ဘာဖြစ်လဲ"

ဦးပိန်တူး ပြောပြီးတာနဲ့ သေတ္တာကိုဖွင့်ဖို့ အဖုံးကို ကောက်မတယ်။ ဦးဖေကိုတို့တွေ ကပျာကယာ ရှေ့တိုးလာတယ်။

"ဟိတ် ... လူ ... ကျုပ်ပစ်လိုက်မှာနော် ... သေတ္တာကို မထိနဲ့ ..."

ဟိမဝန္တာတောင်လုံးက ဒူးလေးကို ပိုမြင်သာအောင် ထိုးပြပြီး လှမ်းဟန့်တယ်။ ဦးပိန်တူးက အပြုံးတောင်မပျက်ဘူး။ သေတ္တာကို ဖွင့်လိုက်ရင်း ...

"အေး .. မင်း ငါ့ကိုပစ်ရင် လူသတ်မှုနဲ့ တစ်ကျွန်းရောက်သွားမှာပေါ့၊ ဖေကိုဆိုတဲ့ကောင်က ဝေစုတစ်စုလျော့တယ်ဆိုပြီး မင်းအတွက် ကျိတ်ဝမ်းသာနေဦးမှာ ..."

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ငါတို့အချင်းချင်းကို မိန်းမဉာဏ်သုံးပြီး ဝင်သွေးမခွဲနဲ့ ... မင်းတို့ကောင်တွေကိုသတ်ပြီး ဒီရိုးမထဲမှာ ပစ်ထားရင် ဘာအမှုမှ ပေါ်စရာမရှိဘူး၊ အချိန်တန် တောကောင်စားတာနဲ့ အလောင်းပါပျောက်သွားလိမ့်မယ်"

"ဟို ... ဟို ... တစ်ယောက်နဲ့တစ်ယောက် သွေးထွက်သံယိုကိစ္စတွေ မပြောကြပါနဲ့ဗျ ... တစ်ရွာတည်းသားတွေ ညှိညှိနှိုင်းနှိုင်းလုပ်ကြပါ"

နွားကျော်သောင်းက အသံတုန်တုန်ရီရီနဲ့ ဝင်ပြောတယ်။ ဒီကောင်က ဟိမဝန္တာတောင်လုံးနဲ့ ဒူးလေးကို မြင်ကတည်းက ကျင်ငယ်ရည်တွေ ထွက်ကျနေပြီလေ။

တကယ်တမ်းပြောရရင် ဦးဖေကိုရဲ့တပည့်နှစ်ယောက်ဖြစ်တဲ့ ဇလုနဲ့ပေါက်စလည်း လေးငွကိုင် ချိန်သာချိန်နေရတာ လက်တုန်နေပြီ။ လူတော့ထား ကြက်တောင် ကိုယ်တိုင်ကိုယ်ကျ သတ်ဖူးတာမဟုတ်ဘဲ။

"ဟော့ကောင် ... နွားကျော်သောင်း၊ မင်းက ဝင်ပြီး မိကျောင်းမင်း ရေခင်းပြနေစရာမလိုဘူး၊ မင်းတို့ပါသေရမယ် စိတ်ချ"

"အား ... ဝပြောမယ်၊ အီးအီးဆေးဆေး တောင်းယူစမ်းပါ ... လူသတ်တယ်ဆိုတာ ... ဘုရားလည်းမကြိုက်ဘူး ... ငလည်း မကြိုက်ဘူး ..."

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တရုတ်အဖောင်က ဦးဖေကိုပခုံးကိုပုတ်ပြီး ဝင်ပြောတယ်။ သတ်တယ်ဖြတ်တယ်၊ ထိုးတယ်ခုတ်တယ်ဖြစ်ရင် အားလုံးမလွှတ်တော့ဘူးလေ၊ အမှန်ပြော ကြောက်တာပေါ့။

ဦးဖေကိုရဲ့ ထန်နေတဲ့မျက်နှာ နည်းနည်းတော့ ပျော့သွားတယ်။ ပြန်တွေးလိုက်ရင် သူ့တပည့်တွေအကြောင်းလည်း သူသိတယ်။ သူ့အကြောင်းလည်း သူသိတယ်။ နူတ်ထက်သလောက် လက်မသွက်ဘူး။

"ကဲ ... ဖေကို၊ မင်းဘာမှလျှောက်ပြောမနေနဲ့တော့၊ ဒီသေတ္တာထဲကပစ္စည်းတွေကို အညီအမျှခွဲပြီး တစ်ယောက်တစ်ပုံယူလိုက်ပြီးတာပဲ၊ ဒါဆို နတ်လည်းကြိုက်တယ်၊ လူလည်းကြိုက်တယ်၊ ဒါ ... တကယ့်ကို တောစည်း၊ တောကမ်းပဲ ..."

"အိမ်း ... ဒါတော့ဟုတ်တယ်ဗျို့၊ ကျုပ်တို့ စုပေါင်းအမဲလိုက်ရင်လည်း ဒီအတိုင်းပဲ"

ဦးကျော်မြင့်ရဲ့စကားကို ဟိမဝန္တာတောင်လုံးက ထောက်ခံလိုက်တယ်။ ဟိမဝန္တာတောင်လုံးတောင် ဒူးလေး မောင်းပြန်ဖြုတ်တော့ ဦးဖေကိုလည်း စိတ်ပျက်လက်ပျက်နဲ့ ဦးကျော်မြင့်အစီအစဉ်ကို လက်ခံလိုက်ရတာပဲ။

အားလုံး ညီညွတ်သွားပြီဆိုတော့ ခေါင်းချင်းဆိုင်ပြီး ဖွင့်နေတဲ့သေတ္တာကို ငုံ့ကြည့်လိုက်တယ်။ သူတို့မျှော်လင့်ထားသလို



www.burmeseclassic.com

www.burmeseclassic.com



တပြိုးပြိုး တပြက်ပြက် အရောင်လက်နေတဲ့ ရွှေတုံးရွှေခဲတွေလည်း မဟုတ်ဘူး။ ဝါစိမ်းပြာနီ အရည်ကြည်လဲ့နေတဲ့ ကျောက်သံပတ္တမြားတွေလည်း မဟုတ်ဘူး။ ဝါကျင်ကျင် အရောင်သမ်းပြီး ဆွေးမြေ့လုလု စာရွက်တွေပဲ။

"ဟင် ... ဒါ ... ဒါ ..."

ဦးဖေကို အသံတွေတုန်ပြီး ဘာဆက်ပြောရမှန်း မသိဘူး။

"ဟို ... ဟို ... ရတနာသိုက်မြေပုံများလား ... ဒီလောက်ခက်ခက်ခဲခဲ သယ်လာတာဆိုတော့ အချည်းနှီး မဟုတ်လောက်ဘူး"

ဦးပိန်တူးက မျှော်လင့်ချက်မကုန်နိုင်သေးတဲ့ လေသံနဲ့ ဝင်မှတ်ချက်ပေးတယ်။ ဦးကျော်မြင့် စာရွက်တစ်ရွက်ကို ဖွဖွလေးကိုင်ယူကြည့်တယ်။ အကောက်ကောက် အကွေးကွေးနဲ့ ဘာရေးထားမှန်း မသိဘူး။ နောက်ဘက်လှည့်ကြည့်လိုက်တော့ တရုတ်အဖောင်က ခေါင်းခါပြတယ်။ ကျန်တဲ့လူတွေလည်း သူ့ထက်ငါ အပြိုင်ခေါင်းပဲကုပ်နေတယ်။ ဟိမဝန္တာတောင်လုံးကတော့ ပိုရှုံးတယ်။ လှည့်ကိုမကြည့်ဘူး။ ပြီးရောပေါ့။



www.burmeseclassic.com

www.burmeseclassic.com

မူလတန်း တွဲဖက်ကျောင်းဆရာလေး စည်သူနေမျိုးက စာရွက်တွေကို ဆုံးအောင်ဖတ်ပြီးတော့ အူလှိုက်သည်းလှိုက် ရယ်တယ်။ ဦးဖေကိုနဲ့ ဦးပိန်တူးက ငေးကြောင်ကြောင်မျက်လုံး တွေနဲ့ ကြည့်ရင်း ...

"ဟင် ... ဆရာလေး ... ဘာ ... ဘာဖြစ်လို့လဲ"

"အင်္ဂလန်နိုင်ငံမှာကျန်ခဲ့တဲ့မိန်းမက မြန်မာပြည်မှာ တာဝန် ထမ်းဆောင်နေတဲ့ သူ့ယောကျ်ားဆီကို ရေးပို့လိုက်တဲ့ စာတွေဗျ ... အဲ ... ခင်ဗျားတို့ထင်သလို နောက်ဆုံးစာရွက်မှာတော့ ရတနာ အကြောင်းပါတယ် ..."

"အိမ် ... ဒါ ... ဒါဆိုလည်း အရင်းမရှုံးပါဘူး ... အဲ ... အဲဒီ ... ရတနာအကြောင်း ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေကိုက ရေနစ်နေတဲ့အတူတူဆိုပြီး ကောက်ရိုးတစ်မျှင် ဖမ်းဆွဲလိုက်တယ်။ စီးပွားရေးအတွက် ဆေးတစ်ခွက်ပေါ့လေ။

"သူ့မှာ သားဦးရတနာလေးမွေးထားပြီတဲ့ ... ဒါကြောင့် ... ဒါလင် အင်္ဂလန်ကို အမြန်ဆုံးပြန်လာနိုင်အောင် ကြိုးစားပါတဲ့ ... ခင်ဗျားတို့ ရတနာလိုချင်ရင်တော့ အင်္ဂလန်ရောက်အောင် လိုက်ပေတော့ဗျို့"

ဦးဖေကိုနဲ့ ဦးပိန်တူးခမျာ ဆရာလေးစည်သူနေမျိုးကို တောင် နှုတ်မဆက်ခဲ့နိုင်ဘူး။ တစ်ယောက်ပခုံး တစ်ယောက်ဖက်ပြီး ငိုက်စိုက်ငိုက်စိုက်နဲ့ အိမ်ပေါ်ကဆင်းသွားကြတယ်။

အရင်က ပြိုင်ဖက်ကွေ့ပီပီ တစ်ယောက်ကိုတစ်ယောက် ကြည့်မရပေမယ့် ဇာတ်သိမ်းတော့ ချစ်လိုက်ကြတာလို့ မတွေးနဲ့။ အဲဒီလိုဖက်မထားရင် နှစ်ယောက်စလုံး လဲကျတော့မှာ...။

သိမ့်ထိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ရခိုင်ရိုးမတောင်ခြေရှိ ရွာကြီးတစ်ရွာမှာ ကလေးတွေဟာ အောက်ပါအတိုင်း အော်ဟစ်ပြီး ကစားနေကြပါတယ်။

“ချစ်သေတ္တာကြီး ချာချာလည်
ဂေါ်လီပစ်တမ်းကစားမယ် ...
ချစ်သေတ္တာကြီး ချာချာလည်
ဖန်ဂေါ်လီပစ်တမ်းကစားကြမယ် ... ”

ကြည်နူးကျေနပ်နိုင်ပါစေ၊

တင်မြင့်ဦး

သိမ့်ထိုက်စာပေ

www.burmeseclassic.com